# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝတ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၅၁)


# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များနှင့် ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**တက်ရောက်ကြည်ညို**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရည်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❁



ဆရာတော်ထံ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

## မြန်မာနှင့်ကိုရီးယားသမ္မတနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့်လွှတ်တော်ချင်း ခိုင်မာစွာ ဆက်သွယ်ဆောင်ရွက်ရေး ဆွေးနွေး

စာမျက်နှာ » ၇

## ရဲဝံ့စွာ ပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်သော ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း

စာမျက်နှာ » ၉

## ရေဆိုးများကို သမုဒ္ဒရာထဲသို့ စွန့်ထုတ်ခဲ့သည့်အတွက် ပက်ထရိုဘရက်စ်ရေနံကုမ္ပဏီက ဘရာဇီး ငွေသန်း ၁၀၀ ဒဏ်ကြေးပေးဆောင်ရ

စာမျက်နှာ » ၁၄


KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017

မြန်မာ့အလင်း

# နယ်ချဲ့အင်အားစုတို့၏ သွေးရူးသွေးတန်းလုပ်ရပ်

ကွန်ဖရင့်ဟုခေါ်သော ဆွေးနွေးပွဲ၏အမည်ကမြန်မာလူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ကွန်ဖရင့် **(The Berlin Conference on Myanmar Genocide)**။ ကွန်ဖရင့်အမည်ကို ကြည့်ရုံမျှဖြင့် ကြိုတင်ချပြီးသော ဆုံးဖြတ်ချက်တစ်ရပ်အတွက် ပွဲခင်းဟန်ရေးပြသော ကွန်ဖရင့်မှန်း သိသာပါသည်။ ဤကွန်ဖရင့်အတွက် ထုတ်ပြန်သော ကြေညာချက်၌ "ဤကွန်ဖရင့်သည် မြန်မာနိုင်ငံတွင် ဘင်္ဂါလီမျိုးနွယ်(မူရင်း၌ ၎င်းတို့၏ စိတ်ကြိုက်အမည်ကို ရည်ညွှန်းဖော်ပြထားသည်) တို့အား လူမျိုးတုံးသတ်ဖြတ်လျက်ရှိသည်ကို ဂျာမန်လူမျိုးအဖွဲ့အစည်းနှင့် ဥရောပပြည်သူတစ်ရပ်လုံးအား အသိပေးရန် ရည်ရွယ်သည်" ဟု အတိအလင်းဖော်ပြထားပါသည်။

"ကုလသမဂ္ဂခုံအဖွဲ့ကသာ လူမျိုးတုံးသတ်ဖြတ်မှု ပြစ်မှုမြောက်သည်၊ မမြောက်သည်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟူသော အမြင်အား ဤကွန်ဖရင့်က ပြတ်ပြတ်သားသားပယ်ချပါသည်"ဟု အဆိုပါကြေညာချက်၌ ဆိုလိုက်ပါသေးသည်။ အဆိုပါ ကွန်ဖရင့်၏ အဓိကအဖွင့်မိန့်ခွန်းပြောမည့် ပုဂ္ဂိုလ်တစ်ဦးမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ပါမောက္ခ ယန်ဟီးလီဖြစ်ပါသည်။ ပါမောက္ခ ယန်ဟီးလီက ရခိုင်ပြည်နယ်အရေးအပေါ် တစ်ဖက်သတ် အဆိုးအမြင်ရှိသည်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် တရားမျှတမှုကိုလိုလားသော ကမ္ဘာ့ပြည်သူတို့က သိရှိပြီးဖြစ်ပါသည်။ ဤကွန်ဖရင့်၏ ဆွေးနွေးပွဲစကားဝိုင်းတစ်ခု၌ ပြောဆိုမည့်သူများတွင် အမည်ဆန်းတပ် ဘင်္ဂါလီဥရောပကောင်စီမှ **Dr. Ro Hla Kyaw** နှင့် ဗြိတိန်အမည်ဆန်းတပ်ဘင်္ဂါလီအဖွဲ့ဥက္ကဋ္ဌ **Ro Tun Khin** ဆိုသူတို့လည်း ပါဝင်သည်ကို တွေ့ရပါသည်။ အဆိုပါ ဆွေးနွေးပွဲစကားဝိုင်းတစ်၏ အမည်က "အမည်ဆန်းတပ် ဘင်္ဂါလီတို့က ၎င်းတို့၏ အကြောင်းကို ကိုယ်တိုင်တင်ပြခြင်း"။

ဤကွန်ဖရင့်၏ အဓိကဆွေးနွေးပွဲစကားဝိုင်းမှာ "လူမျိုးတုံးသတ်ဖြတ်ခြင်း" ဖြစ်သည်။ ဤစကားဝိုင်း၌ ပါဝင်ဆွေးနွေးမည့် ပုဂ္ဂိုလ်များထဲ၌ မောင်ဇာနည်ဆိုသူလည်းပါဝင်ပါသည်။ မောင်ဇာနည်နှင့် **Ro Tun Kyi** ဆိုသူတို့မှာ ရခိုင်ပြည်နယ်၌ အမည်ဆန်းတပ် ဘင်္ဂါလီမျိုးနွယ်တို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုအား ကုလသမဂ္ဂနှင့် ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့တို့၏ ကာကွယ်စောင့်ရှောက်မှုဖြင့် ထူထောင်ရမည်ဟု တောင်းဆိုနေသူများဖြစ်ပါသည်။ တိကျသော စကားဆိုရပါက မောင်ဇာနည်နှင့် **Ro Tun Kyi** ဆိုသူတို့သည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နယ်မြေကို ဖဲ့ထုတ်ယူရန် အရှက်မရှိ ကြိုးပမ်းနေသူများဖြစ်ပါသည်။ ဤသို့သော ဝိသေသလက္ခဏာတို့နှင့် ပြည့်စုံသော ဘာလင်နယ်ချဲ့ကွန်ဖရင့်က မြန်မာကိုယ်စားလှယ်အဖွဲ့၏ တက်ရောက်ဆွေးနွေးခွင့်ကို ပယ်ချလိုက်ခြင်းသည် ကြိုတင်ကြံစည်ကြိုးပမ်းထားသည့် နယ်ချဲ့လှုံ့ဆော်ရေးကြိုးပမ်းမှုတို့ကို ဒရောသောပါး ကာကွယ်လိုက်ခြင်းသာဖြစ်ပါသည်။

မြန်မာနိုင်ငံအကြောင်း ဆွေးနွေးမည်ဆိုသော ကွန်ဖရင့်၌ မြန်မာတိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်အဖွဲ့အား တက်ရောက်ဆွေးနွေးခွင့် ပယ်ချခဲ့ခြင်းသည် မရိုးသားမှုတို့ကို တိုးလျှိုပေါက် အတိုင်းသားဖော်ပြလိုက်ခြင်းသာဖြစ်ပါသည်။ ဆိုင်ရာဆိုင်ရာအဖွဲ့အစည်းတို့က ၎င်းတို့၏ အမြင်သဘောထားတို့ကို လွတ်လပ်ပွင့်လင်းစွာညှိနှိုင်းဆွေးနွေးနိုင်မှသာ ကွန်ဖရင့်ဟုခေါ်ဆိုနိုင်မည် ဖြစ်ပါသည်။ ကွန်ဖရင့်ဟု အမည်ပေးထားသော ဤဟန်ရေးပြလုပ်ပြဇာတ်ကြီးသည် မြန်မာတိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ သွေးစည်းညီညွတ်မှုအပေါ် နယ်ချဲ့အင်အားစုတို့က သွေးရူးသွေးတန်းတုံ့ပြန်လိုက်ခြင်းသာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မီးဘေးရှောင် မလောင်ခင်တား ညီနောင်သားချင်းများ

## ဦးကိုကိုရှိန် အား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုရှိန် အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## ဒေါ်အိအိခင်ဇေ အား တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဒေါ်အိအိခင်ဇေ အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော်  ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသည် Mr. Daniel Patrick Brendon Chugg အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူပြီးဖြစ်သည်။

Mr. Daniel Patrick Brendon Chugg သည် ၁၉၉၈ ခုနှစ်တွင် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးသို့ ဝင်ရောက်ခဲ့သည်။ ယင်းနောက် ၂၀၁၅ ခုနှစ်အထိ ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးနှင့် ဟောင်ကောင်မြို့ရှိ ဗြိတိန်ကောင်စစ်ဝန်ချုပ်ရုံး၊ နယူးဒေလီမြို့နှင့် ပေကျင်းမြို့တို့ရှိ ဗြိတိန်သံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် လက်ရှိ ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးရှိ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဆက်သွယ်ရေးဌာန အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ Mr. Daniel Patrick Brendon Chugg သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ယောက် ရှိသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားနိုင်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးအား အုပ်စု(၁)၊ အားကစားလေ့ကျင့်ရေးစခန်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်တွင် ဖွင့်လှစ်ထားပြီး အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် တိုင်ကြားမှုများအား အရေးယူဆောင်ရွက်ဖြေရှင်းပေးလျက်ရှိကြောင်း သိရသည်။ အဂတိလိုက်စားမှုနှင့် ပတ်သက်၍ အဆိုပါလိပ်စာသို့ လိပ်မူ၍ ပေးပို့တိုင်ကြားနိုင်သည့်အပြင် ညွှန်ကြားရေးမှူးချုပ် ရုံးခန်း ၀၆၇-၀၁၀၃၃၄၇၊ ၀၆၇-၀၁၀၃၂၇၃ သို့ လည်းကောင်း၊ ပြန်ကြားရေးလုပ်ငန်းကော်မတီရုံးအဖွဲ့ဝင်များဖြစ်သည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်ဦး ၀၉-၄၂၀၁၈၈၃၆၄၊ ရုံးအုပ် ဒေါ်သက်သက်လွင် ၀၉-၂၅၀၉၀၁၉၅၃ တို့သို့ တိုင်ကြားရန်အတွက် လိုအပ်သည့် အချက်အလက်များနှင့် အခြားသိလိုသည်များကို လည်းကောင်း၊ ဖက်စ်နံပါတ် ၀၆၇-၀၁၀၃၃၇၂ သို့ လည်းကောင်း၊ အီးမေးလ်လိပ်စာ myanmaracc 2014@ gmail.com သို့ ပေးပို့တိုင်ကြားနိုင်ကြောင်း သိရှိရသည်။ ထို့ပြင် ဝက်ဘ်ဆိုက်လိပ်စာဖြစ်သည့် www.accm.gov.mm နှင့် ဖေ့စ်ဘုတ်ခ်လိပ်စာ ACC-Myanmar တို့သို့ ဝင်ရောက်၍ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရှိရသည်။

**မြန်မာ့အလင်း**



ကူဝိတ်နိုင်ငံ၏ (၅၇)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဇနီး ဒေါ်ခင်ဌေးတို့အား မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံရုံးယာယီတာဝန်ခံ **Mr. Ahmad AL- Muzaini** က ကြိုဆိုနှုတ်ဆက်စဉ်။    သတင်းစဉ်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၇-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၀၀/၈၁၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၃၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၉ ・၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၆ ・၈ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၁ ・၃ |
| ထိုင်း | တစ်ဘတ် | ၄၂ ・၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ・၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၂ ・၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ ရှေ့ဖုံးမှ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီးနှင့် ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ သတင်းစဉ်

**ပရိတ်တရားတော်များ နာယူ**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပရိသတ်များက နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**လှူဖွယ်ပစ္စည်း လှူဒါန်း**

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကအဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဆရာတော်ထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဆရာတော်ထံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်နန့်ကြင်ကြည် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဆရာတော်ထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဆရာတော်ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ထို့အတူ ဒုတိယသမ္မတ၏ဇနီး ဒေါ်ခင်သက်ငွေ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ဇနီး ဒေါ်နန့်ကြင်ကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှတို့က သီလရှင် ဆရာကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းလောင်း အမျှဝေ**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုတို့အတွက် ရေစက်သွန်းလောင်း အမျှဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပရိသတ်များက အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**



နိုင်ငံတော် သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်စဉ်။ သတင်းစဉ်



ဆရာတော်ထံ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ငွေရည် တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဆရာတော်ထံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဆရာတော်ထံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဆရာတော်ထံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဆရာတော်ထံ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



သီလရှင်ဆရာကြီးထံ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ငွေ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

# ပဲခူးမြို့၌ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံသစ် ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ပဲခူးမြို့ရှိ ပြည်သူများအားတိုင်းရင်းဆေးဖြင့် အချိန်ပြည့်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်တည်ဆောက်သည့် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဆေးရုံတည်ရှိရာ ဥဿာမြို့သစ် ၇ ရပ်ကွက်ရှိ ဓမ္မာစေတီလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားသည်။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံဖွင့်လှစ်နိုင်သည့်အတွက် ပြင်ပလူနာများအပြင် အတွင်းလူနာများကိုပါ လက်ခံကုသပေးနိုင်တော့မည်ဖြစ်ပြီး ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် ယခင်ကထက် ပိုမိုစောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် ဆေးရုံအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာလေးခန်းတွဲလေးထပ်ကို နိုင်ငံတော်မှ အကုန်အကျခံ ဆောက်လုပ်ပေးကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သိန်းငွေ က ပြောသည်။

"ကျွန်တော်တို့ ပဲခူးမြို့မှာ အရင်က မြို့နယ်တိုင်းရင်းဆေးကုဌာနပဲရှိခဲ့ပြီး ပြင်ပလူနာတွေပဲ ကုသခံယူခွင့်ရပါတယ်၊ အခုလိုတိုင်းရင်းဆေးရုံကြီး ဖွင့်လှစ်ပေးတဲ့အတွက် ပြင်ပလူနာတွေအပြင် အတွင်းလူနာတွေပါ တက်ရောက်ကုသခွင့်ရတော့မှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဒေသခံပြည်သူတွေကလည်း ဒီဆေးရုံကြီးရေရှည်တည်မြဲဖို့ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေရဲ့လိုအပ်တဲ့အကူအညီတွေကို အတတ်နိုင်ဆုံး ပေးသွားပါမယ်"ဟု ဒေဝယက္ခဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးဖြေက ကျေးဇူးတင်စကားပြောသည်။

**ဇာနည်မောင်၊ ဓာတ်ပုံ-နေဝန်းရောင်**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံအတွင်း အစေ့ထုတ်စပ်မျိုးပြောင်းဖူး ကေ ၆၀ မျိုးစေ့ထုတ်လုပ်ရေးကို ကြည့်ရှုစဉ်။ သတင်းစဉ်

*** ကျောဖုံးမှ**

ရှေးဦးစွာ ဒုတိယသမ္မတသည် စခန်းရှုရပ်မှ ဆင်ထိန်းသိမ်းစောင့်ရှောက်နေမှုအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီး ဒေါက်တာ ညီညီအောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**အမှတ်တရစိုက်ပျိုးပေး**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ထင်းရှူးပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စခန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက ရှမ်းရိုးမ ဆင်စခန်းဆိုင်ရာ အချက်အလက်များ၊ ရှမ်းရိုးမ အပန်းဖြေဆင်စခန်းဖွင့်လှစ်ထားရှိမှု၊ စခန်းအတွင်း ဆောင်ရွက်လျက်ရှိသည့် ဝန်ဆောင်မှုများနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ခရီးသွားလုပ်ငန်းဖော်ဆောင်**

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက စခန်းတည်ထောင်ရသည့် ရည်ရွယ်ချက် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စခန်းအတွင်း သွားလာနေသည့်လမ်းများကို ရာသီမရွေးသွားလာနိုင်သည့် လမ်းများအဖြစ် ဆောင်ရွက်ရေး၊ စခန်းကို အောင်မြင်သည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအဖြစ် လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ရေးနှင့် နိုင်ငံတကာနယ်ပယ်တွင် ပိုမိုသိရှိလာနိုင်ရန် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**ဆင်ထိန်းသိမ်းမှုကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတသည် ရှမ်းရိုးမ ဆင်ထိန်းသိမ်း စောင့်ရှောက်ရေး စခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

**အစိမ်းရောင်စီးပွားရေးလုပ်ငန်း**

အဆိုပါ ရှမ်းရိုးမ ဆင်ထိန်းသိမ်း စောင့်ရှောက်ရေးစခန်းသည် မိတ္ထီလာ-တောင်ကြီးလမ်း မိုင်တိုင် ၅၄/၃ ရှိ နမ့်ပန်တက်ကျေးရွာအနီးတွင် တည်ရှိပြီး ဧက ၉၀၀ ခန့်ကျယ်ဝန်းကာ စခန်းကို အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပြီး နိုင်ငံတော်ဝင်ငွေရရှိရေး၊ ဆင်ဝန်ထမ်းများနှင့် မိသားစုဝင်များ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ မြန်မာ့သစ်လုပ်ငန်းမှ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူသိရှိလေ့လာနိုင်ရေး၊ ဆင်ထိန်းသိမ်းရေးစခန်းများမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပူးတွဲဆောင်ရွက်မှုကို အများပြည်သူများ ပါဝင်ဆောင်ရွက်လေ့လာနိုင်ရေး၊ မြန်မာနိုင်ငံ၏ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် မြန်မာ့သစ်လုပ်ငန်းပိုင်ဆင်များ ရေရှည်ရပ်တည်နိုင်ရေးတို့ကို ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ရှမ်းရိုးမ အပန်းဖြေ ဆင်စခန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Green Hill Valley (စိမ်းလဲ့တောင်ကြား ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း)သို့ ရောက်ရှိကြရာ Main Camp ၌ စခန်းတာဝန်ခံ ဒေါ်တင်ဝင်းမော်က ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စခန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**Hill Valley အတွင်းကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဆင်စွန့်ပစ်ပစ္စည်း အသုံးချမှုလုပ်ငန်းကို ကြည့်ရှုပြီး Green Hill Valley အတွင်း လှည့်လည်ကြည့်ရှုသည်။



**မျှော်မှန်းဆောင်ရွက်**

အဆိုပါ စခန်းကို ၂၀၁၁ ခုနှစ်တွင် မြန်မာ့သစ်လုပ်ငန်း မိသားစုဝင်များက လုပ်ငန်းမှ အနားပေးသည့်ဆင်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းပြည်ပလေ့လာသူများကို ဆင်နှင့်ပတ်သက်သည့် အသိအမြင်များ မျှဝေဖြန့်ဖြူးပေးနိုင်ရန်နှင့် လေ့လာသူများကို ဆင်များ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် သဘောဆန္ဒအလျောက် ကိုယ်တိုင်ပါဝင်စေခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ပိုမိုစိတ်ပါဝင်စားလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆည်ထိပ်ကျေးရွာရှိ ရတနာစပျစ်ခြံ အမှတ် (၁)သို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာ စိုးသန်း၊ ခြံလုပ်ငန်းရှင် ဦးချစ်ဖီးနှင့် တာဝန်ရှိသူများက စပျစ်စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက စပျစ်သည် စိုက်ပျိုးသူ တောင်သူများအတွက် စီးပွားဖြစ် တွက်ခြေကိုက်သည့် သီးနှံဖြစ်သဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးသွားနိုင်ရေး၊ ခိုင်မာသော စပျစ်ဈေးကွက် ဖန်တီးနိုင်ရေးအတွက် ဝိုင်စက်ရုံတည်ထောင်ရေးနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

**စပျစ်စိုက်ပျိုးရေးခြံကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတသည် စပျစ်စိုက်ပျိုးရေးခြံအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့ရှိ စိုက်ပျိုးရေး သုတေသနဇဟိုခြံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အမြဲတမ်းအတွင်းဝန် ဒေါက်တာ တင်ထွဋ်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းလွင်ဦးတို့က တပ်ကုန်းစိုက်ပျိုးရေးသုတေသန ဇဟိုခြံဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၏ မျှော်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် လုပ်ငန်း တာဝန်များ၊ သီးနှံဇဟိုခြံနှင့် ဒေသသုတေသနခြံဆိုင်ရာ အချက်အလက်များ၊ လူ့စွမ်းအား အရင်းအမြစ် အခြေအနေများ၊ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သုတေသန ရလဒ်များ၊ သုတေသနလုပ်ငန်းများ တိုးတက် ဆောင်ရွက်နိုင်ရေး အဓိက လိုအပ်ချက်များနှင့် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**တိုးမြှင့်ပေါင်းစပ်ဆောင်ရွက်**

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးရေး သုတေသနခြံများ ဖွင့်လှစ်ထားရှိနိုင်ရန် ဆောင်ရွက်ရေး၊ ဩဂဲနစ်စိုက်ပျိုးမှုစနစ်ကို ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ရေး၊ ဒေသထွက်ကုန်များကို ဈေးကွက်ဝင် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် နိုင်ငံတကာသို့ တင်ပို့ ရောင်းချနိုင်ရေး၊ သီးနှံများ ကြာရှည်ထိန်းသိမ်းနိုင်ရေးတွက် အအေးခန်း သိုလှောင်ရုံများ လုံလောက်စွာ တည်ဆောက်နိုင်ရေးနှင့် ထုတ်လုပ်ပြီး မျိုးစေ့များ ဖြန့်ဖြူးရောင်းချရာတွင် ပုဂ္ဂလိကများနှင့် တိုးမြှင့်ပေါင်းစပ် ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

**စိုက်ပျိုးရေးသုတေသနခြံကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတသည် ရှုရပ်မှ အစေ့ထုတ်စပ်မျိုး ပြောင်းဖူး ကေ ၆၀ မျိုးစေ့ထုတ်လုပ်ရေးကို ကြည့်ရှုပြီး စိုက်ပျိုးရေး သုတေသနခြံအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုသည်။

**သတင်းစဉ်**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရှမ်းရိုးမ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းအတွင်း ဆင်များထိန်းသိမ်းစောင့်ရှောက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်



# ကိုရီးယား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကိုရီးယား-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားကို နှစ်လမ်းသွားအဖြစ် အဆင့်မြှင့်တင်ရန်လျာထားပြီးဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။




**❖ မောင်းကော်တံတားသည် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် မူဆယ်-နမ့်ခမ်း-ထီးချိုင့်-ဝန်းသို-ပင်လည်ဘူး-ဖောင်းပြင်-တမူးလမ်းပေါ်တွင် တည်ရှိပြီး အိန္ဒိယ-မြန်မာ-တရုတ်သုံးနိုင်ငံ ဆက်သွယ်မည့် အဓိကလမ်းမကြီးပေါ်တွင် ဖြစ်ပေါ်လာမည့် တံတားဖြစ်**

**တစ်လမ်းသွားဖြစ်**

ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၏ **ကသာခရိုင် ဝန်းသိုမြို့နယ် ပင်လည်ဘူး- ဝန်းသို- ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မောင်းကော်တံတားသည် ဒေါင်းမြှူးချောင်းကိုဖြတ်၍ တည်ဆောက်ထားပြီး တံတားအမျိုးအစားမှာ R.P.T သံကူကွန်ကရစ်အမျိုးအစားဖြစ်ပါကြောင်း၊ တံတားအရှည်မှာ ၁၁၅ ပေရှိပြီး ခန်းဖွင့်မှာ ၂၄ ပေ RC တစ်ခန်း၊ ၆၄ ပေ R.P.T တစ်ခန်း၊ ၂၇ ပေ RC တစ်ခန်း ဖြစ်ပါကြောင်း၊ ယာဉ်သွားလမ်းအကျယ်မှာ ၃ ဒသမ ၆၆ မီတာ တစ်လမ်းသွားဖြစ်ပါကြောင်း။

**အဆင့်မြှင့်တင်ရန်လျာထားပြီးဖြစ်**

မောင်းကော်တံတားကို ၁၉၂၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၉၇ နှစ်ခန့် ကြာမြင့်ပြီဖြစ်ကြောင်း၊ တံတားခံနိုင်ဝန်သည် ၁၃ တန်သာရှိပါကြောင်း၊ ၂၀၀၉ ခုနှစ် စက်တင်ဘာလတွင် ပင်လည်ဘူးဘက်ခြမ်း ကမ်းကပ်ခုံရေတိုက်စားမှုကြောင့် ချဉ်းကပ်တံတား ပြိုကျပျက်စီးခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြန်လည်တည်ဆောက်ခဲ့ပါကြောင်း၊ တစ်နေ့တာသွားလာသည့် ယာဉ်အစီးရေမှာ ၆၈ စီးခန့်ရှိပါကြောင်း၊ ထိုတံတားသည် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် မူဆယ်-နမ့်ခမ်း-ထီးချိုင့်-ဝန်းသို-ပင်လည်ဘူး-ဖောင်းပြင်-တမူးလမ်းပေါ်တွင် တည်ရှိပြီး အိန္ဒိယ-မြန်မာ-တရုတ်သုံးနိုင်ငံ ဆက်သွယ်မည့် အဓိကလမ်းမကြီးပေါ်တွင် ဖြစ်ပေါ်လာမည့် တံတားဖြစ်ပြီး နှစ်လမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေလျာထား တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ရန်ပုံငွေလျာထားပြီးဖြစ်**

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးယဉ်ကျေးမှုနယ်မြေ မြို့ပြတ်လမ်းဖြစ်သော အုန္နဲတန်း-ကြက်ဖြူတော ကျေးရွာချင်းဆက်လမ်းကို မြေနီကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မကွေးတိုင်းဒေသကြီး ဗိဿနိုးနယ်မြေ မြို့ပြတ်လမ်းဖြစ်သော အုန္နဲတန်း-ကြက်ဖြူတော ကျေးရွာချင်းဆက်လမ်းနှစ်မိုင် တစ်ဖာလုံသည် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တည်ရှိပြီး လက်ရှိလမ်းအခြေအနေသည် ကျေးရွာမှ ဆောင်ရွက်ထားသောတစ်ကြောင်းထိုး မြေသားလမ်းဖြစ်၍ ရွှေရောင်တော်ဘုရားလမ်းမှတစ်ဆင့် မကွေး-တောင်တွင်းကြီးလမ်းသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် အမာခံမြေသားလမ်း စတင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေလျာထားပြီးဖြစ်သည့်အတွက် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ထောက်ခံချက်ဖြင့် ခွင့်ပြုပေးခဲ့**

မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **မြစ်ကြီးနား-ရွှေဘို- မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးကောင်းမြို့နယ်တွင်း လမ်းပိုင်းနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းပိုင်းတို့အား B.O.T စနစ်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားမှုအခြေအနေ** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းပိုင်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်ရန် မြောက်ပိုင်းတော်ဝင် ကျောက်စိမ်းကုမ္ပဏီကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ခွင့်ပြုပေးခဲ့ပါကြောင်း၊ အဆိုပါကုမ္ပဏီသည် နမ္မတီးမှ လဝါးထိ မိုင် ၂၀ သာ ကတ္တရာ ကွန်ကရစ် (AC) ခင်းခြင်းလုပ်ငန်း ပြီးစီးဆောင်ရွက်ခဲ့ပြီး ကျန်အပိုင်းများကို လုံခြုံရေးတည်ငြိမ်မှုမရှိခြင်းကို အကြောင်းပြ၍ ဝင်ရောက်ဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း။

**ဝင်ရောက်ဆောင်ရွက်နေ**

ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတား ၁၂ စင်း၏ ချဉ်းကပ်လမ်းများကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရွှေဘို- မြစ်ကြီးနားလမ်းကို BOT ပေးရန် မရှိပါကြောင်း၊ ယင်းအပိုင်းများကို ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းကို ပြီးခဲ့သည့် ငါးနှစ်တာကာလတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ကုမ္ပဏီတစ်ခုကို BOT စနစ်များဖြင့် လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခဲ့ပါကြောင်း၊ ယင်းကုမ္ပဏီက မငြိမ်းချမ်းမှု အကြောင်းပြချက်ဖြင့် လုပ်ငန်းများ မပြုလုပ်ခဲ့သည့်အတွက် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက် နောက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရနှင့် ညှိနှိုင်း၍ အဆိုပါလမ်းပိုင်းကို ပြန်လည်သိမ်းယူခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများဖြင့် ဝင်ရောက်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ အလားတူ လဝါး-ပန်ဆောင်၏ လမ်းပိုင်းကိုလည်း ပြန်လည်သိမ်းယူပြီး ဝန်ကြီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများဖြင့် ဝင်ရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးနှင့် ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

**ဥပဒေကြမ်းတင်သွင်း**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က **“တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးဌေးငွေက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် “တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက်တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့် မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြပါကြောင်း ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို မတ် ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက် လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များဖြစ်ကြသည့် ဦးဇော်ဝင်း၊ ကြည့်မြင်တိုင် မဲဆန္ဒနယ်၏ မိတ်ဆွေတစ်ဦး၊ ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်၏ မိတ်ဆွေတစ်ဦး၊ ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်၏ မိတ်ဆွေ ၂၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် လူငယ်ညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ၄၀၀၊ စုစုပေါင်း ၄၂၆ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် လွှတ်တော်ချင်းခိုင်မာစွာဆက်သွယ်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော်  ဖေဖော်ဝါရီ ၂၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Lee Sang-hwa အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား လွှတ်တော်ချင်း ပိုမိုခိုင်မာစွာ ဆက်သွယ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Lee Sang-hwa အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပိုမိုပြည့်စုံစေရေးအတွက် ညှိနှိုင်းပြုစုလျက်ရှိ

**နေပြည်တော်  ဖေဖော်ဝါရီ ၂၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စတင်ဆောက်လုပ်**

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးအောင်ကျော်စိုး၏ **ကယားပြည်နယ်၊ ပြည်နယ်တရားလွှတ်တော် (High Court) ရုံးကို လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်၌ ထည့်သွင်းရေးဆွဲ၍ အသစ်ထပ်မံ တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က ကယားပြည်နယ် တရားလွှတ်တော် အဆောက်အအုံကို ၂၀၁၁ ခုနှစ်တွင် စစ်အင်ဂျင်နီယာတပ်မှ မွမ်းမံပြင်ဆင်ပေးခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၅၀ဖြင့် ကယားပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမနှင့် အရာရှိရုံးခန်းများ တိုးချဲ့အဆောက်အအုံ တစ်ထပ် RC တစ်လုံးကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ပါကြောင်း။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် အလျား ပေ ၄၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိသည့် လှိုင်ကော်ခရိုင်နှင့် မြို့နယ်အချုပ်ခန်းကို သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်က ခွင့်ပြုငွေကျပ် ၂၁ သန်းဖြင့် ဆောက်လုပ်ပြီးစီး အသုံးပြုလျက်ရှိပါကြောင်း၊ ပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်တရားရေးဦးစီးမှူးရုံးများအနေဖြင့်လည်း ပြစ်မှုဆိုင်ရာ အမှုများ လက်ခံဆောင်ရွက်ရခြင်း မရှိသည့်အတွက် သက်သေခံပစ္စည်းများ လက်ရှိထိန်းသိမ်းရခြင်းမရှိပါကြောင်း၊ ပြည်နယ်တရားလွှတ်တော်



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်**

အတွက် သက်သေခံပစ္စည်း သိုလှောင်ရုံထားရှိရန် လိုအပ်ခြင်း မရှိပါကြောင်းနှင့် ကယားပြည်နယ် တရားလွှတ်တော်ရုံးကို လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်၌ ထည့်သွင်းရေးဆွဲ၍ အသစ်ထပ်မံ တည်ဆောက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

**အသေးစိတ် ညှိနှိုင်းဆွေးနွေး**

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၏ **လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်က အဆိုပါဥပဒေကြမ်းကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပါကြောင်း၊ ယင်းသို့ ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲခဲ့ပြီး ဥပဒေကြမ်း ပူးပေါင်းကော်မတီက ပြန်လည်လေ့လာစိစစ်ခဲ့ရပါကြောင်း၊ ထိုသို့ စိစစ်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်သည့် အချက်များရှိသည့်အတွက် ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ် ညှိနှိုင်းဆွေးနွေးပြီးမှသာ အတည်ပြုရမည့် ဥပဒေဖြစ်ပါကြောင်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းလာခဲ့ပါကြောင်း။

**ဆိုင်းငံ့ထားရန် သဘောတူ**

ယင်းအစီရင်ခံစာအပေါ်တွင် ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးခဲ့ပြီး ဆိုင်းငံ့ထားရန် ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က ဆိုင်းငံ့ထားရန် သဘောတူအတည်ပြုခဲ့သည်ကို အလေးဂရုပြုလျက် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပိုမိုကောင်းမွန်ပြည့်စုံစေရေးအတွက် ဆက်လက်ပြင်ဆင်ညှိနှိုင်းပြုစုလျက်ရှိပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါ်လွီးဇာ၏ ကယားပြည်နယ်၊ ဖရူဆိုမြို့မှ ဒိုးပရယ်ရွာအထိကို ကတ္တရာလမ်းအဖြစ် လည်းကောင်း၊ ဒိုးပရယ်ရွာမှ လျားဒူရွာအထိကို ကျောက်ချောလမ်းအဖြစ် လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းအောင်က ဖရူဆိုမြို့နယ်တွင်ရှိသော ဖရူဆိုမှ ဒိုးပရယ်ရွာအထိ (၄/၃)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လပတ်တွင် အဆိုပြုလျာထားတင်ပြထားပြီးဖြစ်ပါကြောင်း၊ ရန်ပုံငွေခွင့်ပြုမှုအပေါ် မူတည်၍ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။



**ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်**

ဒိုးပရယ်ရွာမှ လျားဒူရွာအထိ ကျောက်လမ်းအဖြစ် တိုးမြှင့်ပေးရန်နှင့် ပတ်သက်၍ ဒိုးပရယ်-ဝှယ်သူတော် - ထီးဒူလယ် - လျားဒူ - ထီးလျားဆို ကျေးရွာချင်းဆက်လမ်းမှာ ကျေးရွာငါးရွာ၊ အိမ်ခြေ ၁၁၁လုံး၊ လူဦးရေ ၅၆၂ ဦးရှိပါကြောင်း၊ အဆိုပါလမ်းမှာ ၁၉၆၂ ခုနှစ်ဝန်းကျင်တွင် ဖောက်လုပ်ခဲ့ပြီး လမ်းအရှည်အနေဖြင့် (၄/၅)မိုင်၊ အကျယ် ၁၀ ပေ ခန့်သာ ရှိကြောင်း ဆန်းစစ်သိရှိရပါကြောင်း၊ အဆိုပါလမ်း အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းများကို ကယားပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်နယ်) ရန်ပုံငွေတွင် အဆိုပြုလျာထား တင်ပြထားပါကြောင်း ဖြေကြားသည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၏ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက **အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

**လွှတ်တော်သို့ အသိပေး**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို မတ် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

> **"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြ"**

# နိုင်ငံတကာသတင်းမီဒီယာအချို့မှ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ မဟုတ်မမှန် ရေးသားဖော်ပြချက်များနှင့် မြန်မာနိုင်ငံပေါ် ဖိအားပေးဆောင်ရွက်နေမှုများ ဆွေးနွေး



**နေပြည်တော်  ဖေဖော်ဝါရီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား ဒိန်းမတ်သတင်းစာဆရာ Mr.Claus Blok Thomsen သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ကူဝိတ်သတင်းစာ၏ ဒုတိယအမှုဆောင် အယ်ဒီတာချုပ် Mr.Javaid Ahmad သည် မွန်းလွဲ ၃ နာရီတွင် လည်းကောင်း (ဝဲပုံ) ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရုံးခန်း၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။

ဒိန်းမတ်သတင်းစာဆရာ Mr.Claus Blok Thomsen နှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပတ်သက်သည့် အခြေအနေမှန်များနှင့် လက်ရှိဆောင်ရွက်ပေးနေမှုများ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာ သတင်းမီဒီယာအချို့မှ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ မဟုတ်မမှန် ရေးသားဖော်ပြချက်များနှင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအချို့၏ မြန်မာနိုင်ငံပေါ် ဖိအားပေးဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

ကူဝိတ်သတင်းစာ၏ ဒုတိယအမှုဆောင် အယ်ဒီတာချုပ် Mr. Javaid Ahmad နှင့် တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသည့် ဒုက္ခသည်များအား စနစ်တကျ ပြန်လည်လက်ခံရေး ဆောင်ရွက်နေမှုများ၊ အနောက် မီဒီယာများ၏ ရခိုင်အရေး မဟုတ်မမှန် စွပ်စွဲရေးသားချက်များ၊ မြန်မာနိုင်ငံ၏ လွတ်လပ် စွာ ထုတ်ဖော်ပြောဆိုခွင့် အခြေအနေနှင့် မီဒီယာဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းစဉ်များ ရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံအမတ်ကြီး H.E. Mrs. Riikka Laatu နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား သင်တန်းများပို့ချခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း လုပ်ငန်းစဉ်တို့အား ရှင်းလင်းပြောကြားရာ ဖင်လန်နိုင်ငံသံအမတ်ကြီးက ဖင်လန်နိုင်ငံအနေဖြင့် ဒီမိုကရေစီဖြစ်စဉ်များတွင် ထောက်ပံ့ကူညီပေးနေမှု၊ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံရုံးအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား တိုက်ရိုက်ပံ့ပိုးကူညီပေးနိုင်ရေးစီစဉ်ထားရှိမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုတို့အား ရှင်းလင်းပြောကြားခဲ့ပြီး ကူညီပံ့ပိုးဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✪ *ကျော့ဖုံးမှ*

ညှိနှိုင်းအဖြေရှာရာမှာ UPDJC က ဦးဆောင်နေတာ ဖြစ်ပါတယ်၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးဟာ နိုင်ငံရေး သဘောတူညီမှုတွေရရှိတဲ့အပေါ်မှာ မူတည်နေပါတယ်၊ နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်မြင်မှ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေချမှတ်နိုင်မှာ ဖြစ်တဲ့အတွက် UPDJC ဟာ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အလွန်အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါရှိပါတယ်။

“UPDJC မှာ ကျွန်တော်တို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့က လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှီလာနန်တောင် ကွယ်လွန်သွားခဲ့တဲ့အတွက် အထူးစိတ်မကောင်းဖြစ်ရသလို မိသားစုနဲ့အတူ ဝမ်းနည်းကြေကွဲရပါကြောင်း ပြောကြားလိုပါတယ်။

### လက်မှတ်ရေးထိုးတဲ့အဖွဲ့နှစ်ဖွဲ့ကို ကြိုဆို

“အားလုံးသိကြတဲ့အတိုင်း ဖေဖော်ဝါရီ ၁၃ ရက်က နေပြည်တော်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါတယ်၊ ပါဝင်လက်မှတ်ရေးထိုးတဲ့အဖွဲ့နှစ်ဖွဲ့ကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာဂုဏ်ယူစွာနဲ့ ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။

“တစ်ဆက်တည်းမှာပဲ NCA စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း လက်မှတ်ရေးထိုးနိုင်ဖို့ ငြိမ်းချမ်းရေးတံခါးအမြဲဖွင့်လှစ်ထားကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်၊ NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ပါဝင်လာဖို့အတွက် UPDJC အဖွဲ့ဝင်များက တစ်ဖက်တစ်လမ်းမှ အတတ်နိုင်ဆုံး ကူညီပံ့ပိုးဆောင်ရွက်ပေးကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

“ပြီးခဲ့တဲ့ (၁၂)ကြိမ်မြောက် UPDJC အစည်းအဝေးမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကျင်းပနိုင်ဖို့အတွက် ညီလာခံမှာ ဆွေးနွေးမယ့်ခေါင်းစဉ်တွေကို သဘောတူသတ်မှတ်ပေးနိုင်ခဲ့ပါတယ်၊ (၁၃) ကြိမ်မြောက် UPDJC အစည်းအဝေးမှာလည်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၊ UPDJC ToR၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ToR SOP တွေကို ဆွေးနွေးဆုံးဖြတ် အတည်ပြုပေးနိုင်ခဲ့ပါတယ်၊ ဒါ့အပြင် အဲဒီမူဘောင် ToR SOP တွေကို (၆) ကြိမ်မြောက် JICM အစည်းအဝေးမှာ ဆက်လက်တင်ပြပြီး ဆွေးနွေးရန်ကျန်ရှိတဲ့အချက်တွေမှအပ အတည်ပြုထားပြီးလည်း ဖြစ်ပါတယ်၊ ဒီမူဘောင်၊ ToR SOP တွေနဲ့အညီ အမျိုးသားဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကို အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

“နောက်ထပ်လာမယ့် (၂၁) ရာစုပင်လုံ ညီလာခံအစည်းအဝေး တတိယအကြိမ်မှာ ဖက်ဒရယ်မူတွေချမှတ်နိုင်အောင်၊ ဖက်ဒရယ်အုတ်မြစ်ကို ခိုင်ခိုင်မာမာစိုက်ထူနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ NMSP နဲ့ LDU တို့ NCA မှာ ပါဝင်လက်မှတ်ထိုးတဲ့ပွဲမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့တာကို ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ထပ်လောင်းပြောကြားလိုပါတယ်။

“UPDJC အဖွဲ့ဝင်များအနေနဲ့ ယုံယုံကြည်ကြည်နဲ့ လက်တွဲပူးပေါင်းပေးကြဖို့နဲ့ အချင်းချင်းနားလည်မှု တည်ဆောက်ပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ တစ်ဖက်နဲ့တစ်ဖက် အပေးအယူ၊ အလျှော့အတင်းပြုလုပ်ပြီး နိုင်ငံရေးသဘောတူညီချက်တွေရရှိစေမယ့် နိုင်ငံရေးအခင်းအကျင်းကို ဖန်တီးပေးကြဖို့၊ ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်”ဟု ပြောကြားသည်။

### စေ့စပ်ညှိနှိုင်းပေး

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက “ဒီနေ့အစည်းအဝေးမှာ မွန်ပြည်သစ်ပါတီနဲ့ RCSS/ SSA တို့ရဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးနဲ့ ပတ်သက်ပြီးလည်း ဆွေးနွေးကြဖို့ရှိပါတယ်၊ RCSS/ SSA ဆိုရင် (၆) ကြိမ်မြောက် JICM အစည်းအဝေးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ကြားကနေ စေ့စပ်ညှိနှိုင်းပေးမှုကြောင့် လင်းခေးမှာ ကျင်းပဖို့ သဘောတူနိုင်ခဲ့ပါတယ်၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို မူလက သဘောတူဆုံးဖြတ်ထားခဲ့တဲ့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလနောက်ဆုံးအပတ်မှာ ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ဒီကနေ့အထိ ဆက်လက်ဆွေးနွေးညှိနှိုင်းနေရဆဲပဲ ဖြစ်ပါတယ်။

“ညီလာခံကျင်းပနိုင်ခြင်းမရှိဘဲ ရပ်တန့်နေမှုဟာ နိုင်ငံရေးဆွေးနွေးပွဲတွေကို အဓိက တာဝန်ယူတဲ့ ကျွန်တော်တို့ UPDJC နဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်၊ ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင်ဖြစ်နေရတဲ့ အနေအထားကြောင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ကြန့်ကြာနေဦးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေရဲ့ မျှော်လင့်ချက်တွေဟာ မှေးမှိန်နေဦးမှာပဲ ဖြစ်ပါတယ်။

“ကျွန်တော်တို့ကြားမှာ ဆွေးနွေးမှုတွေ ရပ်ဆိုင်းသွားတာနဲ့အမျှ နားလည်မှုနဲ့ယုံကြည်မှုတွေ လျော့ပါးသွားစေမယ့် အဖြစ်မျိုးတွေ မဖြစ်ပွားစေဖို့လည်း အားလုံးက သတိပြုကြဖို့ လိုပါတယ်။

“သဘောထားတွေ အမြင်တွေ ဘယ်လိုပဲ ကွဲပြားကွဲပြား ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးပွဲတွေ အဆက်မပြတ်ဖို့၊ မကြာခဏဆိုသလို တွေ့ဆုံဆွေးနွေးနေကြဖို့ အထူးပဲ အရေးကြီးလှပါတယ်၊ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း ပျောက်မသွားအောင်၊ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ တွေ့ကြုံနေရမှုတွေကို ဖြေရှင်းနိုင်အောင် ကျွန်တော်တို့အားလုံး အလျှော့အတင်းတွေ၊ အပေးအယူတွေလုပ်ကြဖို့ လိုပါတယ်။

“နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့တဲ့အတိုင်း ပျော့ပျောင်းခြင်းဟာ ပျော့ညံ့ခြင်းမဟုတ်ပါဘူး၊ ညှိနှိုင်းခြင်းဟာ အရှုံးပေးတာ မဟုတ်ပါဘူး၊ တွေ့ဆုံဆွေးနွေးညှိနှိုင်းရမှာကို စိုးရွံ့မနေကြဖို့ အရေးကြီးပါတယ်၊ အမျိုးသားညီညွတ်ရေးကို ဦးတည်လျှောက်လှမ်းကြရာမှာ ကျွန်တော်တို့ အချင်းချင်းအကြား သွေးကွဲ၊ သဘောထားကွဲလွဲစေမယ့် ကိစ္စရပ်တွေကို လျှော့ချသွားစေဖို့ အားလုံးပိုမိုစုစည်း၊ ပိုမိုညီညွတ်စေမယ့် ဘုံတူညီချက်တွေကို ဖော်ထုတ်ကြရမှာဖြစ်ကြောင်း အလေးအနက်ထားပြီး ပြောကြားလိုပါတယ်။

“နိဂုံးချုပ်အနေနဲ့ ယနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ UPDJC အဖွဲ့ဝင်များအနေနဲ့ နိုင်ငံရေးဆွေးနွေးမှုစားပွဲဝိုင်းတွေကတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ အတူတကွ ပူးပေါင်းဆောင်ရွက် ဖော်ဆောင်ပေးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်” ဟု ပြောကြားသည်။

### တိုင်းပြည်၏ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အရေးကြီး

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ- UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှုအဆင့်ဆင့်တွင် ပါဝင်က မိမိတို့တိုင်းပြည်၏ နှစ်ပေါင်း ၇၀ နီးပါး ကြာမြင့်ပြီဖြစ်သည့် ပြည်တွင်းစစ်ကြီး ချုပ်ငြိမ်းစေပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်လာသည့်အတွက် များစွာဝမ်းသာဂုဏ်ယူပါကြောင်း၊ လက်မှတ်မထိုးသေးသည့် လက်နက်ကိုင်တိုင်းရင်းသားညီနောင်များကလည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် အမြန်ဆုံးလက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးမှုများတွင် ပါဝင်ပြီး တိုင်းပြည်၏ ငြိမ်းချမ်းသာယာဝပြောမှုနှင့် ငြိမ်းချမ်းရေးအတွက် ပါဝင်လက်တွဲကြစေလိုကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ- UPDJC သည် တိုင်းပြည်၏ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အရေးကြီးသည့် ကော်မတီဖြစ်ပြီး ကော်မတီအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့အဖွဲ့အစည်းတစ်ခု၊ လူမျိုးတစ်ခုချင်းအတွက်၊ အစုအဖွဲ့တစ်ခုချင်းအတွက် မဟုတ်ဘဲ ပြည်ထောင်စုကြီး အရေးအတွက် စဉ်းစားဆွေးနွေး တိုင်ပင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ- UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေက ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ကြသူများအနေဖြင့် ငြိမ်းချမ်းရေးကို တကယ်လိုချင်သည်ဆိုသည့် စိတ်ရှိရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး အစီအစဉ်များကို အတည်ပြုခြင်းနှင့် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU)တို့မှ NCA တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့မှုအား တင်ပြခြင်း၊ UPDJC ပြင်ဆင်ဖွဲ့စည်းရေးကိစ္စ၊ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများ ပြင်ဆင်ဖွဲ့စည်းရေးကိစ္စ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စနှင့် လူထုတွေ့ဆုံပွဲများ ကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဆွေးနွေးချက်များအပေါ် ပြန်လည်အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ- UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေ၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ဦးကျော်တင့်ဆွေတို့က နိဂုံးချုပ် အမှာစကား ပြောကြားကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ- UPDJC အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆက်လက်ကျင်းပမည်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ရုပ်မြင်သံကြားပညာပေးအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများအကြား အသိပညာများ၊ ဗဟုသုတများ ရရှိစေရန်ရည်ရွယ်ကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ရုပ်မြင်သံကြားပညာပေးအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်သွားရန် ရည်ရွယ်ထားကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သိရှိရသည်။

ထိုပညာပေးအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို လာမည့် မတ် ၅ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနတွင် ကျင်းပသွားမည်ဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် ဇာတ်ညွှန်းရေးဆရာများ၊ ဒါရိုက်တာများ၊ ထုတ်လုပ်သူများ၊ ရုပ်ရှင် ပညာဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်မှ တာဝန်ရှိသူများ၊ ရုပ်ရှင်ဗီဒီယိုလောကမှပုဂ္ဂိုလ်များကို ဖိတ်ကြားထားပြီး ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ ပြန်ကြားရေးလုပ်ငန်းကော်မတီမှ သိရသည်။

“အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥပဒေနဲ့အညီ ဇာတ်လမ်းပမာ ရိုက်ကူးရေးကို ပညာပေးအနေနဲ့ လုပ်ဆောင်သွားမှာပါ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနဲ့ နည်းဥပဒေများမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပြည်သူလူထုကြားမှာ စိမ့်ဝင်ပြီးတော့ အဂတိလိုက်စားမှုကို တက်တက်ကြွကြွနဲ့ ပါဝင်တိုက်ဖျက်ကြဖို့ သတင်းမီဒီယာများနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်လို့ ဥပဒေပြဋ္ဌာန်းချက်မှာ ဖော်ပြထားပါတယ်၊ ဒါကြောင့်လည်း ပညာပေးလုပ်ငန်းတွေကို အခုလို စီစဉ်ရတာပါ၊ ပြည်သူလူထုအကြား အသိပညာလှုံ့ဆော်ပေးဖို့ လိုအပ်လျက်ရှိပါတယ်၊ ကျောင်းသားလူငယ်တွေအကြားမှာလည်း ငယ်စဉ် ကျောင်းသားဘဝကနေ စတင်ပြီးတော့မှ တိုင်းပြည်ကို အနာဂတ်မှာ ဦးဆောင်နိုင်မယ့် လူငယ်များဖြစ်လာတဲ့အထိ ကာလအတွင်းမှာ အဂတိလိုက်စားမှုကို ပပျောက်အောင်၊ မုန်းတီးသွားအောင် ပညာပေးဖို့ လိုအပ်ပါတယ်၊ ငယ်ရွယ်စဉ်ကတည်းက အဂတိလိုက်စားမှုကို အားပေးတတ်တဲ့စိတ်တွေ ပပျောက်ဖို့လိုတယ်၊ ငယ်ရွယ်စဉ်ကတည်းက ကိုယ်ကျင့်သိက္ခာကောင်းဖို့၊ အကျင့်စာရိတ္တကောင်းမွန်ဖို့ကို ပညာပေးကြတဲ့အခါ စာရေးဆရာတွေက စာရေးပြီးတင်ပြကြတယ်၊ ကဗျာဆရာတွေကလည်း ကဗျာလေးတွေနဲ့ တင်ပြကြတယ်၊ ရုပ်ရှင်နဲ့ ဗီဒီယိုသမားတွေကလည်း အသိပညာပေးဖို့ ရိုက်ကူးတင်ပြနိုင်တာပါပဲ၊ အသိပညာကို ရုပ်ရှင်ရိုက်ကူးတင်ပြပြီး ပေးနိုင်မယ်ဆိုရင် အများကြီးအကျိုးရှိမယ်လို့ ကျွန်တော်တို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ယူဆပါတယ်”ဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ပြန်ကြားရေးလုပ်ငန်းကော်မတီမှ အဖွဲ့ခေါင်းဆောင် ဦးဟန်ညွန့်က ပြောကြားသည်။ **ခင်ရတနာ**



*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ရဲဝံ့စွာ ပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်သော ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

*မောင်ငြိမ်းချမ်း(ကော်မရှင်)*

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသည့် "၂၀၁၈ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း" အပေါ် ဝေဖန်ဆွေးနွေးရေးသား ပြောဆိုမှုမျိုးစုံကို ယခုရက်ပိုင်းအတွင်း ဖတ်ရှုကြားသိရသဖြင့် စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာရပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံပိုင်သတင်းစာတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ "နိုင်ငံစီးပွား တိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း" ဆောင်းပါးအပါအဝင် ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်များ၊ ပြည်တွင်းပြည်ပအသံလွှင့်ဌာနများတွင် သဘောထားအမြင်အမျိုးမျိုးဖြင့် ဝေဖန်ဆွေးနွေးရေးသားပြောဆိုကြသည်မှာ ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှပါသည်။

**ရှုထောင့်အမြင်မျိုးစုံ**

ပြည်ထောင်စုတစ်ဝန်းလုံးနှင့် သက်ဆိုင်သော ဥပဒေကြမ်းတစ်ရပ်အပေါ် ပြည်ထောင်စုသား၊ နိုင်ငံသားများ စိတ်ပါဝင်စားကြသည်မှာ ကောင်းမွန်သော အလေ့အထတစ်ရပ်ဖြစ်ပြီး ကြိုဆိုရမည်ဖြစ်ပါသည်။ ယခုဥပဒေကြမ်း အပေါ်တွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး ဝေဖန်ဆွေးနွေးရေးသား ပြောဆိုကြသည်ဟု သုံးသပ်ရပါသည်။ ရှုထောင့်အမြင်မျိုးစုံဖြစ်ပေါ်နေသည်မှာလည်း သဘာဝကျပါသည်။ ပွင့်လင်းမြင်သာစွာ ရေးသားပြောဆိုကြသည်မှာ ကောင်းပါသည်။ တစ်ဦးချင်း၊ အဖွဲ့အစည်း တစ်ခုချင်း၏ အပြုသဘောဆောင်သည့် ဝေဖန်ထောက်ပြမှုများသည် အလေးထားသင့်ပြီး ၎င်းအလေ့အထများ ဆက်လက်၍ရှင်သန်အားကောင်းမည်ဟုယုံကြည်ပါသည်။ မတူညီသောသဘောထားအမြင်၊ အယူအဆများကို ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။

ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး၊ နိုင်ငံတည်ဆောက်ရေးအတွက် ရသင့်ရထိုက်သောအခွန်အကောက်များရရှိအောင် ပြည်ထောင်စုအစိုးရ အဖွဲ့၏ ရဲဝံ့ပြတ်သားသည့် ဆောင်ရွက်ချက်တစ်ရပ်ဟု ထင်မြင်မိပါသည်။ ယခုဥပဒေကြမ်းကိုလေ့လာကြည့်လျှင် အစိုးရအဖွဲ့၏စေတနာကို ပေါ်လွင်စွာတွေ့မြင်နိုင်ပါသည်။ ယခုဥပဒေကြမ်းအပေါ် ပြည်သူများ၏ ဝေဖန်ထောက်ပြ အကြံပြုချက်များကို အစိုးရအဖွဲ့နှင့်လွှတ်တော်က အလေးထားနားထောင်ရန် လိုအပ်ပါသည်။ ဥပဒေကြမ်းအဆင့်မှ လွှတ်တော်က ဆွေးနွေးအတည်ပြုပြီးနောက် ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပြီးပြီဆိုလျှင် ယင်းဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဥပဒေကိုစီမံခန့်ခွဲသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း ဥပဒေနှင့်အညီ အသေးစိတ်စိစစ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

> **"ယခုဥပဒေကြမ်းကို သက်ဆိုင်ရာက ဘက်စုံထောင့်စုံမှ အချိန်ယူစဉ်းစားသုံးသပ်ပြီး လွှတ်တော်သို့ တင်သွင်းသည်ဟု သုံးသပ်ရပါသည်။ ပြီးပြည့်စုံသည့် ဥပဒေကြမ်းဟူသည် မရှိနိုင်ပါ။ အဓိကမျက်နှာမူရမည်မှာ ပြည်သူ့မျက်နှာ၊ တိုင်းပြည်၏ မျက်နှာဖြစ်ပါသည်။ ဥပဒေကြမ်း၏ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်မည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အမှန်တကယ်ဖြစ်ထွန်းမည်ဆိုလျှင် ပြဋ္ဌာန်းကျင့်သုံးရမည် ဖြစ်"**

**အခွန်လွတ်ငြိမ်းချမ်းသာခွင့်**

ယခုဥပဒေကြမ်းတွင် **"အခွန်လွတ်ငြိမ်းချမ်းသာခွင့်"** ကို ထည့်သွင်းထားသည်ကို တွေ့ရှိရပါသည်။ အခွန်လွတ်ငြိမ်းချမ်းသာခွင့်အား သီးခြားဥပဒေ တစ်ရပ်ရေးဆွဲတင်သွင်းပြဋ္ဌာန်းလျှင် အချိန်ကာလကြာမြင့်နိုင်သောကြောင့် "၂၀၁၈ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း"တွင် ထည့်သွင်းခြင်းဖြင့် ဥပဒေ၏အကျိုးသက်ရောက်မှုကို မကြာမီကာလအတွင်းရရှိစေရန် ရည်ရွယ်သည်ဟု ယူဆရပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ခြင်း မပြုခဲ့သူများရှိကြပါသည်။ ထိုသူတို့သည် " အခွန်လွတ်ငြိမ်းသက်သာခွင့်"ကြောင့် သတ်မှတ်သည့်အခွန်နှုန်းထားဖြင့် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပေးဆောင်နိုင်သည့် အခွင့်အလမ်းကို ရရှိကြမည်ဖြစ်ပါသည်။ ထိုသို့ ပေးဆောင်ခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းကင်းဖြင့် ဈေးကွက်စီးပွားရေးတွင် လွတ်လပ်စွာယှဉ်ပြိုင်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ရသင့်ရထိုက်သည့် အခွန်အကောက်များရရှိသဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လိုအပ်ချက်များကို အစိုးရကပိုမိုပြီး ထိထိရောက်ရောက် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

"အခွန်လွတ်ငြိမ်းချမ်းသာခွင့်"သည် တရားမဝင်ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိသည့် ငြိမ်သက်နေသောငွေကြေးများကို စီးပွားရေးနယ်ပယ်အတွင်း ဝင်ရောက်လည်ပတ်နိုင်စေရန် ဖြစ်ပါသည်။ စာရင်းမဝင်သည့် ငွေသားနှင့် ပိုင်ဆိုင်မှုများသည် စနစ်တကျစာရင်းသွင်းပြီး ထိုက်သင့်သည့် အခွန်ပေးဆောင်လာမည် ဖြစ်ပါသည်။

အရင်းအနှီးများ စီးဝင်လာခြင်းဖြင့် ငွေချေး စာချုပ်နှင့် အရင်းအနှီးဈေးကွက် (Bond Market, Capital Market) များ အသက်ဝင်လာမည်ဖြစ်ပြီး အရင်းအနှီး လိုအပ်သောရင်းနှီးမြှုပ်နှံလိုသူများကို ချေးငှားနိုင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှု၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိမှု၊ တစ်ဦးချင်း ဝင်ငွေ တိုးတက်မြင့်မားမှုတို့အပေါ် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

**ငွေကြေးစီးဆင်းမှု**

လက်ရှိအခြေအနေတွင် ဥပမာတစ်ခုအနေဖြင့် ငွေကြေးစီးဆင်းမှုပမာဏကြီးမားသော အိမ်ခြံမြေဈေးကွက်သည် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ အတန်ငယ်အေးနေပါသည်။ ယင်းဈေးကွက်သည် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ချေးငွေရယူထားသည့်ဘဏ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းမြောက်မြားစွာ ဖန်တီးပေးနိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ အလုပ်သမားများ၊အစားအသောက် ရောင်းချသည့်ဈေးသည်များ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ဒွန်တွဲဆက်စပ်လျက်ရှိရာ အတန်ငယ်အေးနေသော စီးပွားရေးဈေးကွက်တစ်ခုကို လှုပ်နှိုးလိုက်သည်နှင့် ဆက်စပ်လျက်ရှိသည့်နယ်ပယ်ကဏ္ဍအားလုံးတွင် ကောင်းမွန်သော အကျိုးရလဒ်များစွာ ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။

**ပြီးပြည့်စုံသည့် ဥပဒေကြမ်း**

ယခုဥပဒေကြမ်းကို သက်ဆိုင်ရာက ဘက်စုံထောင့်စုံမှ အချိန်ယူစဉ်းစားသုံးသပ်ပြီး လွှတ်တော်သို့ တင်သွင်းသည်ဟု သုံးသပ်ရပါသည်။ ပြီးပြည့်စုံသည့် ဥပဒေကြမ်းဟူသည် မရှိနိုင်ပါ။ အဓိကမျက်နှာမူရမည်မှာ ပြည်သူ့မျက်နှာ၊ တိုင်းပြည်၏ မျက်နှာဖြစ်ပါသည်။ ဥပဒေကြမ်း၏ ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်မည်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အမှန်တကယ်ဖြစ်ထွန်းမည်ဆိုလျှင် ပြဋ္ဌာန်းကျင့်သုံးရမည် ဖြစ်ပါသည်။ နိုင်ငံသားတိုင်းတွင် ဥပဒေနှင့်အညီ ဝေဖန်ထောက်ပြအကြံပြုနိုင်သည့် အခွင့်အရေးရှိပါသည်။ ဆုံးဖြတ်အတည်ပြုပြဋ္ဌာန်းရမှာက ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်ဖြစ်ပါသည်။ ဥပဒေကြမ်းကို တင်သွင်းသည့် ပြည်ထောင်စုအစိုးရအဖွဲ့သည်လည်းကောင်း၊ ဆွေးနွေးဆုံးဖြတ်အတည်ပြုပြဋ္ဌာန်းပေးမည့် လွှတ်တော်သည်လည်းကောင်း ယခုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တာဝန်ယူ၊ တာဝန်ခံရပေမည်။ ထိုသို့တာဝန်ယူ၊ တာဝန်ခံနိုင်အောင်လည်း ပြည်သူတို့၏အသံ၊ ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက်တို့ကို အလေးထားစဉ်းစားသုံးသပ်နေသည်ဟု ယုံကြည်ပါသည်။ သို့ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး ရဲဝံ့စွာပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်သော ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းကို ကြိုဆိုလိုက်ရပေသည်။ ။

## ကျုံးတောင်ဘက်နှင့် အနောက်ဘက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မတ်လအတွင်း အပြီးဆောင်ရွက်မည်

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးမြို့ရှိ ကျုံးတောင်ဘက်နှင့် အနောက်ဘက်တွင် ယခင်ကာရံထားသည့်အကာအရံများကို စတီးလက်ရန်းများဖြင့် အစားထိုးလဲလှယ်ကာရံခြင်းနှင့် လျှောက်လမ်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ လုပ်ဆောင်နေပြီး လာမည့်မတ်လအတွင်းအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်ဦးကျော်ဆန်းမြင့်က ပြောသည်။



အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၄၀၀၀ သုံးစွဲသွားမည်ဖြစ်ပြီးစတီးလက်ရန်းလဲလှယ်ကာရံခြင်းလုပ်ငန်းကို အဆောက်အအုံနှင့်ကုန်လှောင်ရုံဌာနမှ တာဝန်ယူဆောင်ရွက်ပြီးလျှောက်လမ်းများ ပြုလုပ်ခြင်းလုပ်ငန်းကို လမ်း၊ တံတားဌာနမှ တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

" မြို့ခံပြည်သူလူထုရဲ့ အကြံဉာဏ်တွေကို အခြေခံပြီးတော့ အန္တရာယ်ကင်းပြီး ရေရှည်ခိုင်ခံ့အောင် အကုန်အကျသက်သာစွာနဲ့ကျုံးရေပြင်၊ နန်းမြို့ရိုးရဲ့ ပုံရိပ်ကို မထိခိုက်အောင် ပြုပြင်သွားမှာပါ၊ နည်းပညာတက္ကသိုလ်(မန္တလေး)က ဗိသုကာပညာရှင်တွေကလည်းသူတို့ စိတ်ကူးလေးတွေကို ပို့ပေးတာတွေ ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ကျုံးရေပြင်ကို ကာရံမည့်အကာအရံဒီဇိုင်းကို အဆောက်အအုံနှင့်ကုန်လှောင်ရုံဌာနမှ ရေးဆွဲခြင်းဖြစ်ပြီး အရောင်မှိန်စတီးများကို တရုတ်နိုင်ငံမှ မှာယူထားကြောင်းနှင့် လျှောက်လမ်းများကို အနည်းဆုံး ငါးနှစ်ခန့်အထိ မပျက်စီးနိုင်မည့် ကွန်ကရစ်တုံးများဖြင့် အဆင့်မြှင့်တင် သွားမည်ဖြစ်ကာ ကျုံးပတ်လည် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီးပါက ပေ ၂၀ အကျယ်အဝန်းရှိ ညီညာသော ကွန်ကရစ်လျှောက်လမ်းဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် ကချင်ပြည်နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း(မြစ်ကြီးနား)၏ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားမြို့ ကျောက်မျက်ရတနာရောင်းဝယ်ရေး စင်တာ၌ ပထမအကြိမ် ကျောက်မျက်ပြပွဲကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် ကချင်ပြည်နယ်ရှိ ပြည်နယ်သူပြည်နယ်သားများအားလုံး အလုပ်အကိုင်ပိုမိုရရှိရေး၊ လူတစ်ဦးချင်းဝင်ငွေကောင်းမွန်လာစေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ ပံ့ပိုးကူညီမှု၊ ကချင်ပြည်နယ်၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား)၏ ကြီးကြပ်မှုတို့ဖြင့် ကျောက်မျက်ရတနာပြပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ကျောက်မျက်ရတနာ အချောထည်ရောင်းဝယ်ရေးစင်တာတွင် ၂၀၁၈ ခုနှစ် မတ် ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ကျောက်မျက်ရတနာအချောထည်များကို နိုင်ငံခြားသားများအား (Cash Memo)ချိတ်ပိတ်သယ်ဆောင် စနစ်ဖြင့်လည်းကောင်း၊ (စီ/ဒီ)အဆင့် ကျောက်စိမ်းဖြတ်သားများကို (မြန်မာကျပ်ငွေဖြင့်) တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို အသင်းရုံးတွင် လာရောက်စုံစမ်းနိုင်ကြောင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)မှ သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအတွက် အသင့်စားဒံပေါက်ထုပ်များ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအတွက် MA-UK (Myanmar ) အဖွဲ့မှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၃၅၀၀၀ တန်ဖိုးရှိ အသင့်စားဒံပေါက် အထုပ် ၃၅၀၀၀ ကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအား တတိယအဖွဲ့အစည်းက စစ်ဆေးပေးခြင်းလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၇**

မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ (MICEG) ဗဟိုမှ ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအား တတိယအဖွဲ့အစည်းက စစ်ဆေးပေးခြင်းလုပ်ငန်းများ ရှင်းလင်းဆွေးနွေးတင်ပြခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(ဝဲပုံ)**



ဆွေးနွေးပွဲတွင် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ရခိုင်ပြည်နယ်အစိုးရအနေဖြင့် ရန်ပုံငွေတစ်ခုရှာဖွေပြီး QC လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော် တတိယအဖွဲ့အစည်းအဖြစ် နာမည်ခံပြီး ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပါကြောင်း၊ သက်ဆိုင်ရာကန်ထရိုက်တာများ၏ လုပ်ငန်းများကို အရည်အချင်း၊ အရည်အသွေး စစ်ဆေးနိုင်ရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအား တတိယအဖွဲ့အစည်းမှ စစ်ဆေးပေးခြင်းလုပ်ငန်းအား ရှင်းလင်းဆွေးနွေး တင်ပြလာသည့်အပေါ် ကြိုဆိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်က မိတ်ဆက်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးက Knowledge Sharing of P.E Process အကြောင်းကိုလည်းကောင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဝင်းမောင်က Procedure of MICEG အကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြပြီး ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရခိုင်ပြည်နယ်အင်ဂျင်နီယာအသင်းခွဲ(စစ်တွေ)မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း( ပြန်/ဆက်)**

## ဘူးသီးတောင်မြို့နယ် ကျေးရွာတွင်းကွန်ကရစ်လမ်း ဖောက်လုပ်

**ဘူးသီးတောင် ဖေဖော်ဝါရီ ၂၇**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေနှင့် ပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် ဖောက်လုပ်နေသော မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ကျောက်တောက်ကျေးရွာတွင်း ကွန်ကရစ်လမ်း ဖောက်လုပ်မှုသည် ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို ဖေဖော်ဝါရီ ဒုတိယပတ်က ကျောက်တောက်ကျေးရွာအုပ်စု ကျောက်တောက်ကျေးရွာ ကော်မတီဝင်များထံ ပေးအပ်ခဲ့ပြီး အဆိုပါ ရန်ပုံငွေနှင့် ပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် ၂၇ သိန်းတို့အပြင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုများဖြင့် အလျား ၉၅၅ ပေ၊ အနံ ၈ ပေရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းကို ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် အနေဖြင့် ယခုနှစ်တွင် အဆိုပါရန်ပုံငွေကို ကျောက်တောက်ကျေးရွာ တစ်ရွာတည်းသာ ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် ရေရရှိရေး၊ မီးလင်းရေးနှင့် ရွာတွင်းလမ်းများ ပြုပြင်ရေးအစရှိသည့် လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်တောက် ကျေးရွာတွင် အိမ်ခြေ ၈၈ လုံး၊ အိမ်ထောင်စု ၇၆ စု၊ လူဦးရေ ၃၇၀ တို့ နေထိုင်လျက်ရှိပြီး အဆိုပါ ကွန်ကရစ်လမ်းကို လာမည့်မတ်လအတွင်း အပြီးဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဟိန်းထက်ဇော်၊ ဓာတ်ပုံ-ရာမည**



## မြစ်ကြီးနား-ပူတာအိုလမ်း ပြန်လည်အသုံးပြုနိုင်ရေးအတွက် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့က ညှိနှိုင်းလျက်ရှိ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား-ပူတာအို ကားလမ်း ပြန်လည်အသုံးပြုနိုင်ရေးအတွက် ကချင်ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့(PCG)မှ တပ်မတော်နှင့် KIA လက်နက်ကိုင်အဖွဲ့ကို ညှိနှိုင်းပေးနေကြောင်း PCG အဖွဲ့ထံမှ သိရသည်။

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်း ဆွမ်ပရာဘွမ်မြို့အနီးရှိ မိုင်တိုင်အမှတ် ၁၁၁ ဇနန်သံပေါင် ဘေလီတံတားကို ဇန်နဝါရီလကုန်ပိုင်းတွင် KIA လက်နက်ကိုင်အဖွဲ့က မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း သိရပြီး ယခုအခါပူတာအိုမြို့ ဒေသခံများ အနေနှင့် ကုန်ဈေးနှုန်းကြီးမြင့်နေခြင်းကြောင့် အခက်အခဲကြုံတွေ့နေကြရပြီး ထိုတံတားနှင့် ကားလမ်းများကို ပြန်လည်အသုံးပြုနိုင်ရန်အတွက် ငြိမ်းချမ်းရေးအကျိုးတော်ဆောင် (PCG)အဖွဲ့မှ ညှိနှိုင်းပေးနေခြင်းဖြစ်သည်။

“လွန်ခဲ့တဲ့နှစ်ပတ်လောက်ကတည်းက နှစ်ဖက်အဖွဲ့ကို ညှိနှိုင်းပေးတာပါ၊ လောလောဆယ် ကျွန်တော်တို့ ညှိနှိုင်းမှုက အရာမရောက်သလိုဖြစ်နေတယ်၊ တိုက်ပွဲ မဖြစ်ရင်တော့ ငြိမ်းချမ်းရေးအတွက်ရော၊ ဒီလမ်းခရီးအတွက်ရော အဆင်ပြေမှာပါ၊ အဲ့ဒါမှမဟုတ်ရင်တော့ ပြည်သူတွေက ဒုက္ခတွေ ဆက်ပြီး ခံစားနေရမှာပဲ”ဟု ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG) မှ ဦးဆန်းအောင်က ပြောသည်။

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ပြည်သူများမှာ မြစ်ကြီးနား - ဆွမ်ပရာဘွမ်နှင့် ပူတာအိုလမ်းကြောင်းတစ်ခုတည်းသာ အဓိကအားထားနေကြရသည့်အတွက် အမြန်ဆုံးပြုပြင်ပေးရန် ကချင်ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ကချင်ပြည်နယ်လွှတ်တော်တွင် ဖေဖော်ဝါရီ ၇ ရက်က ဆွေးနွေးခဲ့သည်။

အဆိုပါ တံတားပျက်ပြီးနောက် မြစ်ကြီးနား-ပူတာအိုလမ်း ပြတ်တောက်ခဲ့ပြီး ပူတာအိုဒေသအတွင်းတွင် စက်သုံးဆီနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုများကို ဒေသခံများက ကြုံတွေ့နေရကြောင်း သိရသည်။

**မင်းမင်းဦး**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

သုတေသနဆိုင်ရာ ကျင့်ဝတ်နှင့် ပတ်သက်သည့် “Workshop on Research Ethics and Responsible Conduct of Research’’ အလုပ်ရုံဆွေးနွေးပွဲကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)ရွှေရတုခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ရာ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးသုတေသနဦးစီးဌာန(ရန်ကုန်)နှင့် ပြည်သူ့ကျန်းမာရေး ဆေးတက္ကသိုလ်(ရန်ကုန်)တို့မှ ပညာရှင် ငါးဦးတို့ လာရောက်ဟောပြောပို့ချခဲ့ပြီး သင်ကြားရေး ဆရာ ဆရာမ ၂၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်း ရွာနိုင်သည်။ **မိုး/ဇလ**

**မဟာအောင်မြေမြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် မဟာအောင်မြေမြို့နယ်ရုံး ဝန်ထမ်းများနှင့် MUP ကုမ္ပဏီမှဝန်ထမ်းများ ပူးပေါင်း၍ မဟာမြိုင် (၁)ရပ်ကွက်တွင် 200 kVA ထရန်စဖော်မာအသစ်တစ်လုံးတည်ဆောက်ပေးခြင်း၊ 11 kV လိုင်း တစ်ခန်း တည်ဆောက်ခြင်း၊ 0.4 kV လိုင်း ၁၅ ခန်း တည်ဆောက်ခြင်းတို့ကို ဖေဖော်ဝါရီ ၂၃ ရက်က ဆောင်ရွက်ပေးစဉ်။** အေးမြ(မန္တလေး)



# နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းမြို့ဝါးချက်ကျေးရွာ ကမ္ဘောဇကျောင်းတိုက် ဦးစီးပဓာန နာယကဘဒ္ဒန္တဝါယမ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ဝါးချက်ကျေးရွာ ကမ္ဘောဇကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝါယမ သက်တော်(၉၀)၊ သိက္ခာတော် (၇၀)သည် ၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် ၂၅-၂-၂၀၁၈ တနင်္ဂနွေနေ့ ညနေ ၄း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၁-၃-၂၀၁၈ ရက်တွင် အန္တိမအဂ္ဂိစျာပနအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်ကိုင်းမြို့နယ် ဝါးချက်ကျေးရွာ ကမ္ဘောဇကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တဝါယမ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်း၊ ထုံးဘိုရွာ ခမည်းတော် ဦးစံရ၊ မယ်တော် ဒေါ်မမကြီးတို့မှ ၁၂၈၂ ခုနှစ် တပို့တွဲလဆန်း ၄ ရက်တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ ခုနှစ်တွင် စစ်ကိုင်းမြို့ မင်းကွန်း၊ ထုံးဘိုရွာ အလယ်ကျောင်း ခဏ္ဍာသိမ်၌ အလယ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မတ္တရာမြို့နယ် ရွှေအပ်ပုံရွာနေ ရဟန်းဒါယကာ ဦးတင် + ဒါယိကာမ ဒေါ်လှခင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ ခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပဋ္ဌာန်းဆရာတော်ကြီးနှင့် စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပါသည်။

**သာသနာရေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် စစ်ကိုင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အဖြစ်



လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့ပြီး ယနေ့အချိန်ထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်သည် သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၀)နှစ်၊ သိက္ခာတော် (၇၀) ဝါအရ ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၁ ရက် ၂၅-၂-၂၀၁၈ တနင်္ဂနွေနေ့ ညနေ ၄း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၁-၃-၂၀၁၈ ရက်တွင် အန္တိမအဂ္ဂိစျာပနအခမ်းအနား ပြုလုပ်ကျင်းပမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# စားသုံးသူ ဘေးကင်းလုံခြုံရေး၊ ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်သင့်သည့် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များ

**ရှင်မင်း**

**စားသုံးသူ ဘေးကင်းလုံခြုံရေးကို နိုင်ငံတကာတွင် ပိုမိုကျင့်သုံးဆောင်ရွက်လာပြီး မြန်မာနိုင်ငံတွင်လည်း ဘေးအန္တရာယ်ကင်းရှင်းသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP) လိုအပ်လာပြီဖြစ်ပါသည်။ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များကို ကျင့်သုံးဆောင်ရွက်ခြင်းမှသည် ဘေးအန္တရာယ်ကင်းရှင်းသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ရရှိနိုင်မည်ဖြစ်သည်။**

ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များကို မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ဥစားကြက်မွေးမြူရေး၊ အသားတိုးကြက်မွေးမြူရေး၊ တိုင်းရင်းကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ မိရိုးဖလာဝက်မွေးမြူရေး၊ ပျားမွေးမြူရေးတို့နှင့်ပတ်သက်သည့် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP) ကို ရေးဆွဲပြီးဖြစ်ကြောင်း သိရှိရသည်။

"ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ဥစားကြက်မွေးမြူရေး၊ အသားတိုးကြက်မွေးမြူရေး၊ တိုင်းရင်းကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ မိရိုးဖလာဝက်မွေးမြူရေး၊ ပျားမွေးမြူရေးနဲ့ပတ်သက်တဲ့ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်ကို ရေးဆွဲပြီးဖြစ်ပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောသည်။

**ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်**

ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်နှင့် ပတ်သက်၍ မွေးမြူရေး လုပ်ငန်းရှင်များအပါအဝင် သက်ဆိုင်ရာကဏ္ဍစုံမှ ပါဝင်သည့် GAHP Stakeholder ညှိနှိုင်းအစည်းအဝေးများကိုလည်း ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးများမှ ရရှိလာသည့် အကြံပြုချက်များဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"GAHP ကို ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတကာမှာ ဘယ်လိုရှိလဲ လေ့လာတယ်၊ ဒါပေမယ့် ကိုယ့်နိုင်ငံနဲ့ ကိုက်ညီတာ၊ လိုက်ပါဆောင်ရွက်နိုင်တာမျိုးကို ရေးဆွဲထားတာဖြစ်ပါတယ်၊ GAHP နဲ့ပတ်သက်ပြီး အသိပညာပေးတာကို ကျွန်တော်တို့ တိုင်းဒေသကြီး၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွေက တစ်ဆင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ သင်တန်းတွေ၊ ဆွေးနွေးပွဲတွေလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု အဆိုပါဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဇော်လွန်းအောင်က ရှင်းပြသည်။

ထို့ပြင် GAHP ရေးဆွဲခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ မွေးမြူရေးလုပ်ငန်းများနှင့် ကိုက်ညီမှု၊ ဆောင်ရွက်နိုင်မှုနှင့် ဖြစ်နိုင်ခြေများကို အသေးစိတ်လေ့လာကာ လက်တွေ့မွေးမြူရေးနှင့် လိုက်လျောညီထွေမှုရှိသည့် ကျင့်စဉ်များကို ဖော်ထုတ်သွားကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တိုက်တွန်းမှာကြားထားကြောင်း သိရသည်။

ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်ကို အရည်အသွေးကောင်း တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်ယူရရှိရေး၊ စားသုံးသူဘေးကင်းလုံခြုံရေး၊ မွေးမြူရေးနှင့် ခြံလုပ်သားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရေရှည်တည်တံ့သည့် ပတ်ဝန်းကျင် အကျိုးပြုမွေးမြူထုတ်လုပ်မှု ဖြစ်စေရေးအတွက်ရည်ရွယ်ကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရေးဆွဲဆောင်ရွက်ပြီးသည့် ဥစားကြက်မွေးမြူရေး၊ အသားတိုးကြက် မွေးမြူရေး၊ တိုင်းရင်းကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ မိရိုးဖလာဝက်မွေးမြူရေး၊ ပျားမွေးမြူရေးနှင့် ပတ်သက်သည့် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေအပေါ် ဒေါက်တာ ဇော်လွန်းအောင်က "မြန်မာနိုင်ငံရဲ့ အသားကဏ္ဍမှာ ပုံမှန်အားဖြင့် မိရိုးဖလာ မွေးနည်းပဲ များတယ်။ အဆင့်မြင့်နည်းပညာနဲ့ မွေးမြူထုတ်လုပ်တာမရှိသေးဘူး၊ မွေးမြူရေးကဏ္ဍမှာ ခြံတွေနဲ့ စနစ်တကျမွေးမြူဖို့၊ မှတ်တမ်းတွေထိန်းသိမ်းဖို့၊ ကျန်းမာရေးစောင့်ရှောက် ဖို့၊ ခြံမှာရှိတဲ့ အလုပ်သမားတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ဒါတွေဟာ စနစ်တကျရှိဖို့ လိုအပ်ပါတယ်၊ ဒါတွေအတွက် ကျွန်တော်တို့က Guideline တွေ ရေးဆွဲထားပါတယ်၊ ကောင်းမွန်တဲ့ ကျင့်စဉ်ပေါ့၊ ဒါတွေကို ခြံတွေမှာ လိုက်နာဆောင်ရွက်ဖို့ ချမှတ်ပေးတာပါ။

"ဒီလိုဆောင်ရွက်နိုင်ဖို့ Certificate စနစ်နဲ့ သွားမှာပါ၊ GAHP ကို လုပ်နိုင်တာလည်း ရှိတယ်၊ မလုပ်နိုင်တာလည်း ရှိတယ်၊ လုပ်ကို လုပ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်မရှိဘူး၊ GAHP အတိုင်း ဆောင်ရွက်တဲ့သူက အားသာချက်ရှိမယ်၊ GAHP အတိုင်း ဆောင်ရွက်ရင် အသိအမှတ်ပြုထောက်ခံချက် Certificate ရသွားမယ်၊ မွေးမြူတာက အစ စနစ်တကျမွေးမြူပြီး အာဟာရအပြည့် ထုတ်လုပ်တာဖြစ်တဲ့အတွက် ပြည်သူယုံကြည်မှုလည်း ရမယ်၊ ပြည်ပပို့ဖို့လည်း အခွင့်အလမ်းတွေ ရသွားမယ်၊ ရောင်းချဖို့ ဈေးကွက်ပိုရမယ်၊ ဒါက အားသာချက်တွေပါ။

"GAHP ဖွံ့ဖြိုးတိုးတက်ဖို့က ချက်ချင်းကြီး မြန်မြန်ဆန်ဆန် သွားလို့မရပါဘူး၊ ပထမဆုံး အသိပညာပေးရမယ်၊ ဒီအတွက်လည်း ညှိနှိုင်းအစည်းအဝေးတွေ အကြိမ်ကြိမ် လုပ်ခဲ့ပါတယ်၊ ပြီးမှသာ လုပ်နိုင်တဲ့သူတွေကို ထုတ်ပေးရမယ်၊ ဒီနေရာမှာ မွေးမြူရေး လုပ်ငန်းရှင်တွေအနေနဲ့ GAHP မှာ မြေသတ်မှတ်ချက်ရှိတဲ့အတွက် စိုးရိမ်ကြတာလည်း ရှိပါတယ်၊ GAHP ကို မလုပ်မနေရ မဟုတ်ပါဘူး၊ လုပ်နိုင်တဲ့သူကတော့ GAHP လက်မှတ်ရလာမှာဖြစ်တဲ့အတွက် ပြည်တွင်းမှာရော ပြည်ပမှာပါ မျက်နှာပန်းသာမှာ ဖြစ်ပါတယ်၊ အားသာချက်လို့လည်း ပြောလို့ရပါတယ်"ဟု ပြောကြားသည်။

**အသိအမှတ်ပြုထောက်ခံချက်**

ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်ဆောင်ရွက်မှုအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အသိအမှတ်ပြုထောက်ခံချက် Certificate ကို ထုတ်ပေးသွားမည်ဖြစ်ရာ ထိုသို့ဆောင်ရွက်ရခြင်းအပေါ် ဒေါက်တာဇော်လွန်းအောင်က "ပြည်ပနဲ့ ကုန်သွယ်ဖို့ကျတော့ အာဆီယံဒေသတွင်းမှာကအစ GAHP နဲ့ ထုတ်လုပ်မှုဆိုတဲ့ သတ်မှတ်ချက်မျိုး ရှိကြတယ်၊ GAHP တစ်ခုတည်းတင်တောင် မဟုတ်ပါဘူး၊ ဇီဝလုံခြုံမှု စတာမျိုးတွေလည်း ရှိပါသေးတယ်၊ GAHP စနစ် ကျွန်တော်တို့ဆီမှာ ကောင်းစွာ မဖွံ့ဖြိုးသေးတော့ ဥပမာပြောရရင် ပြည်ပကို လက်ဖက်တင်ပို့မယ်၊ ဒါပေမယ့် GAHP မရှိရင် နိုင်ငံတကာကို ဝင်တိုးလို့ မရတော့ဘူး၊ ဒါမျိုးတွေ ရှိလာပါတယ်၊ ဒါကြောင့် အသားကဏ္ဍ ဖွံ့ဖြိုးဖို့ ဆောင်ရွက်တဲ့အခါမှာလည်း GAHP က မရှိမဖြစ် ဖွံ့ဖြိုးဖို့ လိုအပ်လာပါတယ်၊ ဒါမှသာ အာဆီယံဒေသတွင်းနဲ့ရော နိုင်ငံတကာအတွက်ပါ ကျွန်တော်တို့ လိုက်ပါဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်၊ အာဆီယံဒေသတွင်းမှာဆို မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့ ကျန်နေတာပါ။

"အာဆီယံဒေသတွင်းမှာက စီးပွားဖြစ်မွေးတာရှိသလို၊ ဒေသအလိုက် တစ်နိုင်တစ်ပိုင် မွေးတာလည်းရှိတော့ ဒီနှစ်မျိုးလုံးအတွက်ဆို ထုတ်ပေးပါတယ်၊ ကျွန်တော်တို့လည်း ဒီလိုပဲ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ GAHP နဲ့ ပတ်သက်ပြီး မွေးမြူရေးကဏ္ဍမှာ နည်းနည်းစိမ်းတယ်လို့ ပြောလို့ရပါတယ်၊ ငါးမွေးမြူရေးကလွဲပြီး တခြားအသားကဏ္ဍကို ပြည်ပတင်ပို့တာ မရှိတဲ့အတွက် GAHP နဲ့ စိမ်းတာဖြစ်ပါတယ်၊ ငါးမွေးမြူရေးကတော့ အရင်ကတည်းက ပြည်ပတင်ပို့တာရှိတဲ့အတွက် GAHP ရှိပြီးသားဖြစ်ပါတယ်၊ ပြည်ပတင်ပို့ဖို့ရှိတဲ့ ငါးတို့၊ စိုက်ပျိုးရေးကဏ္ဍတို့က ရှိပါတယ်၊ ခုနောက်ပိုင်းမှာတော့ အသားကဏ္ဍ တင်ပို့မှုတွေ ဖွံ့ဖြိုးလာတယ်၊ ဒါကြောင့် အဆင့်မြင့်တင်ဖို့ လိုအပ်လာပါတယ်"ဟု ပြောသည်။

မွေးမြူရေးလုပ်ငန်းများအား ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်နှင့် ပတ်သက်၍ ပထမအဆင့်အနေဖြင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြီး မွေးမြူရေးလုပ်ငန်းများအား GAHP ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးရာတွင် အချက် ၁၄ ချက်အပေါ်တွင် မူတည်ကာ စစ်ဆေးအတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။


မွေးမြူရေးခြံအဖြစ်ဆောက်လုပ်ရန် နိုင်ငံတော်က တရားဝင်ခွင့်ပြုထားသည့် မြေနေရာတွင် ဆောက်လုပ်ထားရှိမှု၊ လူနေအိမ်များနှင့် အနည်းဆုံး ကိုက် ၅၀၀ အကွာအဝေးတွင် ရှိမှု၊ မွေးမြူရေးခြံ၏ ခြံစည်းရိုးသည် လုံခြုံစိတ်ချရပြီး ခြံအဆောက်အအုံနှင့် ပေ ၅၀ အကွာအဝေးတွင် ရှိမှု၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ ရေကြီးခြင်းနှင့် ရေလွှမ်းမိုးခြင်း မရှိနိုင်သည့် နေရာဖြစ်မှု၊ သားသတ်ရုံများ၊ အခြား တိရစ္ဆာန်များကို သတ်သည့်နေရာ၊ တိရစ္ဆာန်ဈေးကွက်နှင့် အနည်းဆုံး သုံးမိုင်ကွာဝေးမှု၊ အလုပ်သမားနားနေခန်း၊ သန့်စင်ခန်းတို့အား စနစ်တကျ ထားရှိမှု၊ စွန့်ပစ်ပစ္စည်းထားရှိသည့် နေရာ၊ အသေကောင်ဖျက်ဆီးသည့်နေရာနှင့် အစာသိုလှောင်ရုံတို့အား စနစ်တကျထားရှိမှု၊ ခြံအဝင်၊ အထွက် ဂိတ်ပေါက် သီးခြားစီထားရှိပြီး ပိုးသန့်စင်ခြင်း ဆောင်ရွက်ထားရှိမှု၊ ခြံအဝင်၊ အထွက်လမ်းများ လုံလောက်သော အကျယ်အဝန်းရှိမှု၊ မွေးမြူရေးခြံအဆောက်အအုံသည် မွေးမြူမည့်စနစ် တိရစ္ဆာန်အမျိုးအစား၊ အရွယ်အစားအလိုက် သတ်မှတ်ထားသည့် ပုံစံဖြစ်မှု၊ မွေးမြူရေးခြံအဆောက်အအုံ ပုံစံသည် ဇီဝလုံခြုံမှု နည်းလမ်းအရ ညွှန်ကြားချက်များနှင့် ကိုက်ညီသည့် ပုံစံဖြစ်မှု၊ ရာသီအလိုက် ရွှေ့ပြောင်းသွားလာမှုရှိသည့် ဆောင်းခိုငှက်ကဲ့သို့ တောရိုင်းငှက်များနှင့် ထိစပ်မှုမရှိ နေရာဖြစ်မှုတို့ကို မူတည်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လက်တွေ့လိုက်နာကျင့်သုံးနိုင်မှု ရှိ၊ မရှိ**

မွေးမြူသူများ၏ မွေးမြူရေးကျင့်စဉ်များကို စစ်တမ်းကောက်ယူခြင်း၊ ဇီဝလုံခြုံမှုဆိုင်ရာ အချက်အလက်များကို စစ်တမ်းကောက်ယူခြင်း၊ လက်ရှိရေးဆွဲထားသည့် GAHP မူကြမ်းများနှင့်အညီ မွေးမြူသူများမှ လက်တွေ့လိုက်နာကျင့်သုံးနိုင်မှု ရှိ၊ မရှိ အကဲဖြတ်လေ့လာခြင်းတို့ကိုလည်း အဆိုပါ ဦးစီးဌာနမှ အမြဲစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကျန်ရှိနေသေးသည့် နို့စားနွား၊ အသားတိုးနွား၊ သိုး၊ ဆိတ်၊ ဘဲနှင့် ပတ်သက်သည့် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်ကို ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပြီး ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်နှင့် ပတ်သက်သည့် အာဆီယံဒေသနိုင်ငံများ အစည်းအဝေးကိုလည်း လာမည့် ဧပြီလအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ဥစားကြက်မွေးမြူရေး၊ အသားတိုး ကြက်မွေးမြူရေး၊ တိုင်းရင်းကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ မိရိုးဖလာဝက်မွေးမြူရေး၊ ပျားမွေးမြူရေးတို့နှင့် ပတ်သက်၍ ရေးဆွဲထားသည့် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ Official Website တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ ။



# အောင်လံမြို့နယ် ပြလို့ဘူတာအနီး ၂၃၀ ကေဗွီ ဓာတ်အားလိုင်းကြိုး နိမ့်ကျသဖြင့် အန္တရာယ်ဖြစ်ပေါ်နိုင်

**အောင်လံ ဖေဖော်ဝါရီ ၂၇**

အောင်လံမြို့နယ် ပြလို့ဘူတာအနီးရှိ ရထားလမ်းပေါ်သို့ ၂၃၀ ကေဗွီဓာတ်အားလိုင်းကြိုးနိမ့်ကျနေခြင်းကို ပြလို့ဘူတာရုံပိုင် ဦးဝင်းဒွေးက ၁၄-၁-၂၀၁၈ တွင် လျှပ်စစ်ဓာတ်အားခွဲရုံ(ပြည်)သို့ ဖုန်းဖြင့်အကြောင်းကြားခဲ့ရာ ၁၅-၁-၂၀၁၈ တွင် မြန်မာ့လျှပ်စစ်ဓာတ်အားမှ တာဝန်ရှိသူများနှင့် ပြလို့ရုံပိုင်တို့ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ကင်းလွတ်အကွာအဝေးအနီးဆုံး ကိုးပေရှိရမည်ဖြစ်၍ လက်ရှိတွင် ရထားနှင့် ခုနစ်ပေခန့်သာ ကင်းလွတ်ပြီး အောက်ခံကြိုးမှာလည်း ရထားနှင့် နီးကပ်စွာ ကျရောက်နေသည်ကို စစ်ဆေးတွေ့ရှိသော်လည်း ယနေ့အထိ ပြုပြင်ပေးခြင်းမရှိသည်ကို တွေ့ရသည်။ ယင်းအတွက်ကြောင့် ရထားစီးနင်းသည့် ခရီးသည်များ၏ အသက်အန္တရာယ်နှင့် ရထားများ၏ မတော်တဆမှုကို ကြိုတင်ကာကွယ်ရန် သက်ဆိုင်ရာမှ အမြန်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။ **မိုးကိုကို(အောင်လံ)**

# ဆိပ်ဖြူမြို့ ပတ္တမြားဈေး ရွှေဆိုင်မှ ငွေကျပ် ၇၀၈ သိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းခိုးယူသူများအနက် တစ်ဦးဖမ်းဆီးရမိ

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပတ္တမြားဈေးရှိ ဦးရွှေရိုး-ဒေါ်စန်းတင် ရတနာရွှေဆိုင်မှ ဖေဖော်ဝါရီ ၁၀ ရက်က အလေးချိန် ၇၉ ကျပ်သားခန့် (ကာလတန်ဖိုး ငွေကျပ် ၇၀၈ သိန်းခန့်)ရှိ ရွှေထည်ပစ္စည်းများ ခိုးယူခဲ့သူတစ်ဦးကို ဖေဖော်ဝါရီ ၂၆ ရက် ညပိုင်းက မိတ္ထီလာမြို့၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူမြို့ ရွာသစ်ရပ်ကွက်နေ ဒေါ်လေးလေးမွန်သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီခန့်က ပတ္တမြားဈေးရှိ ရွှေဆိုင်တွင် ရွှေထည်ပစ္စည်းများ ရောင်းချနေစဉ် အမျိုးသမီးနှစ်ဦး ရောက်ရှိလာပြီး ရွှေထည်ပစ္စည်းများ ကြည့်ရှုကာ ရွှေဆွဲသီးကို ပြသပေးရန် တစ်ဦးက ပြောပြီး ပြသချိန်တွင် နောက်ထပ် အမျိုးသမီးတစ်ဦး ထပ်မံရောက်ရှိလာကာ ရွှေထည်ပစ္စည်းများ ကြည့်ရှုနေကြောင်း၊ အမျိုးသမီးနှစ်ဦးက ဘယ်ဘက်ကောင်တာအတွင်းမှ ရွှေထည်ပစ္စည်း ကြည့်ရှုပြီး တန်ဖိုး တွက်ချက်ပေးရန် ပြောဆို၍ တွက်ချက်ပေးစဉ် ၎င်းအမျိုးသမီးမှာ ရွှေဆိုင်မှ ပြန်လည်ထွက်ခွာသွားကြောင်း။

ထို့နောက် မကြာမီအချိန်တွင် အမျိုးသမီးနှစ်ဦးမှာလည်း ဈေးမတတ်နိုင်သေးကြောင်း ပြောဆိုကာ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ အဆိုပါ အမျိုးသမီးများထွက်ခွာသွားပြီး အခြားဈေးဝယ်သူများအား ရွှေထည်များ ပြသပေးရန် ကြည့်ရှုစဉ် ယာဘက်ကောင်တာအတွင်း ထည့်ထားသည့် ရွှေဆွဲကြိုး ၁၉၉ ကုံးခန့် (စုစုပေါင်း အလေးချိန် ၇၉ ကျပ်သားခန့်) ကာလတန်ဖိုး ငွေကျပ် ၇၀၈ သိန်းခန့်ရှိ ရွှေထည်ပစ္စည်းများ ပျောက်ဆုံးနေကြောင်း သိရှိ၍ ဆိပ်ဖြူမြို့မရဲစခန်းသို့ ဒေါ်လေးလေးမွန်က အမှုဖွင့်တိုင်တန်းခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီး မှုခင်းအကူရဲတပ်ဖွဲ့၊ ခရိုင်မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ဆိပ်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့မစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက ကွင်းဆင်းစုံစမ်းခဲ့ရာ ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် မိတ္ထီလာမြို့ ပြည်သာယာ ၃ လမ်းနှင့် ၄ ကြားနေ မစန်း(ခ)သဲသဲ(ခ) သန်းသန်းနိုင် (၄၄ နှစ်)**(ယာပုံ)**ကို မိတ္ထီလာခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ အကူအညီရယူ၍ ဖမ်းဆီးရမိခဲ့သည်။

ပူးပေါင်းပါဝင်သူများ ဖြစ်သည့် မသက်သက်ဝေ(၄၁ နှစ်) မိတ္ထီလာမြို့နေသူနှင့် မသီတာ(ခ)မဝင်း ပြည်မြို့နေသူတို့သည် တိမ်းရှောင်ထွက်ပြေးလျက်ရှိပြီး ၎င်းတို့ နှစ်ဦးအား ထပ်မံဖမ်းဆီးမိနိုင်ရေး စုံစမ်းဖော်ထုတ် ဆောင်ရွက်လျက်ရှိသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**



## သံတောင်ကြီးမြို့နယ်တွင် ငါးရှာသွားသည့် ဒေသခံတစ်ဦး ဒေသန္တရနင်းမိုင်းတစ်လုံး နင်းမိ၍ ဒဏ်ရာများရရှိ

**သံတောင်ကြီး ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သပြေညွန့်ကျေးရွာတွင် ဖေဖော်ဝါရီ ၂၅ ရက် ညပိုင်းက ငါးရှာရန်ထွက်လာသည့် ဒေသခံတစ်ဦး ဒေသန္တရနင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲရာမှ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက် ည ၁၀ နာရီခန့်က သံတောင်ကြီးမြို့နယ် သပြေညွန့်ကျေးရွာနေ ကိုလတ် (၄၀နှစ်)၊ နန်းဝင်းအောင် (၁၈နှစ်)၊ နေမင်းထွန်း(ခ)ငပွေး (၁၉ နှစ်)တို့သည် ငါးရှာရန်အတွက် ကျေးရွာမှ ထွက်ခွာလာစဉ် ဒေသအခေါ် ကျွန်းကျိုးသို့အရောက် နေမင်းထွန်း(ခ)ငပွေးမှာ ဒေသန္တရနင်းမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် ယာခြေဖနောင့်ပြတ်၊ ဝဲဒူးခေါင်းနှင့် ပေါင်တို့တွင် မိုင်းစများ ထိမှန် (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့၍ ကိုလတ်နှင့် နန်းဝင်းအောင်တို့က ခေါ်ဆောင်လာပြီး ဖေဖော်ဝါရီ ၂၆ ရက်က တောင်ငူဆေးရုံသို့ ဆက်လက်ပို့ဆောင်၍ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ **မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**

## ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်မရှိဘဲ လူစုဆောင်း၊ ငွေကြေးလိမ်လည်သူများအား တရားစွဲဆို

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သာယာအေးလမ်း အမှတ် ၉၂ တွင် ရုံးခန်းဖွင့်လှစ်ထားသော SOD ကုမ္ပဏီလီမိတက်သည် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်မရှိဘဲ ထိုင်ဝမ်သို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် လူ ၁၀၀၀ ကို ပြည်ပသို့ အလုပ်သမားများ စေလွှတ်ရန်အတွက် လူစုဆောင်းခြင်း၊ ငွေကြေးလိမ်လည်ရယူခြင်းများ ပြုလုပ်ခဲ့ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနက ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ ဖြင့် SOD ကုမ္ပဏီလီမိတက်နှင့် ဆက်စပ်ပါဝင်သူ ၁၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရဲစခန်း၊ အင်းစိန်မြို့နယ်ရဲစခန်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရဲစခန်း၊ ညောင်လေးပင်မြို့နယ်ရဲစခန်း၊ တောင်ငူမြို့နယ်ရဲစခန်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရဲစခန်းတို့တွင် တရားစွဲဆိုထားကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် သတိထားစုံစမ်းမေးမြန်းပြီးမှသာ အလုပ်သွားရောက်လုပ်ကိုင်သင့်ပြီး မိမိ ဆက်သွယ်ဆောင်ရွက်သည့် အေဂျင်စီများကို ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင် တရားဝင် ရှိ၊ မရှိကို သေချာစွာ စုံစမ်းစစ်ဆေးရန် လိုအပ်ကြောင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများအနေဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ ရွှေ့ပြောင်းအလုပ်သမားများ ထောက်ပံ့ကူညီရေးဗဟိုဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပြီး Save Migration ဖေ့စ်ဘုတ်စာမျက်နှာများပေါ်တွင်လည်း ဝင်ရောက်ကြည့်ရှုစုံစမ်းပြီး တရားဝင်အလုပ်အကိုင်များ ရရှိစေရန်အတွက် သတိပြုကြရန် လိုအပ်ကြောင်း သိရသည်။

**ခင်ရတနာ**

## ပဲခူးရိုးမ၌ တောဆင်ရိုင်းတစ်ကောင် တူမီးသေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံး

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင် ပဲခူးရိုးမတောင်ပေါ် ရန္တယ်သစ်တောကြိုးဝိုင်း အကွက်အမှတ် ၇ ရိုးကြီးချောင်းဖျား၌ ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီက တောဆင်ရိုင်းတစ်ကောင် တူမီးသေနတ်ဖြင့် ပစ်ခတ်ခံရကာ သေဆုံးမှု ဖြစ်ပွားခဲ့သည်။



သတင်းအရ ဆင်သေဆုံးသည့်နေရာသို့ ပဲခူးခရိုင် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ဒုရဲမှူး နေထွန်းလင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဖဒိုစခန်းမှူး ရဲအုပ်ရဲထွဋ်ကိုနှင့် တပ်ဖွဲ့ဝင်များ၊ တောအုပ်ကြီး ဦးမင်းသူနှင့် သစ်တောဝန်ထမ်းများ၊ ဆင်ဆရာဝန် ဒေါက်တာသိန်းစိုးနှင့် အဖွဲ့များသည် ဆင်သေဆုံးမှုနှင့် ပတ်သက်ပြီး စစ်ဆေးမှုများ ပြုလုပ်ရာ သေဆုံးဆင်မှာ ဟန်ကုတ်ဆင် အမျိုးအစားဖြစ်ပြီး အလျား ရှစ်ပေ ခုနစ်လက်မ၊ လုံးပတ် ၁၄ ပေ၊ အရပ်အမြင့် ကိုးပေ၊ နှာမောင်းအရှည် ငါးပေ သုံးလက်မ၊ အသက် ၃၀ နှစ်ခန့်၊ သစ်ခွံထိုးအစွယ်ရှိ(အထီး) အနက်ရောင်တောဆင်ရိုင်း၌ ယာဘက်လည်ပင်းတွင် ဖောက်ထွင်းဒဏ်ရာရရှိပြီး သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ဆင်ဆရာဝန် မှတ်ချက်အရ တူမီးသေနတ်ဖြင့် ပစ်ခတ်ခံရကာ သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးဆင်ကို အခင်းဖြစ်နေရာတွင် တောအုပ်ကြီး ဦးမင်းသူနှင့် အဖွဲ့က မီးသင်္ဂြိုဟ်ခဲ့ပြီး ဆင်ကိုပစ်ခတ်ခဲ့သည့် ဆင်မုဆိုးများအား ဖမ်းဆီးရမိနိုင်ရေးအတွက် သစ်တောရဲတပ်ဖွဲ့၊ ဖဒိုနယ်မြေရဲစခန်းမှူးနှင့် အဖွဲ့များ၊ သစ်တောဝန်ထမ်းများက လိုက်လံစုံစမ်းရှာဖွေ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## မြင်းခြံမြို့၌ တရားမဝင်ဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများ ရှာဖွေဖမ်းဆီးရမိ

**မြင်းခြံ ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် လိုင်စင်ရဆေးဆိုင်မှ ထုတ်လုပ်ရက်၊ ကုန်ဆုံးရက် လိမ်လည်ထားသောဆေးဝါးများ၊ တရားမဝင်ဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများ ရှာဖွေဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနခွဲ(မန္တလေး)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးငြိမ်းမြတ်နှင့် အဖွဲ့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြင်းခြံမြို့နယ်အတွင်းရှိ ဆေးဝါးရောင်းချသည့် ဆိုင်များအား မှတ်ပုံတင်မရှိသောဆေးဝါးများ၊ ဆေးဝါးအတုနှင့် စံချိန်မညီသော ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ၊ ရောင်းချမှု ရှိ၊ မရှိနှင့် ကောင်းမွန်သောဆေးဝါးသိုလှောင်ရောင်းချမှု ကျင့်စဉ်နှင့်အညီ ရောင်းချမှု ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးရာ မြင်းခြံမြို့ အမှတ်-၁ ရပ်ကွက်ရှိ ဦးတင်ဝမ်း၏ ဆေးဆိုင်ကို ဝင်ရောက်ရှာဖွေစဉ် ဆေးဝါးရောင်းချသည့် ကောင်တာများပေါ်မှ ထုတ်လုပ်ရက်နှင့် ကုန်ဆုံးရက်ကို လိမ်လည်ပြင်ဆင်ထားသည့် ဆေးဝါး ၁၁ မျိုး၊ မြန်မာနိုင်ငံ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါး ၁၄ မျိုး၊ သက်တမ်းလွန်ဆေးဝါး နှစ်မျိုးတို့အား တွေ့ရှိရသဖြင့် ဆေးရောင်းချသူ မမူမူစိန်အား မြင်းခြံမြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



## ဘားအံမြို့၌ အမျိုးသားတစ်ဦး သံလွင်တံတားပေါ်မှ ခုန်ချ

**ဘားအံ ဖေဖော်ဝါရီ ၂၇**

ဘားအံမြို့တွင် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက အမျိုးသားတစ်ဦး သံလွင်တံတားပေါ်မှ သံလွင်မြစ်အတွင်းသို့ ခုန်ချပျောက်ဆုံးသွားကြောင်း သိရသည်။

ဘားအံမြို့ဘက်မှ သထုံမြို့ဘက်သို့ အမည်နေရပ်လိပ်စာမသိ အသက် (၂၂နှစ်)ခန့်၊ ဆံပင်ဗိုလ်ကေ၊ အသားဖြူ၊ အရပ် ၅ ပေ ၅ လက်မခန့်ရှိ အင်္ကျီအနီရောင်လက်တို၊ ဘောင်းဘီအရှည်၊ ခရီးဆောင်အိတ်လွယ်ထားသူမှာ သံလွင်တံတားအလယ် တံတားတိုင်အမှတ် PH 8 နှင့် PH 7 ကြားအရောက် ၎င်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အမှတ် ၂ယ/၅၆၄၀၆ Dream 125 စိမ်းပြာရောင်ဆိုင်ကယ်ကို ရပ်တန့်ပြီး သော့နှင့်ဆိုင်ကယ်ဦးထုပ်ကို အနီးတွင်ပစ်ချကာ တံတားလက်ရန်းကို ကျော်၍ ခုန်ချသွားကြောင်း၊ စောမောင်ကြီး ဘားအံမြို့ အမှတ် ၇ ရပ်ကွက်နေသူနှင့် တပ်ကြပ် ဇေယျာမျိုးသူ တပ်မတော်တပ်ထိန်းတို့က မြင်တွေ့လိုက်ရ၍ တားဆီးသော်လည်း မရရှိဘဲ မြစ်အတွင်း ခုန်ချပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ ဘားကပ်ရဲကင်းမှူး ရဲအုပ်ဇော်လင်းနှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ကျန်ရှိသော မော်တော်ဆိုင်ကယ်နှင့် ဦးထုပ်တစ်လုံးတို့အား သိမ်းဆည်းထားရှိပြီး ခုန်ချပျောက်ဆုံးသွားသူအား စုံစမ်းလျက်ရှိကြောင်း၊ ဘားကပ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူ၊ ရွာသားများပူးပေါင်း၍ စက်လှေများဖြင့် မြစ်အတွင်း လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တရားဝင်စာရွက်စာတမ်း မတင်ပြနိုင်သည့် စားသောက်ကုန်များဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးရှာဖွေလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် မူဆယ်နှင့် မန္တလေးမြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် Light Truck မော်တော်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်များ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဖုန်းသုန်းကြိုးဝိုင်းအတွင်း တရားမဝင်သစ်များနှင့် သစ်ခွဲစက်များအား ပိုင်ရှင်မဲ့ဖမ်းဆီးရမိ

**မော်လိုက် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ထော်သာကျေးရွာ အရှေ့တောင်ဘက် ဖုန်းသုန်းကြိုးဝိုင်းအတွင်း တရားမဝင်သစ်များ ခိုးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသဖြင့် မော်လိုက်မြို့နယ်ရဲတပ်ဖွဲ့မှူး အောင်မျိုးသန့်၊ နယ်မြေခံတပ်၊ သစ်တောဦးစီးဌာနနှင့် တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် ည ၁၁ နာရီခွဲတွင် အဆိုပါ သစ်တောကြိုးဝိုင်းအတွင်း သွားရောက်ဖမ်းဆီးရှာဖွေရာ တရားမဝင်သစ် များ၊ သစ်ခွဲစက်များနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ရှာဖွေဖမ်းဆီးရရှိမှုတွင် တရားမဝင် ကျွန်းသစ်ခွဲသားဆိုက်စုံ အချောင်း ၃၂၀ (၂ ဒသမ ၇၆၈၆ တန်)၊ တရားမဝင်ကျွန်းသစ်လုံး ၁၄ လုံး (၃ ဒသမ ၅၄၈ တန်)နှင့် သစ်ခွဲရာတွင် အသုံးပြုသည့် လွှစက်များ၊ ခိုင်းကျွဲလေးကောင်နှင့် ကျန်ဆက်စပ်ပစ္စည်းများအား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား ဖမ်းဆီးရမိရေးနှင့် ကျန်ဆက်စပ်အမှုများကိုလည်း စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**မော်လိုက်သားလေး**





# ရေဆိုးများကို သမုဒ္ဒရာထဲသို့ စွန့်ထုတ်ခဲ့သည့်အတွက် ပက်ထရိုဘရက်စ်ရေနံကုမ္ပဏီက ဘရာဇီးငွေသန်း ၁၀၀ ဒဏ်ကြေးပေးဆောင်ရ

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၇**

ဘရာဇီးနိုင်ငံပိုင် ပက်ထရိုဘရက်စ်ရေနံကုမ္ပဏီသည် ရေဆိုးများကို သမုဒ္ဒရာထဲသို့ စွန့်ထုတ်ခဲ့သဖြင့် ဘရာဇီးငွေသန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၃၁ သန်း) ဒဏ်ကြေးပေးဆောင်ခဲ့ရကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အဆိုပါကုမ္ပဏီသည် ရေနံထုတ်လုပ်ပြီးနောက် ထွက်ရှိလာသည့်ရေဆိုးများကို ပင်လယ်သမုဒ္ဒရာထဲသို့ စွန့်ထုတ်ခဲ့သောကြောင့် ဒဏ်ကြေးငွေများကို အာဏာပိုင်များထံသို့ ပေးဆောင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါငွေကြေးများကို ပင်လယ်နှင့် ကမ်းရိုးတန်းတစ်လျှောက်ရှိ ဇီဝမျိုးကွဲများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝအရင်းအမြစ်များ ဆိုင်ရာအဖွဲ့နှင့် သဘောတူညီချက်ရရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဒဏ်ကြေးငွေပေးဆောင်ရခြင်းသည် ရီယိုဒီဂျနေးရိုးကမ်းရိုးတန်းပြင်ပကွန်းကာ ဒီကမ်ပို့စ်ရှိ ရေနံတူးစင် ၂၈ ခုမှ ရေဆိုးများကို ပင်လယ်သမုဒ္ဒရာထဲသို့ တရားမဝင်စွန့်ပစ်မှုများနှင့် သက်ဆိုင်နေကြောင်း သိရသည်။

ပက်ထရိုဘရက်စ်ရေနံကုမ္ပဏီအနေဖြင့် လာမည့်နှစ်နှစ်အတွင်း ၎င်းတို့၏ ရေနံတူးစင်များမှ စွန့်ထုတ်ရေများနှင့် ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် အမျိုးသားသဘာဝပတ်ဝန်းကျင်ကောင်စီ၏ လိုအပ်ချက်များနှင့်ကိုက်ညီရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ရေနံတူးစင်များမှ ထွက်လာသော ရေဆိုးများနှင့် ပတ်သက်ပြီး နောက်ပိုင်းတွင် ပိုမိုတင်းကျပ်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပါပူဝါနယူးဂီနီနိုင်ငံ တောင်ပိုင်းကုန်းမြင့် ပြည်နယ်၌ ငလျင်အား ၇ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်ရာ လူ ၃၀ ကျော် သေဆုံး

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၇**

ပါပူဝါနယူးဂီနီနိုင်ငံ တောင်ပိုင်းကုန်းမြင့် ပြည်နယ် မန်ဒီမြို့အနောက်တောင်ပိုင်း ၉၆ကီလိုမီတာ၌ ယမန်နေ့က ၇ ဒသမ ၅ ပမာဏရှိ အင်အားပြင်း ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် လူပေါင်း ၃၀ ကျော် သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် မန်ဒီမြို့၌ လူ ၁၃ ဦး သေဆုံးခဲ့ပြီး အနီးရှိ ကူတူဘူနှင့် ဘိုဆော့ဗ်ဒေသများ၌ လူပေါင်း ၁၈ ဦးကျော် သေဆုံးခဲ့ကြောင်း ပြည်တွင်းသတင်းစာ ပီအင်န်ဂျီပို့စ်ကော်ရီရာ သတင်းက ဖော်ပြခဲ့သည်။ သို့သော်လည်း ငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်ပြီး အသေးစိတ်ဖော်ပြခြင်း မရှိသေးကြောင်း သိရသည်။

မြေအောက်အနက် ၃၅ကီလိုမီတာကို ဗဟိုပြုကာလှုပ်ခတ်ခဲ့သောကြောင့် လူပေါင်း ၃၀၀ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုပမာဏသည် အတော်များပြားကြောင်း ဟီလာအုပ်ချုပ်ရေးမှူး ဖီးလစ်အင်န်ဒီယာလူက ပြည်တွင်းမီဒီယာသို့ ပြောခဲ့သည်။

ငလျင်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အတော်များများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။ ငလျင်ကြောင့် တယ်လီဖုန်းလိုင်းများ၊ ဆက်သွယ်ရေးလိုင်းများပြတ်တောက်ခဲ့ပြီး မန်ဒီမြို့တွင်းနှင့် ပတ်လည်ရှိ နေထိုင်သူပေါင်း ၅၀၀၀၀ အတွက် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အပြင် အဆိုပါဒေသများ၌ နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်ကြောင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ရာ ကလေးငယ် လေးဦးအပါအဝင် အနည်းဆုံး လူ ၁၀ဦးသေဆုံးခဲ့ကြောင်း ပြည်တွင်းသတင်း ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် ပါပူဝါနယူးဂီနီတွင် ဖော်ပြခဲ့သည်။ ငလျင်ဒဏ်ခံဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်နေကြကြောင်း သိရသည်။

**ဆင်ဟွာ**



# မြောက်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံ အာဏာပိုင်များ မသန်စွမ်းအားကစားပြိုင်ပွဲကျင်းပရေးဆွေးနွေး

**ဆိုးလ် ဖေဖော်ဝါရီ ၂၇**

တောင်နှင့် မြောက်ကိုရီးယား အာဏာပိုင်များသည် လာမည့်လတွင်ကျင်းပမည့် မသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပမှုမတိုင်မီတွင် ဆွေးနွေးပွဲများကျင်းပလျက်ရှိကြောင်း သိရသည်။

မြောက်ကိုရီးယားသည် ဆောင်းရာသီအိုလံပစ်အားကစားပွဲ ကျင်းပစဉ်ကကဲ့သို့ပင် မြောက်ကိုရီးယားမှ အားကစားသမားများကို မသန်စွမ်းအားကစားပြိုင်ပွဲသို့ စေလွှတ်ရန်စီစဉ်ထားသည်။

လုပ်ငန်းစဉ်အဆင့် ဆွေးနွေးပွဲများကို အင်္ဂါနေ့တွင် ပန်မန်ဂျွန်အပစ်အခတ်ရပ်စဲရေးကျေးရွာ၌ ပြုလုပ်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ကို ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန၏ ကိုရီးယားနှစ်နိုင်ငံ အပြန်အလှန်ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဗျူရိုအဖွဲ့အကြီးအကဲ လီဂျိုထယ်က ဦးဆောင်ခဲ့သည်။

မြောက်ကိုရီးယားဘက်မှ ဆွေးနွေးပွဲတက်ရောက်သူမှာ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးကော်မတီမှ အကြီးတန်းအာဏာပိုင် ဟွမ်ချန်ဆောင်ဖြစ်သည်။

နှစ်ဖက်စလုံးတို့သည် မြောက်ကိုရီးယားနှစ်နိုင်ငံက အားကစားသမားများ၊ အားကစားအသင်းခေါင်းဆောင်များနှင့် အနုပညာရှင်အဖွဲ့များ အပါအဝင် အဖွဲ့ဝင် ၁၅၀ ကျော် စေလွှတ်သွားရေးကို သဘောတူညီခဲ့ကြကြောင်း သိရသည်။

မသန်စွမ်းအားကစားပြိုင်ပွဲကို မတ်လ ၉ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။ လေ့လာသူများက မြောက်ကိုရီးယားသည် အားကစားပြိုင်ပွဲကျင်းပမှုကာလအတွင်း တောင်ကိုရီးယားနိုင်ငံနှင့် လိုက်လျောညီထွေဆက်ဆံရေးတစ်ခုကို ထိန်းသိမ်းထားလိုဟန်ရှိကြောင်း သုံးသပ်ခဲ့ကြသည်။

အိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် မြောက်ကိုရီးယား အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ အင်္ဂါနေ့တွင် မြောက်ကိုရီးယားသို့ ပြန်လည်ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

အင်္ဂါနေ့နံနက်ပိုင်းတွင် အာဏာရအလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးနှင့်တွေ့ဆုံခဲ့ကြသည်။

၎င်းတို့သည် သုံးရက်ကြာခရီးစဉ်အတွင်း တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် တွေ့ဆုံဆွေးနွေးမှုတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးရန် အဆင်သင့်ဖြစ်ကြောင်း အာဖဂန်တာလီဘန်အဖွဲ့ကြေညာ

**ကဘူးလ် ဖေဖော်ဝါရီ ၂၇**

အာဖဂန်ပဋိပက္ခနှင့်ပတ်သက်၍ စစ်သွေးကြွအုပ်စုသည် အမေရိကန်နှင့်ဆွေးနွေးရန် အသင့်ပင်ဖြစ်ကြောင်း အာဖဂန်တာလီဘန်အဖွဲ့က ကြေညာခဲ့သည်။ စစ်ပွဲကြောင့် ထိခိုက်ခံစားနေရသည့် အာဖဂန်နစ္စတန်နိုင်ငံ၏ အကျပ်အတည်းအတွက် နိုင်ငံရေးဆိုင်ရာ ဖြေရှင်းမှုတစ်ရပ်ကို ကြိုးပမ်းသွားရန် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အင်အားစိုက်ထုတ်လျက်ရှိနေချိန်အတွင်း အာဖဂန်တာလီဘန်များက ထိုသို့ကြေညာလိုက်ခြင်းဖြစ်ကြောင်း အင်္ဂါနေ့တွင် သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားသမ္မတဟောင်းကို ထောင်ဒဏ် အနှစ် ၃၀ ချမှတ်ရန် အစိုးရရှေ့နေများ တောင်းဆို

**ဆိုးလ် ဖေဖော်ဝါရီ ၂၇**

တောင်ကိုရီးယားနိုင်ငံမှ အစိုးရရှေ့နေများသည် အကျင့်ပျက်ခြစားမှုများဖြင့် တရားစွဲဆိုဆောင်ရွက်လျက်ရှိသည့် သမ္မတဟောင်းပတ်ဂွမ်ဟေးကို ထောင်ဒဏ် အနှစ် ၃၀ ချမှတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အခြားသောပြစ်မှုဆိုင်ရာစွပ်စွဲချက်များအပြင် ပတ်ဂွမ်ဟေးသည် တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံးစီးပွားရေးလုပ်ငန်းစုဖြစ်သည့် Samsaung Group မှ လာဘ်ငွေ အမေရိကန်ဒေါ်လာသန်း ၄၀ ခန့်ကို လက်ခံရယူခဲ့သည်ဟု စွပ်စွဲခြင်းခံထားရသည်။ သို့သော် ပတ်ဂွမ်ဟေးက ယင်းစွပ်စွဲချက်များကို ငြင်းဆန်ထားသည်။

ယခုလအစောပိုင်းက တောင်ကိုရီးယားတရားရုံးသည် ၎င်း၏ကာလရှည်ကြာ ရင်းနှီးဆက်ဆံလာခဲ့သည့်လူယုံတော် ချွိုင်ဆွန်ဆီကို သမ္မတဟောင်းနှင့်အတူ ပူးပေါင်းကြံစည်မှုများဖြင့် အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်ခဲ့ပြီး ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



## နိုင်ငံတကာ သတင်းတိုထွာ

### တူရကီ၏ တောင်းဆိုမှုဖြင့် ဆီးရီးယားရှိကာ့ဒ်မျိုးနွယ်စု ခေါင်းဆောင်ကိုဖမ်းဆီး

**အန်ကာရာ ဖေဖော်ဝါရီ ၂၇**

ဆီးရီးယားရှိကာ့ဒ်မျိုးနွယ်စု ခေါင်းဆောင်တစ်ဦးကို တူရကီ၏တောင်းဆိုမှုဖြင့် ချက်သမ္မတနိုင်ငံက ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ထင်ရှားသည့် ဆီးရီးယားနိုင်ငံသားကာ့ဒ်မျိုးနွယ်စုနိုင်ငံရေးသမားတစ်ဦး ဖြစ်သူ ဆာလစ်မူဆလင်သည် စနေနေ့က ချက်သမ္မတနိုင်ငံ အာဏာပိုင်များ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရချိန်တွင် ပါရာဂွေးရှိ ကွန်ဖရင့်အစည်းအဝေးတစ်ခုကို တက်ရောက်နေခဲ့သည်။

တူရကီက ၎င်းအား ဖမ်းဆီးရန် အင်တာပိုသတိပေးနှိုးဆော်ချက်ထုတ်ပြန်လိုက်ပြီးနောက်တွင် ၎င်းအားဖမ်းဆီးထိန်းသိမ်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တူရကီအစိုးရအင်အားစုများသည် ဆီးရီးယားရှိ ကာ့ဒ်အင်အားစုများအား တူရကီအခြေစိုက် ကာ့ဒ်အလုပ်သမားပါတီ ပီကေကေနှင့် ထဲထဲဝင်ဝင် ချိတ်ဆက်မှုများ ရှိနေကြောင်း စွပ်စွဲခဲ့သည်။

တူရကီ၌ဖြစ်ပွားသည့် တိုက်ခိုက်မှုများကို ပီကေကေက လုပ်ဆောင်နေသည်ဟု တူရကီက ယုံကြည်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

### ဖီဂျီမြောက်ပိုင်းရှိ ကျွန်းတစ်ကျွန်း၌ လေယာဉ်တစ်စင်းပျောက်ဆုံး

**ဖီဂျီ ဖေဖော်ဝါရီ ၂၇**

ဖီဂျီမြောက်ပိုင်းရှိ ကျွန်းတစ်ကျွန်းဖြစ်သည့် ဗာနူဝါလီဗူ၌ တနင်္လာနေ့က လူနှစ်ဦး လိုက်ပါလာသည့်လေယာဉ်ငယ်တစ်စင်းသည် ပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။

တနင်္လာနေ့တွင် ဖီဂျီဗစ်လစ်ဂျ်ဝက်ဘ်ဆိုက်မှဖော်ပြချက်အရ ပစိဖိတ်ပျံသန်းမှုကြောင်းမှပိုင်ဆိုင်သည့် အဆိုပါလေယာဉ်ငယ်သည် တနင်္လာနေ့အစောပိုင်းတွင် တောင်ပစိဖိတ်ကျွန်းဒေသ၏ တတိယမြောက်အကြီးဆုံးမြို့ဖြစ်သည့် နာဒီမှ ထွက်ခွာလာခဲ့သည်။

ထိုသို့ ထွက်ခွာလာပြီးနောက်တွင် လေယာဉ်သည် တနင်္လာနေ့ညနေပိုင်းတွင် ဖီဂျီမြောက်ပိုင်း ဗာနူဝါလီဗူကျွန်း၏မြို့ဖြစ်သည့် လာဘာဆာရှိ ကိုရိုတာရီအနီးတွင် နောက်ဆုံးတည်ရှိခဲ့ကြောင်း သိရသည်။

ဖီဂျီရဲတပ်ဖွဲ့က ယင်းလေယာဉ်ပျောက်ဆုံးမှုကိုအတည်ပြုခဲ့ပြီး ပျောက်ဆုံးလေယာဉ်ကို ရှာဖွေရန် ရှာဖွေရေးအဖွဲ့သုံးဖွဲ့ကို စေလွှတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတကာက စောင့်စားနေသည့် ဆီးရီးယားအပစ်အခတ်ရပ်စဲရေး ရုပ်လုံးပေါ်ချိန်

**ကလျာမိုးမြင့်**




ဆီးရီးယားမှာ ရက် ၃၀ ကြာအောင် စစ်မက်ဖြစ်ပွားမှုတွေကို ရပ်ဆိုင်းဖို့ တောင်းဆိုထားတဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်ပြီးတဲ့ နောက်မှာတော့ နိုင်ငံတကာက ဒီဆုံးဖြတ်ချက်ကို ဖြစ်မြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မလား အကောင်အထည်မပေါ်ဘူးလား ဆိုတာကို မျက်စိဒေါက်ထောက်ပြီး ကြည့်နေကြပြီဖြစ်ပါတယ်။ ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံအမြဲတမ်းကိုယ်စားလှယ် မာကျားစူဟာ စနေနေ့မှာ ကုလသမဂ္ဂရဲ့ အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ဖို့ တောင်းဆိုတိုက်တွန်းခဲ့ပါတယ်။

ရှေ့ဆက်ပြီး ဖြစ်မြောက်အောင်ဆောင်ရွက်သွားရင်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ဒီဆုံးဖြတ်ချက်ကို အပြည့်အဝအကောင်အထည်ဖော်ရေးခိုင်မာသေချာဖို့ အတူတကွလက်တွဲကြိုးပမ်း သွားသင့်တယ်။ သို့မှသာ ဆီးရီးယားမှာဖြစ်ပွားနေတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေတွေကို တိုးတက်အောင်အပြုသဘောဆောင်တဲ့အခန်းကဏ္ဍကနေ ပါဝင်လုပ်ဆောင်နိုင်မှာဖြစ်တယ်လို့ မာက မဲခွဲဆုံးဖြတ်မှု အပြီးမှာ လုံခြုံရေးကောင်စီသို့ ပြောကြားခဲ့ပါတယ်။

**စုစည်းညီညွတ်မှုရှိဖို့လိုအပ်**

အပစ်အခတ် ရပ်စဲရေး အကြောင်းအရာနဲ့ ပတ်သက်ပြီး လုံခြုံရေးကောင်စီအနေနဲ့ စုစည်းညီညွတ်မှုရှိဖို့ လိုအပ်ပြီး တရုတ်နိုင်ငံဟာဆိုရင် လုံခြုံရေးကောင်စီစုစည်းညီညွတ်မှုရှိရေးအတွက် သာမက ဆီးရီးယားအရေးကိစ္စနဲ့ပတ်သက်ပြီး အားလုံးကလက်ခံတဲ့ဘုံသဘောတူညီမှုတစ်ရပ်ကို ရှေ့ဆက်တိုးပြီး ထူထောင်နိုင်ဖို့ကိုပါ စိတ်အား ထက်သန်လျက်ရှိနေတာ ဖြစ်တယ်လို့ သိရပါတယ်။ အပစ်အခတ်ရပ်စဲရေးအတွက် အရှိန်အဟုန်ကြီးမား ခိုင်မာလာအောင် ဆီးရီးယားအဖွဲ့အစည်းတွေက ဆောင်ရွက်ဖို့၊ အကြမ်းဖက်အုပ်စုတွေကို တိုက်ခိုက်ချေမှုန်းရာမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုအားဖြည့်သွားဖို့၊ နိုင်ငံရေးအရအဖြေရှာဖွေမှုဖြစ်စဉ်ကို မြှင့်တင်သွားဖို့နဲ့ ဒေသတွင်း၌သာမက ဆီးရီးယားနိုင်ငံအတွင်းမှာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိန်းသိမ်းရာမှာ အပြုသဘောဆောင်တဲ့ အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားဖို့ ဆိုတဲ့ကဏ္ဍတွေမှာ စိတ်အားထက်သန်နေပါတယ်။ နိုင်ငံရေးအရ ဖြေရှင်းမှုက တစ်ခုတည်းသော နည်းလမ်းပဲလို့ မာက လေးလေးနက်နက် အကြံပြုထားပါတယ်။

**အားလုံးဝိုင်းဝန်းကူညီပံ့ပိုးဖို့လို**

ဆီးရီးယားပြည်သူတွေ ထိခိုက်ခံစားနေရတာတွေကို ဖြစ်နိုင်သမျှအမြန်ဆုံးအဆုံးသတ်သွားစေဖို့ ဆီးရီးယားနိုင်ငံနဲ့ ဆီးရီးယားဦးဆောင်တဲ့ နိုင်ငံရေးဖြစ်စဉ်တွေကနေတစ်ဆင့် ကုလသမဂ္ဂက ကြားဝင်စေ့စပ်ညှိနှိုင်း ပေးထားမှုအောက်မှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံးက လက်ခံနိုင်တဲ့ မြန်မြန်ဆန်ဆန်ဖြေရှင်းမှုတစ်ခုကို ဆီးရီးယားအဖွဲ့အစည်းတွေကရှာဖွေသွားရမှာဖြစ်ပြီး ဒီလိုရှာဖွေမှုကို နိုင်ငံတကာအဖွဲ့အစည်းတွေက အားပေးထောက်ခံပြီး ကူညီပံ့ပိုးမှုတွေ ပေးအပ်ကြဖို့ လိုအပ်နေတာဖြစ်ပါတယ်။

ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်ဟာ လုံခြုံဘေးကင်းပြီး နှောင့်နှေးကြန့်ကြာမှုမရှိတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ၊ ဝန်ဆောင်မှုတွေနဲ့ နာမကျန်းဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိထားသူတွေအတွက် ဆေးဝါး ကုသမှုဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့တွေကို ခွင့်ပြုပေးဖို့အတွက် ဆီးရီးယားနိုင်ငံတစ်လျှောက်မှာ ရက်ပေါင်းသုံးဆယ်ထက်မနည်း ကြာရှည်ခံမယ့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေဆိုးရွားမှုတွေကို ခေတ္တရပ်ဆိုင်းထားဖို့အတွက် သက်ဆိုင်ရာအဖွဲ့တွေအားလုံးက စစ်မက်တိုက်ခိုက်နေတာတွေကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ရပ်ဆိုင်းထားကြဖို့ တောင်းဆိုထားတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။

> "လုံခြုံရေးကောင်စီက ဒီကိစ္စနဲ့ ပတ်သက်ပြီး အတိုက်အခိုက်မှန်သမျှကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ မြန်မြန်ရပ်ဆိုင်းဖို့ တောင်းဆိုထားတယ်၊ နှောင့်နှေးမှုမရှိဘဲဆိုတဲ့ သဘောက ချက်ချင်းဆောင်ရွက်လို့ ပြောလိုက်တဲ့ သဘောပါပဲ"

ဆုံးဖြတ်ချက် ၂၄၀၁ ကိုဖြစ်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ မာကျားစူရဲ့ တောင်းဆိုမှုအတိုင်းတခြားနိုင်ငံက သံအမတ်တွေကလည်း တိုက်တွန်းတောင်းဆိုထားကြပါတယ်။ အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်မူကြမ်းကို ဆွီဒင်နဲ့အတူတကွရေးဆွဲခဲ့တဲ့ ကူဝိတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် မန်ဆောအယ်လ်အိုတိုင်ဘီက နိုင်ငံတကာအဖွဲ့အစည်းဟာ တကယ့်လက်တွေ့မှာ အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးသွားသင့်တယ်လို့ တိုက်တွန်းခဲ့ပါတယ်။

ခုလုပ်ဆောင်နေတာတွေဟာ ဆီးရီးယားပြည်သူတွေ ခံစားနေရတဲ့ ဒုက္ခဆင်းရဲတွေကို သက်သာပြေပျောက်စေဖို့ ကြိုးစားနေတဲ့ သေးငယ်တဲ့ခြေလှမ်းတစ်ခုပဲဖြစ်တယ်။ ပဋိပက္ခကြီး ပြီးဆုံးသွားဖို့ ကျန်ရှိနေသေးတဲ့ လုပ်ဆောင်ချက်တွေဟာ မနည်းမနောပါဘဲ။ ဒီဆုံးဖြတ်ချက်ဟာဆိုရင် ဆီးရီးယားပြည်သူတွေအတွက် ကျွန်ုပ်တို့အနေနဲ့ အနည်းဆုံးလုပ်ဆောင်ပေးနိုင်တဲ့အရာတစ်ခုပဲလို့ ဖေဖော်ဝါရီလအတွက်လုံခြုံရေးကောင်စီရဲ့ဥက္ကဋ္ဌအဖြစ်တာဝန်ယူ ဆောင်ရွက်နေတဲ့ အယ်လ်အိုတိုင်ဘီက သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

ဆီးရီးယားမှာ တကယ်ခံစားနေရတဲ့ သောကဆင်းရဲမှန်သမျှ နိဂုံးချုပ်သွားဖို့ လုံခြုံရေးကောင်စီဟာယနေ့မှာ စုစည်းညီညွတ်တဲ့ အနေအထားကို ထူထောင်နိုင်လိမ့်မယ်လို့ ၎င်းက မျှော်လင့်ထားတာဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေးဟာ ချက်ချင်းဆိုသလို စစ်မှန်စွာ အကောင်အထည် ပေါ်လာလိမ့်မယ်။ လုံခြုံရေးကောင်စီက ဒီကိစ္စနဲ့ ပတ်သက်ပြီး အတိုက်အခိုက်မှန်သမျှကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ မြန်မြန်ရပ်ဆိုင်းဖို့ တောင်းဆိုထားတယ်။ နှောင့်နှေးမှုမရှိဘဲ ဆိုတဲ့သဘောက ချက်ချင်းဆောင်ရွက်လို့ ပြောလိုက်တဲ့ သဘောပါပဲလို့လည်း အိုတိုင်ဘီက အခိုင်အမာပြောဆိုထားခဲ့ပါတယ်။

စနေနေ့ကမဲခွဲဆုံးဖြတ်မှုမှာ ဗြိတိန်နိုင်ငံကို ကိုယ်စားပြုခဲ့တဲ့ စတီဖင်ဟစ်ကီကလည်း မကြန့်ကြာနဲ့ဆိုတဲ့အဓိပ္ပာယ်ဟာ အခုချက်ချင်းလုပ်ဖို့ပြောတာပဲလို့ ၎င်းကလည်းအလားတူပဲ ပြောဆိုခဲ့ပါတယ်။ ရုရှားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ် ဗက်စီလီ နီဘန်ဇီယာကလည်း ဒီအတိုင်းပဲထောက်ခံထားတယ်။ ဒါပေမယ့် စစ်မှန်တဲ့အပစ်အခတ်ရပ်စဲမှုတစ်ခုတော့ဖြစ်ဖို့ လိုအပ်မှာဖြစ်တယ်။ ဒါကို အကောင်အထည်ဖော်ဖို့ သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းတွေကို ကျွန်ုပ်တို့ကတွန်းအားပေးသွားချင်တယ်လို့ နီဘန်ဇီယာက ၎င်းရဲ့ဆန္ဒကိုဖော်ပြခဲ့ပါတယ်။

**အပစ်အခတ်ရပ်စဲရေးခက်ခဲနိုင်**

အမေရိကန်သံတမန်နစ်ကီဟာလေကတော့ ဒီကိစ္စဟာခက်ခဲလိမ့်မယ်လို့ ထောက်ပြခဲ့ပါတယ်။ လာမယ့်နေ့ရက်တွေမှာ ဒီဆုံးဖြတ်ချက်အတွင်းမှာ ကျွန်ုပ်တို့တောင်းဆိုမှုတွေ အတိုင်း ရပ်တည်နိုင်ရေးအတွက် ကျွန်ုပ်တို့ရဲ့ ဖြေရှင်းဆောင်ရွက်မှုဟာ အစစ်ဆေးခံရတော့မှာ ဖြစ်တယ်။ ဒါဟာ လုံခြုံရေးကောင်စီအပေါ်မှာ အများက ယုံကြည်လက်ခံနိုင်စွမ်းကို ပြန်ပြီးအဖတ် ဆယ်ယူရမယ့် တစ်ခုတည်းသော နည်းလမ်းတစ်ခုပဲ။ ဆီးရီးယားပြည်သူတွေ စောင့်ဆိုင်းနေရတာ တော်တော်လေးကို ကြာမြင့်ခဲ့ပြီမို့ ဒီလောက်နဲ့ပဲ တော်လောက်ပြီလို့ နစ်ကီက ပြောကြားခဲ့ပါတယ်။

လုံခြုံရေးကောင်စီဟာ အပစ်အခတ် ရပ်စဲရေးဆုံးဖြတ်ချက်ကို အတည်ပြုနိုင်ဖို့အတွက် ပရိယာယ်တွေ၊ အလှည့်အပြောင်းတွေပါတဲ့ ညှိနှိုင်းဆွေးနွေးမှု၊ အကြံဉာဏ်ရယူမှုတွေကို ရက်သတ္တပတ်နှစ်ပတ်ကြာအောင် နောက်ဆုံးသော မိနစ်၊ စက္ကန့်တွေအထိ ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရပါတယ်။ ဆုံးဖြတ်ချက်အတည်ပြုရေးနဲ့ ပတ်သက်ပြီး မဲခွဲဆုံးဖြတ်မှုကို မူလက ကြာသပတေးနေ့မှာလုပ်ဖို့ ရည်စူးထားပေမယ့်သောကြာနေ့ကို ရွှေ့ဆိုင်းလိုက်ပါတယ်။ တစ်ညနေခင်းလုံး တံခါး ပိတ်ဆွေးနွေးခဲ့ပြီးတာတောင် ကောင်စီအဖွဲ့ဝင်တွေဟာ ဘုံသဘောတူညီမှုကိုရရှိဖို့ အကြိမ်ကြိမ်ရှုံးနိမ့်ခဲ့တာကြောင့် စနေနေ့ညနေမှာ မဲခွဲဆုံးဖြတ်ဖို့ အစီအစဉ်ပြန်ဆွဲခဲ့ပါတယ်။

နှစ်နာရီကြာအောင် ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ပြီးနောက်မှာတော့ မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့ပြီး အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်ခဲ့ပါပြီ။ ဆီးရီးယားပြည်သူတွေရဲ့ဘေးဒုက္ခတွေအေးငြိမ်းဖို့အတွက် မျှော်လင့်ချက်တစ်ခုဖြစ်တဲ့ အပစ်အခတ်ရပ်စဲရေးကို အားလုံးက တောင်းဆိုထားသလို နှောင့်နှေးကြန့်ကြာမှုမရှိအောင် ဘယ်လိုအကောင်အထည်ဖော်ဆောင်ရွက်သွားမယ်ဆိုတာကို အားလုံးက မျှော်လင့်စောင့်စားလျက် ရှိနေပါကြောင်း။ ။

**ကိုးကား-ဆင်ဟွာ**

# လက်ဖက်ပင်မျိုးပွားနည်းနှင့် ကိုင်းဖြတ်ပြုပြင်နည်း ပညာပေးသရုပ်ပြပွဲပြုလုပ်

**သံတောင်ကြီး ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းမှ လက်ဖက်စိုက်တောင်သူများအား လက်ဖက်ပင်မျိုးပွားနည်းနှင့် ကိုင်းဖြတ်ပြုပြင်နည်း ပညာပေးသရုပ်ပြပွဲကို သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ရွှေညောင်ပင်လက်ဖက်ခြံ ငါးကေစိုက်ခင်း၌ ဖေဖော်ဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ဒေသခံ လက်ဖက်စိုက်တောင်သူများအား ဖိတ်ကြားပြီး လက်ဖက်ပင်မျိုးပွားနည်းနှင့် ကိုင်းဖြတ်ပြုပြင်နည်းများနှင့် ပတ်သက်၍ သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းထိုက်မင်းက ရှင်းလင်းပြောကြားသည်။ လက်ဖက်ပျိုးထောင်မျိုးပွားရာတွင် မျိုးစေ့မှမျိုးပွားခြင်း(seed propagation)နှင့် အပင်ပိုင်းဆိုင်ရာ ပျိုးထောင်မျိုးပွားနည်း(vegetative propagation)ဟု နည်းနှစ်နည်းရှိကြောင်း၊ ယနေ့ကမ္ဘာပေါ်ရှိ လက်ဖက်စိုက်ပျိုးသည့်နိုင်ငံများ၌ မျိုးစေ့မှ ပျိုးထောင်နည်းကို အသုံးပြုမှုနည်းပါးလာပြီး အပင်ပိုင်းဆိုင်ရာ မျိုးပွားနည်းကိုသာ အသုံးပြုမှုများကြောင်း၊ အထွက်နှုန်းကောင်းမွန်ပြီး အထွက်ညီညာသော စီးပွားဖြစ် လက်ဖက်စိုက်ခင်းများ ပေါ်ပေါက်လာစေရန်နှင့် မျိုးရိုး ဗီဇကောင်းမွန်သော လက်ဖက်ပျိုးပင်များ ရရှိရန်အတွက် အပင်ပိုင်းဆိုင်ရာ လက်ဖက်ပျိုးထောင်မျိုးပွားနည်းပညာများကို သိရှိရန်လိုအပ်ကြောင်း ဦးစီးမှူးက ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ဖက်အထွက်နှုန်း တိုးတက်စေရန်၊ လက်ဖက်ပင်များသန်စွမ်းပြီး ရွက်နုများ ပိုထွက်စေရန်၊ လက်ဖက်ခူးရာတွင်လွယ်ကူသော အပင်အမြင့်ကို ထိန်းသိမ်းထားနိုင်ရန်နှင့် လက်ဖက်ပင်အိုများ နုပျိုလာစေရန် လက်ဖက်ကိုင်းဖြတ် ပြုပြင်နည်းပညာများကို ဦးစီးမှူးက ဒေသခံတောင်သူများအား လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# မြောင်းမြမြို့၌ ရသစာပေဖွံ့ဖြိုးရေးအတွက် ကဗျာရေးဖွဲ့မှုခံစားခြင်း စာပေဆွေးနွေးပွဲပြုလုပ်

**မြောင်းမြ ဖေဖော်ဝါရီ ၂၇**

ရသစာပေဖွံ့ဖြိုးရေးအတွက် ကဗျာရေးဖွဲ့မှုခံစားခြင်း စာပေဆွေးနွေးပွဲကို မြောင်းမြမြို့ရှိ မြရာမြေစာပေရပ်ဝန်း ကဗျာချစ်သူများအဖွဲ့က မြောင်းမြခရိုင် Community Centre ၌ ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

စာပေဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးနှင့် ဆရာဦးကျော်ညွန့်တို့က စာပေဆွေးနွေးမှုပြုလုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကဗျာဆရာ ရွှေပြည်စိုး(မြောင်းမြ)က ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ ရေးဖွဲ့ထားသည့် အမြဲလန်းသော အသည်းပန်းတစ်ပွင့် ကိုယ်တိုင်ရေးကဗျာကို ဖတ်ကြားပြီး ဆရာမောင်နု(ပန်းတော်ဆက်)၊ ဆရာမျိုးနိုင်(မြောင်းမြ)နှင့် ဆရာဝေလင်းအောင်တို့က ကဗျာရေးဖွဲ့မှုနှင့် ကဗျာခံစားမှုအကြောင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စာပေစကားဝိုင်းသို့ မြရာမြေ စာပေရပ်ဝန်း ကဗျာချစ်သူအဖွဲ့ဝင်များ၊ ကဗျာဝါသနာရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး အလယ်တန်းနှင့် အထက်တန်းအဆင့် ကဗျာဝါသနာပါသူ ကျောင်းသား ကျောင်းသူလေးများအား မြောင်းမြခရိုင် Community Centre ၌ နွေရာသီ ကဗျာရေးဖွဲ့နည်း သင်တန်းကို မတ် ၃၀ ရက်အထိ တစ်ပတ်ကြာ အခမဲ့ဖွင့်လှစ်ကာ ကဗျာဝိုင်းတော်သားများက သင်ကြားပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုပြုလုပ်

**မိုင်းယု ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယုမြို့၌ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မိုင်းယုမြို့နယ်မှ ဌာနဆိုင်ရာများ ပူးပေါင်း၍ လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုများကို ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းရှိ ဓမ္မလင်္ကာရ ကျောင်းဆောင်၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောမှုတွင် လျှပ်စစ်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်နည်းလမ်းများ၊ လျှပ်စစ်လုပ်ငန်းစဉ်တွင် ထိခိုက်ဒဏ်ရာရမှု အနည်းဆုံးဖြစ်အောင် လိုက်နာနေထိုင်ရမည့်အချက်များ၊ ရှောင်ရှားသင့်သည့် အချက်များ၊ လျှပ်စစ်လုပ်ပြီးနောက် ပြုလုပ်ရမည့်အချက်များ၊ အရေးပေါ်ကယ်ထုတ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လျှပ်စစ်ခတ်မှု အပြီးတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဘေး၊ ရေဘေး၊ မုန်တိုင်းနှင့် လျှပ်စစ်စီးကူးမှုဆိုင်ရာ အကြောင်းအရာများ စသည်တို့ကို ကျိုင်းတုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခိုင်သန္တာရွှေက ရှင်းလင်းဟောပြောသည်။ ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထုတ်ဝေထားသော သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးလက်ကမ်းစာစောင်များကို တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများထံ ဖြန့်ဝေပေးသည်။

ဆက်လက်၍ လျှပ်ပြင်းထန်စွာ လှုပ်ခတ်ပြီးနောက် ပိတ်မိနေသော ပြည်သူများအား ကယ်ထုတ်ခြင်းသရုပ်ပြလေ့ကျင့်မှုကို ပြုလုပ်ခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်း လူငယ်များ ပူးပေါင်း၍ ပိတ်မိနေသူများအား ကယ်ထုတ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူ လူနာများအား အရေးပေါ်ကယ်ထုတ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း စသည်တို့ကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။



**ကိုကိုနိုင်(ပြန်/ဆက်)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ပခုက္ကူ ဖေဖော်ဝါရီ ၂၇**

ပခုက္ကူမြို့နယ် လက်ပံကျွန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)အရ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းရန်အတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ကျေးရွာစာသင်ကျောင်း၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်းက အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင့်ဝေက စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ရန်ပုံငွေကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ လက်ပံကျွန်းကျေးရွာ အဝင်လမ်း အရှည်ပေ ၁၄၂၀ တွင် ကွန်ကရစ်ခင်းရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်

**မြိုင် ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ညောင်ရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ Type C ယာယီ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ပန္နက်တင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ပန္နက်တင်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရဲကျော်သူဝင်း၊ မြို့နယ်ပညာရေးဦးစီးဌာန လက်ထောက်ပညာရေးမှူး ဦးသောင်းလှိုင်၊ မြို့နယ်သမဝါယမဦးစီးဌာနမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ၊ ညောင်ရွာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ပန္နက်များတင်ပေးခဲ့သည်။ အဆိုပါ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေစာရင်းခေါင်းစဉ်(၁၇) ပညာရေးတွင် အခြေခံပညာဦးစီးဌာနက ရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေ ကျပ် ၃၅ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**၁၃၅**

# သစ်တောတည်ထောင်ခွင့် လက်မှတ်များနှင့် စွမ်းအားမြင့်မီးဖိုများ၊ အိမ်သုံးဆိုလာများပေးအပ်

**မိုင်းယု ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းမှ ကျေးရွာများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်ပေးအပ်ပွဲနှင့် ဝေးလံခေါင်ဖျားသော ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများအား စွမ်းအားမြင့်မီးဖိုနှင့် အိမ်သုံးဆိုလာများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ရုံးခန်း၌ ကျင်းပခဲ့သည်။

သစ်တောဦးစီးအရာရှိ ဦးဖိုးချိုက ဒေသခံပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာ နယ်မြေအတွင်းရှိ သစ်တောများ မပြုန်းတီးအောင် ထိန်းသိမ်းကာကွယ်တတ်စေရန်နှင့် သစ်တောများကို ချွေတာသုံးစွဲတတ်စေရန်၊ သစ်ပင်တစ်ပင်၏တန်ဖိုးသည် အလွန်ပင်ကြီးမားသည့်အတွက် အလေအလွင့်မဖြစ်စေရန်၊ နောင်လာနောက်သားများအတွက်ပါ အသုံးပြုနိုင်ရေးအတွက် နှစ်ရှည်ပင်များ စနစ်တကျစိုက်ပျိုးသွားကြရန် အကြံပြုလိုကြောင်း၊ သစ်ပင် သစ်တောများ လေလွင့်ဆုံးရှုံးမှု မရှိစေရန်အတွက် ဒေသခံပြည်သူများအား သစ်တောတည်ထောင်ခွင့်လက်မှတ် ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး သစ်တောတည်ထောင်ခွင့်လက်မှတ်များကို ဒေသတွင်းကျေးရွာများသို့ ပေးအပ်ခဲ့သည်။

ထို့နောက် ဝေးလံခေါင်ဖျားသော ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများအား စွမ်းအားမြင့်မီးဖိုနှင့် အိမ်သုံးဆိုလာများကိုလည်း သစ်တောဌာနမှ တာဝန်ရှိသူနှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# သိန်း ၅၁၀ ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**သာစည် ဖေဖော်ဝါရီ ၂၇**

သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာအနီး၌ မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေဖမ်းဆီးစဉ် ငွေကျပ်သိန်း ၅၁၀ ဖိုးခန့်ရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို ဖေဖော်ဝါရီ ၂၅ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးသတင်းအရ သာစည်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဖြိုးကျော်ခိုင်နှင့် အဖွဲ့က မယ်ဇလီကန်ကျေးရွာ ရွာအဝင်ဇရပ်သို့ သွားရောက်စစ်ဆေးရာ ထိုဇရပ်၌ ရမည်းသင်းမြို့နယ် လှစင်အုပ်စု တောင်ကြီးကျေးရွာနေ သန်းထိုက်(၂၅ နှစ်)နှင့် ရမည်းသင်းမြို့နယ် သစ်ဆုံကြီးကျေးရွာနေ မခင်နှင်းဆီ(၃၈ နှစ်)တို့အား မသင်္ကာဖွယ် တွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးရာ မခင်နှင်းဆီ ကိုင်ဆောင်ထားသော ပလတ်စတစ်ခြင်းတောင်းအတွင်းရှိ လွယ်အိတ်အတွင်းမှ 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား အပြား ၂၀၀ စီပါသော အထုပ်ပေါင်း ၈၅ ထုပ် စုစုပေါင်း ဆေးပြားရေ ၁၇၀၀၀(ခန့်မှန်းကာလတန်ဖိုး စုစုပေါင်း ငွေကျပ်သိန်း ၅၁၀ ခန့်)ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။ ဖြစ်စဉ်တွင် တရားမဝင် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရသော သန်းထိုက်နှင့် မခင်နှင်းဆီတို့နှစ်ဦးအား သာစည်မြို့မရဲစခန်းက ဖမ်းဆီးအမှုဖွင့်ကာ ဆက်လက်စုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# သီရိမင်္ဂလာကျန်းမာရေးဝန်ဆောင်မှုအသင်းသို့ လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၀) ရပ်ကွက် မောင်းမကန်ကမ်းသာလမ်း သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာဒိစ္စ ဦးဆောင်တည်ထောင်ထားသည့် သီရိမင်္ဂလာကျန်းမာရေး(မော်တော်ယာဉ်) အခမဲ့ဝန်ဆောင်မှုအသင်းသို့ လူနာတင်ယာဉ် တစ်စီးနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က အဆိုပါအသင်းရုံးတည်ရှိရာ သီရိမင်္ဂလာကျောင်းတိုက်၌ ကျင်းပသည်။

ယာဉ်လှူဒါန်းပွဲတွင် အသင်း၏ ဦးဆောင်လမ်းညွှန်ဆရာတော် ဘဒ္ဒန္တအာဒိစ္စက သီလချီးမြှင့်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တက္ကန္ဒဝံသက ဩဝါဒကထာ မိန့်ကြားသည်။ ထို့နောက် အလှူရှင် ဒေါက်တာဦးခင်မောင်ထွန်း-ဇနီးဒေါ်ဥမ္မာသန်း မိသားစုက လူနာတင်ယာဉ်နှင့် စာရွက်စာတမ်းများကို သီရိမင်္ဂလာကျန်းမာရေး(မော်တော်ယာဉ်)ဝန်ဆောင်မှုအသင်းသို့ လှူဒါန်းရာ ဦးဆောင်ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် အလှူရှင်မိသားစုက ဆရာတော်သံဃာတော်များအား အလှူငွေနှင့် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အသင်းနာယက ဦးသန်းထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**



# အနုပညာတီထွင်ဖန်တီးမှုဆိုင်ရာ သင်တန်းဖွင့်

**ချောင်းဆုံ ဖေဖော်ဝါရီ ၂၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ လူငယ်လူရွယ်များအား အနုပညာ တီထွင်ဖန်တီးနိုင်မှုအခွင့်အလမ်းများ ရရှိစေခြင်းဖြင့် ကလေးသူငယ်များ၏ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍ ပိုမိုမြင့်မားစေရန်နှင့် ရပ်ရွာအသီးသီးရှိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အခြေအနေများကို သဘင်ပညာဖြင့် အသိပညာပေးခြင်း သင်တန်းကို NGO အဖွဲ့တစ်ခုဖြစ်သည့် Theater Development Training for Children(TOT)၏ စီစဉ်မှုဖြင့် ချောင်းဆုံမြို့ မင်းကျောင်းဓမ္မာရုံ၌ ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းတွင် ကလေးငယ်များအချင်းချင်း ခင်မင်ရင်းနှီးစေရန်၊ လုပ်ငန်းတာဝန်များကို ပျော်ရွှင်စွာ အတူတကွ လုပ်တတ်စေရန်နှင့် လူအချင်းချင်းကြားတွင် ရှက်ရွံ့သိမ်ငယ်မှုများမရှိစေရန် ရည်ရွယ်ပြီး ဇာတ်ကောင်နေရာအမျိုးမျိုး သရုပ်ဆောင်ခြင်း၊ ကစားနည်းများကစားစေခြင်းတို့ကို သင်တန်းဆရာများက သင်တန်းကာလ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**သုံးခွ ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာအုပ်စု သဲကုန်းကြီးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဦးနှင့် ယာဉ်ထိန်းတပ်ဖွဲ့စု(၆၁) တပ်ဖွဲ့စုမှူး ရဲအုပ်စန်းလွင်တို့က မှုခင်းကျဆင်းရေးအတွက် ကြိုတင်ရှောင်ရှားရမည့်နည်းလမ်းများ၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်း ပပျောက်စေရေးအတွက် လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာသိကောင်းစရာများကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဒေါ်ခင်မော်မော်နှင့် ကျေးရွာနေပြည်သူများအား အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကာ ဟောပြောပွဲသို့ ပြည်သူ ၁၆၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# လှောင်ကြက်သွန်နီအသစ် ပေါ်ချိန်နီးလာပြီး ဈေးနှုန်းများကျဆင်းလာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ယခုနှစ် ဇန်နဝါရီ ၅ ရက်က ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ အမြင့်ဆုံးရောက်ရှိခဲ့ပြီးနောက် ဈေးနှုန်းများ အနည်းငယ်စီ ပြန်ကျလျက်ရှိရာ လှောင်ကြက်သွန်အသစ်များ ထွက်ပေါ်ရန်အချိန် နီးလာသော ဖေဖော်ဝါရီလကုန်ပိုင်းတွင်မူ ကြက်သွန်နီများ ဈေးနှုန်း ထိုးကျလာလျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၅ ရက်က ကြက်သွန်နီဈေးနှုန်းသည် တစ်ပိဿာလျှင် ကျပ် ၃၄၀၀ ခန့်အထိ မြင့်တက်ခဲ့ရာမှ ယခု ဖေဖော်ဝါရီ ၂၄ ရက်တွင် အမျိုးအစားအလိုက် အနိမ့်ဆုံး ကျပ် ၅၀၀ မှ အမြင့်ဆုံး ကျပ် ၁၄၅၀ ခန့်အထိ ဈေးနှုန်းများ ကျဆင်းသွားခြင်းဖြစ်သည်။

ပြည်တွင်း ကြက်သွန်နီဈေးကွက်တွင် လှောင်သမားများသည် လှောင်ကြက်သွန်ထုတ်ရောင်းချိန်တွင် အကြောင်းပြချက်အမျိုးမျိုးမြင့် ဈေးမြှင့်ရောင်းကြရာ ပြည်ပကြက်သွန်ဈေးထက် ပြည်တွင်းထွက် ကြက်သွန်ဈေးက များစွာမြင့်တက်လေ့ရှိပြီး ပြည်တွင်းကြက်သွန်နီ တစ်ပိဿာ ၃၀၀၀ ကျပ် ဖြစ်နေချိန် ပြည်ပကြက်သွန် အလုံးကြီးများမှာ တစ်ပိဿာလျှင် ၈၀၀ ကျပ်ဝန်းကျင်ဖြင့်သာ ရောင်းချကြသည်။ ကြက်သွန်ရောင်းဝယ်သည့် ကုန်သည်ပွဲစားများအနေဖြင့် ကြက်သွန်ဝယ်ချိန်တွင် ဈေးအနိမ့်ဖြင့်ဝယ်ကြပြီး ပြန်ရောင်းချိန်တွင် ဈေးအဆမတန်မြှင့်၍ ရောင်းချခြင်းကြောင့် ကြက်သွန်ဈေးမြင့်သော်လည်း ပြည်တွင်းမှ စိုက်ပျိုးသူအများစုမှာ အကျိုးအမြတ်ခံစားရခြင်းမရှိကြဘဲ ငွေအရင်းအနှီးရှိကာ လှောင်ထားနိုင်သည့် အနည်းစုသော စိုက်ပျိုးသူများနှင့် လှောင်သမားများ၊ ရောင်းချသူများသာ အကျိုးအမြတ်များစွာ ရရှိလေ့ရှိကြောင်း သိရသည်။ ပြည်တွင်းမှ စားသုံးသူများမှာလည်း လှောင်လက်များပြန်ရောင်းချိန် နှစ်လယ်မှစ၍ နောက်ပိုင်းလများတွင် ကြက်သွန်ဈေးနှုန်း အဆမတန် မြင့်တက်သည့်ဒဏ်ကို ၂၀၁၅ ခုနှစ်မှစ၍ ၂၀၁၈ အထိ ခံစားနေရဆဲဖြစ်သည်။



ယခုနှစ်တွင်လည်း လှောင်ကြက်သွန်များ ဝယ်ယူကြမည့်အချိန် ယခု ဖေဖော်ဝါရီ လကုန်ပိုင်းတွင် ကြက်သွန်ဈေးနှုန်းများ ထိုးကျလာခြင်းမှာ ကြက်သွန်ဝယ်လှောင်မည့်သူများက အကျိုးစီးပွားရရှိရေးကို အလေးထားပြီး လှောင်မည့်ကြက်သွန်ဝယ်ရန် ဈေးနှုန်းကိုချလာခြင်းဖြစ်နိုင်ကြောင်း၊ ယခုအချိန်တွင် ဈေးနှုန်းချဝယ်ယူ၍ လှောင်ကြပြီးနောက် ပြန်လည်ရောင်းချမည့်အချိန် နှစ်လယ်နှင့် နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးပြ၍ ကြက်သွန်နီဈေးနှုန်းများ ပြန်လည်မြှင့်တင်ကြဦးမည်ကို စားသုံးသူများ ထပ်မံခံစားရနိုင်ကြောင်း ဈေးကွက်အတွင်းမှ အဝယ်တော်တစ်ဦးက ခန့်မှန်းသုံးသပ်သည်။

ဈေးကွက်စီးပွားရေးစနစ်အရ ကုန်ဈေးနှုန်းအပေါ် ကန့်သတ်ထိန်းချုပ်ခြင်းမရှိသည်ကို အကြောင်းပြု၍ ကုန်သည်များအနေဖြင့် ဈေးနှုန်းများကို လိုသလို မြှင့်တင်ခြင်း၊ ဆွဲချခြင်းများဖြင့် အကျိုးအမြတ်ရယူနေခြင်းသည် ငွေအရင်းအနှီးရှိသော အကြီးစားစိုက်ပျိုးသူ အချို့မှလွဲ၍ စိုက်ပျိုးသူအများစုအတွက် အကျိုးဖြစ်ထွန်းခြင်းမရှိဘဲ ကုန်သည်များသာလျှင် အကျိုးဖြစ်ထွန်းကာ စားသုံးသူများမှာလည်း ကုန်စည်များ ဈေးနှုန်း မြင့်တက်သည့်ဒဏ်ကို ခံစားရကြောင်း ဈေးကွက်လေ့လာချက်များအရ သိရသည်။

**ခင်ဆိုင်၊ ဓာတ်ပုံ-ကေဇူး(AMIA)**

# ပခုက္ကူမြို့ ပြည်သူ့ဆေးရုံအတွက် သွေးလှူရှင်များစုပေါင်း၍ သွေးပုလင်း ၂၀ လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၂၇**

ပခုက္ကူမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ရပ်ဝေးရပ်နီးမှ လာရောက်၍ ဆေးကုသမှု ခံယူနေကြသည့် လူနာများအတွက် သွေးလိုအပ်ချက်ရှိနေကြောင်း သိရသဖြင့် ပုဂံ ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ ရတနာဘုံစံတောရကျောင်းဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာ သွေးလှူရှင်အသင်းမှ ပရဟိတ သွေးလှူရှင်အသင်းသားများက ဖေဖော်ဝါရီ ၂၅ ရက်တွင် သွေးပုလင်းအလုံးရေ ၂၀ ကို သွားရောက်လှူဒါန်းပေးခဲ့ကြောင်း အဆိုပါ သွေးလှူရှင်အသင်း၏ နာယကဆရာတော် အရှင်သာဂရ၏ မိန့်ကြားချက်အရ သိရသည်။



အဆိုပါ သွေးလှူဒါန်းပေးမှုတွင် ဖြူစင်မေတ္တာ သွေးလှူရှင်အသင်းမှ နာယကဆရာတော် အရှင်သာဂရ ဦးဆောင်ပြီး ပရဟိတ သွေးလှူရှင်အသင်းသားများက ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြရသည့် လူနာများအတွက် လိုအပ်နေသည့်သွေးများ အဆင်ပြေစွာရရှိကာ ကုသမှုခံယူနိုင်ရန်အတွက် သွေးများလှူဒါန်းခဲ့ရာ အေသွေး လေးလုံး၊ ဘီသွေး ခုနစ်လုံး၊ အိုသွေး ရှစ်လုံးနှင့် အေဘီသွေး တစ်လုံး စုစုပေါင်း သွေးပုလင်းအလုံးရေ ၂၀ ကို လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။ သွေးလှူဒါန်းရာတွင် ပခုက္ကူမြို့ရှိ တမာမြေ ပရဟိတသွေးလှူရှင်အသင်းမှ အသင်းသားများကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

လူနာများ အဆင်ပြေစွာ သွေးရရှိပြီး ဆေးကုသမှုခံယူနိုင်အောင် သွေးလှူဒါန်းပေးသည့် ဖြူစင်မေတ္တာ ပရဟိတသွေးလှူရှင် အသင်းသားများအား ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီးမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း အဆိုပါ သွေးလှူရှင်အသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဇော်ပွေး၏ ပြောကြားချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လဝကရုံးများ၌ လုပ်ငန်းများ စနစ်တကျရှိရေးနှင့် မီးဘေးကာကွယ်ရေးအတွက် လိုက်လံစစ်ဆေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၇**

တာချီလိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရုံးများတွင် ရုံးလုပ်ငန်းများ စနစ်တကျရှိကာ ပြည်သူများအား လွယ်ကူလျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်စေရန်နှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရန်အတွက် တာချီလိတ်ခရိုင်ရုံးမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်ဦးစီးမှူးရုံးများသို့ လိုက်လံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ တာချီလိတ်ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းနှင့် အဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်တွင် မိုင်းယောင်းမြို့နယ် ဦးစီးမှူးရုံးနှင့် ၂၅ ရက်တွင် မိုင်းဖြတ်မြို့နယ် ဦးစီးမှူးရုံးသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရုံးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေး၊ ဌာနအနေဖြင့် ပြည်သူအများနှင့်ဆက်ဆံရသည့် ဌာနတစ်ခုဖြစ်သည့်အတွက် လုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရေး၊ ပြည်သူများနှင့် ဆက်ဆံရာတွင် ပြေပြစ်စွာ ပြောဆိုဆက်ဆံပြီး သတ်မှတ် အခကြေးငွေများထက် ကျော်လွန်၍ကောက်ခံမှုမရှိစေရေး စသည်တို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ထို့အပြင် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးသတ်ရေကန်နှင့် မီးချိတ်၊ မီးကတ်များ အဆင်သင့် ပြုလုပ်ထားရှိကာ ဝန်ထမ်းများအနေဖြင့်လည်း မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ထားရန် မှာကြားခဲ့ကြကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ စာပေဟောပြောပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

(၁၀၃)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက် အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ရပ်ကွက် NLD ပါတီတို့က ကြီးမှူး၍ ဒုတိယအကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။ စာပေဟောပြောပွဲတွင် ကဗျာဆရာများဖြစ်သည့် ထွဏ်းသွေးအိမ်၊ ဘုန်းမော်(မန္တလေး)နှင့် လေသွေးညိုတို့က ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုသည့်ကဗျာများရွတ်ဆိုကြပြီး ကဗျာဆရာ ထွဏ်းသွေးအိမ်၊ စာရေးဆရာ ဦးဘုန်း(ဓာတု)၊ ဆရာညီမင်းညိုနှင့် ဆရာညီပုလေးတို့က ဟောပြောခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ချစ်လိုက်ပြတ်လိုက်ဒုတိယအယ်လ်ဘမ်နှင့် တေးသံရှင် ရွှယ်ရွှယ်

တေးသံရှင်ရွှယ်ရွှယ်၏ ဒုတိယမြောက် တစ်ကိုယ်တော်တေးစီးရီး "ချစ်လိုက်ပြတ်လိုက်" စီးရီးကို မတ် ၁၈ ရက်တွင် ဘိုဘိုအင်တာတိန်းမန့်မှ စတင်ဖြန့်ချိမည်ဖြစ်သည်။ အဆိုပါ အခွေသည် ရွှယ်ရွှယ်၏ ဒုတိယမြောက် တစ်ကိုယ်တော်အခွေဖြစ်ပြီး ကိုယ်တိုင်ရေးသားသည့် ကိုယ်ပိုင်သံစဉ်သစ်များဖြင့် ထုတ်လုပ်ထားကြောင်း သိရသည်။

"ဒီသီချင်းလေးကို အွန်လိုင်းမှာ ပရိသတ် တွေအတွက် တင်ပေးတဲ့အချိန်မှာ ပရိသတ်တွေ ကြိုက်နှစ်သက် ကြတာကို တွေ့ရတယ်၊ ဒီသီချင်းလေးက ချစ်သူ စုံတွဲတွေရဲ့ အကြောင်းတွေကို ပုံဖော် ဖန်တီးထားတာပါ၊ ကိုယ်နဲ့ ချိန်းထားလည်း နောက်ကျတတ်တယ်။ ကောင်မလေး ချော့ချော့ လေးတွေ တွေ့ရင်လည်း စိတ်ဝင်စားတတ်တဲ့ ချစ်သူအကြောင်းပေါ့၊ အဲဒီအဓိပ္ပာယ်လေးနဲ့ "ချစ်လိုက်ပြတ်လိုက်"ဆိုတဲ့ သီချင်းလေးကို ရေးထားတာပါ၊ ဒီအခွေမှာ ရွှယ်ရွှယ်ကိုယ်တိုင်



ရေးထားတာ လေးပုဒ်ပါပါတယ်။ သီချင်းရေးရင် ရွှယ်ရွှယ်က စိတ်ကူးထဲကထွက်လာတဲ့ အတိုင်း စာသားတွေကိုရေးစပ်ပြီး လက်တွေ့ဆန်တဲ့ သံစဉ်လေးတွေကို ဖန်တီးဖြစ်တာပါ"ဟု တေးသံရှင် ရွှယ်ရွှယ်က သူ့သီချင်းများနဲ့ ပတ်သက်၍ ပြောကြားသည်။

အဆိုပါ "ချစ်လိုက်ပြတ်လိုက်"တေးစီးရီးတွင် သီချင်းအားလုံး ကိုးပုဒ်ပါဝင်ပြီး တေးရေး လူခေတ်၊ မင်းသုတအောင်၊ ရဲထွဋ်နှင့် ရွှယ်ရွှယ်တို့က ရေးသားကာ Featuring အဖြစ် လူခေတ်က ပါဝင်သီဆိုထားသည်။ အသည်းကွဲရသ၊ အိမ်ထောင်သည် မိန်းကလေးအချို့၏ ခံစားချက်ရသများနှင့် အပျော်အမြူးရသများကို ထည့်သွင်းထားပြီး ဂီတအမျိုးအစားများမှာ ဂျက်ဇ်၊ ပေါ့ပ်၊ အာအင်န်ဘီ အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ချစ်လိုက် ပြတ်လိုက်"တေးစီးရီး Promotion ပွဲကို မတ် ၁၇ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ လှည်းတန်းစင်တာရှိ Outdoor Area တွင် ကျင်းပမည်ဖြစ်ပြီး အနုပညာမောင်နှမများဖြင့် လက်မှတ်ရေးထိုးကာ တေးသီချင်းများ သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း စာနယ်ဇင်းရှင်းလင်းပွဲတွင် တေးသံရှင်ရွှယ်ရွှယ်က ပြောကြားသည်။

"ရွှယ်ရွှယ်ရဲ့ DVD ကိုတော့ အောက်တိုဘာလပိုင်းမှာ ထွက်နိုင်အောင် စီစဉ်နေပါတယ်၊ DVD ရဲ့ အမည်ကို "အလွမ်းရဲ့တမ်းခြင်း"လို့ အမည်ပေးဖို့ ရွေးချယ်ထားပါတယ်၊ အရင်ထွက်ထားတဲ့ ပထမစီးရီးထဲက ပရိသတ်အားအပေးဆုံး သီချင်းအချို့နဲ့ အခု ဒုတိယ စီးရီးထဲက ရွှယ်ရွှယ်အကြိုက်ဆုံး သီချင်းတချို့ကို ရွေးပြီးလုပ်မှာပါ၊ DVD မှာတော့ သီချင်းအားလုံး ကိုးပုဒ်ပါပါမယ်၊ အားလုံးကလည်း ပရိသတ်အကြိုက်သီချင်းတွေကိုပဲ ရွေးပြီးမှ အကောင်းဆုံး ရိုက်ကူးမှုတွေလုပ်သွားမှာပါ၊ ဒီ 'ချစ်လိုက်ပြတ်လိုက်'၊ 'ကယ်သူမဲ့အလင်း'၊ 'အပျိုကြီး' နဲ့ ဒုတိယ အခွေထဲက သီချင်းသစ်တွေကို နှစ်ခွေပေါင်းပြီး ထုတ်ဖြစ်မှာပါ"ဟု တေးသံရှင် ရွှယ်ရွှယ်က သူ့ရဲ့ DVD ထုတ်လုပ်မည့် အခြေအနေကို ပြောပြသည်။

**ကိုလင်း**

# စိန်ခေါ်မှုများစွာကို အေးအေးဆေးဆေးဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်သူ၏ အရှုံးမပေးတဲ့ဝိညာဉ်



မြန်မာအိုင်ဒေါလ် ရာသီနံပါတ် ၂ တွင် 1st Runner ရရှိခဲ့သူ ဘီလီလမင်းအေး၏ ပထမဆုံးတစ်ကိုယ်တော်ခွေကို မတ် ၃ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ အဆိုပါ တေးစီးရီးထွက်ရှိခြင်း အမှတ်တရအဖြစ် ယင်းနေ့တွင် Junction City ၏ Promotion Area တွင် အမှတ်တရလက်မှတ်ရေးထိုးပြီး တေးသီချင်းများနှင့် ဖျော်ဖြေသွားမည်ဟု သိရသည်။

ဘီလီလမင်းအေးအနေဖြင့် တော်ဝင်စင်တာတွင်ပြုလုပ်ခဲ့သော အမေရိကန် Rap အဆိုတော် Iyaz နှင့်အတူ Living Sound Entertainment မှ ဒုတိယအကြိမ်မြောက် စီစဉ်တင်ဆက်သည့် Fashion & Music Festival ပွဲဖြစ်သည့် Yangon Runway Collection ပွဲတွင် တေးသီချင်းများဖြင့် တွဲဖက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**မေး။ ။ IYAZ နဲ့ တွဲဖက်သီဆိုရတဲ့အပေါ် ဘီလီလမင်းအေးရဲ့ အတွေ့အကြုံကိုလည်း ပရိသတ်တွေသိအောင် ပြောပြပါဦး။**

ဖြေ။ ။ ဒီပွဲက ကျွန်မအတွက် စိန်ခေါ်ပွဲတစ်ခုလို့လည်း ပြောရင်ရပါတယ်။ အမှန်ကသူတို့တွေက အောင်မြင်တဲ့ အဆိုတော်တွေလေ။ အောင်မြင်တာတောင် ကမ္ဘာကျော်တဲ့ အောင်မြင်သူတွေ။ သူတို့နဲ့ ပတ်သက်ပြီး အတွေ့အကြုံကောင်းတွေ ရခဲ့တယ်။ ပညာတွေအများကြီးလည်း တိုးတယ်။ သူက စတိတ်ပေါ်မှာ ဘယ်လို အနေအထားနဲ့ သီဆိုတယ်ဆိုတာ၊ ဘယ်လိုအနေအထားနဲ့ ဖျော်ဖြေတယ်ဆိုတာ ကျွန်မသိခွင့်ရခဲ့တယ်။ ကျွန်မရဲ့သီချင်းသစ်တွေကိုလည်း သီဆိုခွင့်ရခဲ့တယ်။ အခွင့်အရေးတွေလည်း ရသလို တစ်ဖက်မှာလည်း အခက်အခဲတွေကလည်း ရှိပါတယ်။ သူ့ရဲ့အအောင်မြင်ဆုံး သီချင်းဖြစ်တဲ့ Pyramid ဆိုတဲ့ သီချင်းကို အတူဆိုတဲ့အခါ အများကြီး လိုအပ်ချက်တွေ ရှိခဲ့ပါတယ်။ သူ့သီချင်းကို ဘယ်လိုပုံနဲ့ ဆိုရမှန်းမသိဖြစ်ခဲ့ရတယ်။ သူ့ရဲ့သီချင်းကို သေချာနားထောင်ပြီး စင်ပေါ်တက်ခဲ့ရတယ်။ အဲဒီအတွက် ပရိသတ်ရဲ့ဝေဖန်မှုတွေက အစုံပဲပြန်ကြားရတယ်။ အားပေးကြတာရှိသလို ဝေဖန်တာလည်းရှိတယ်။ ဒီပွဲက အဲဒီလို အကြောင်းတွေကြောင့် ကောင်းတာရှိသလို ဆိုးတာလည်းရှိခဲ့တယ်။

**မေး။ ။ မတ် ၃ ရက်မှာ အခွေထွက်တော့မယ်နော်။ အခွေအကြောင်းလည်း ပရိသတ်ကို မိတ်ဆက်ပေးလိုသေးလား။**

ဖြေ။ ။ ဒီအခွေကို စပြီးဖန်တီးခဲ့တာ တော်တော်ကြာပြီ။ အခုမှပဲ ကျွန်မရဲ့ဆရာ၊ ဆရာမတွေရဲ့ ကျေးဇူးကြောင့် ထွက်နိုင်ခဲ့ ပါပြီ။ ဒီသီချင်းခွေကို အနုပညာလမ်းကြောင်းပေါ်မှာ အဆိုတော်အဖြစ်နဲ့ ရပ်တည်နိုင်အောင် မှတ်တိုင်တစ်ခု စိုက်လိုက်တာပါ။ သီချင်းတွေအနေနဲ့ အခွေနာမည်သီချင်းလေးက ကျွန်မကြုံခဲ့ရတဲ့ အနေအထားတစ်ခုကို ဖော်ပြလိုက်တာလေးပါ။ ကျွန်မပြိုင်ပွဲဆိုနေစဉ်ကတည်းက အတိုက်အခိုက်တွေ၊ ဝေဖန်တာတွေ အများကြီးကြုံခဲ့ရတော့ ကိုယ့်အတွက် အားဖြစ်စေတဲ့ သီချင်းလေးပါ။ ကိုဆောင်းဦးလှိုင်ရဲ့ လက်ရာဖြစ်ပြီး ဘာတွေပဲကြုံလာလာ အရှုံးမပေးဘူးဆိုတဲ့ အဓိပ္ပာယ်လေးပါ။ သီချင်းအားလုံး ၁၄ ပုဒ် ပါပါတယ်။ ပထမဆုံး အယ်လ်ဘမ်ဖြစ်တော့ စိတ်ကတော့ လှုပ်ရှားမိတယ်။ တေးရေးတွေက ကိုဆောင်းဦးလှိုင်၊ ဟဲလေး၊ ရဲလေး၊ သုခမိန်လှိုင်တို့ ရေးသားပေးထားပါတယ်။ ဆောင်းဦးလှိုင်နဲ့ သုခမိန်လှိုင်တို့ရဲ့ သီချင်းဟောင်းလေး နှစ်ပုဒ်ကိုလည်း ထည့်ဆိုထားပါတယ်။

**မေး။ ။ လာမည့် အခွေမိတ်ဆက်တဲ့နေ့မှာရော အစီအစဉ်တွေနဲ့ ကြိုတင်ပြင်ဆင်ထားတာတွေကိုလည်းရှိရင် ပြောပေးပါဦး။**

ဖြေ။ ။ ဘီလီလမင်းအေးကို ချစ်ကြပြီး အားပေးကြတဲ့ ပရိသတ်တွေအားလုံး လာစေချင်တယ်။ အားလုံးအတူတူပျော်ကြမယ်၊ ဓာတ်ပုံတွေရိုက်မယ်၊ သီချင်းတွေ အတူတူဆိုမယ်။ စိတ်လှုပ်ရှားစရာတွေရှိပါတယ်။ နောက်ပြီး ကိုယ်တိုင်ထုတ်ထားတဲ့ ကျွန်မလိုဂိုပါတဲ့ အင်္ကျီလေးတွေနဲ့ အမှတ်တရ လက်ဆောင်လေးတွေလည်းပေးဖို့ စီစဉ်ထားပါတယ်။ ဒီပွဲလေးက ကျွန်မဘဝရဲ့ ပထမဆုံးအခွေ စတင်ဖြန့်ချိတဲ့ အထိမ်းအမှတ်ပွဲလေးမို့ အရေးကြီးတဲ့ ပွဲတစ်ခုပါ။ ဂီတလမ်းကြောင်းရဲ့ မှတ်တိုင်အစဖြစ်တဲ့အတွက်လည်း ကျွန်မအတွက် စိတ်လှုပ်ရှားပြီး ကြိုတင်ရင်ခုန်နေရပါတယ်။

**ကိုလင်း**

# သုံးချင်တဲ့အခါသုံးချင်သည့် အယ်လ်ဘမ်တွင်သုံးမည်ဆိုသည့် ပုံစံကို လက်သင့်မခံသည့် သားကြီး

ဘိုကပြား၊ ဆယ်ပုံတစ်ပုံ၊ ကောင်းသောနေ့လေးဖြစ်ပါစေ၊ ပီယဆေး စသည့်တေးစီးရီးများထွက်ခဲ့ပြီး ယခုအခါ ငါးခုမြောက် တေးစီးရီးဖြစ်သည့် "အချိန်တွေတိုင်းမှာ" ဟု အမည်ရသည့် စီးရီးကို မတ် ၃ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

အဆိုတော်သားကြီးသည် လက်ရှိတွင် ကိုယ်တိုင်ရေးသားထားသော တေးသီချင်းများကို အခြားသော ဂီတမောင်နှမများအတွက် ရေးသားရောင်းချထားပြီး၊ သတ်မှတ်ထားသော နှစ်ကျော်လွန်သွားပြီး အသုံးပြုခြင်းမရှိသော သီချင်းများနှင့် ပတ်သက်၍ လူမှုကွန်ရက်တွင်လည်း ပြောကြားထားခြင်းကြောင့် ဂီတလောကသားများက ထောက်ခံကြသူလည်းရှိသကဲ့သို့ ဝေဖန်သူများလည်းရှိကြောင်း သိရသည်။

"ကျွန်တော်ရေးပေးတဲ့သီချင်းကို သုံးချင်တဲ့အခါ သုံးမယ်၊ သုံးချင်တဲ့ အယ်လ်ဘမ်မှာ သုံးမယ်ဆိုတာမျိုးကို လုပ်လို့မရသလို လုပ်ခွင့်လည်းမရှိပါဘူး၊ ကျွန်တော်မှ မဟုတ်ဘူး၊ ဘယ်တေးရေးဆရာမှလည်း ခွင့်ပြုမှာမဟုတ်ပါဘူး၊ သီချင်းတွေမှာ နှစ်အကန့်အသတ်ရှိသလို သုံးခွင့်ပေးထားတဲ့ အခွေမှာပဲ တစ်ကြိမ်သုံးလို့ရမှာပါ၊ ထပ်သုံးမယ်ဆိုရင် အကြောင်းကြားပေးဖို့ လိုပါတယ်။ ကျွန်တော်က အချိန်သုံးနှစ်ပေးပါတယ်၊ သုံးနှစ်ကျော်သွားရင် ကိုယ်တိုင်ဆိုတာမျိုး တခြားအဆိုတော်ကို လက်လွှဲသီဆိုခွင့် ပြုတာမျိုးလုပ်ပါတယ်၊ အဓိကကတော့ ကိုယ့်သီချင်းလေးကို သီချင်းချစ်တဲ့သူတွေ သိစေချင်လို့ ရေးတာပါ၊ ဝယ်ပြီး ရာသက်ပန်သိမ်းထားဖို့ရောင်းချတာ မဟုတ်ပါဘူး၊ အလွဲသုံးစားလုပ်ခံဖို့လည်း ရောင်းချတာမဟုတ်ပါဘူး၊ ဒါ့ကြောင့် သုံးနှစ်ကျော်ကြာအောင် ဝယ်ပြီးသိမ်းထားကြတဲ့ တေးသံရှင်တွေနဲ့ အယ်လ်ဘမ်အတွက်သုံးမယ်ဆိုပြီး ဝယ်ထားကြတဲ့တေးသံရှင်များ တခြားနေရာမှာ သုံးတာဖြစ်ဖြစ် နှစ်ကျော်သွားလို့သုံးချင်တာဖြစ်ဖြစ် ခွင့်ပြုချက်လေးယူစေချင်တယ်"ဟု သားကြီးကဆိုသည်။

**ကိုလင်း**

# တစ်နေ့မှာ မောင့်ကိုဒီအကြောင်းတွေပြောရဦးမယ်နှင့် အနုပညာရှင်များ



မိတ်ကပ်ဖန်တီးရှင် ခင်စန်းဝင်းကိုယ်တိုင် ရေးသားထားပြီး ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ထားသော "တစ်နေ့မှာ မောင့်ကို ဒီအကြောင်းတွေ ပြောရဦးမယ်" ဗီဒီယိုဇာတ်ကားကို ဒါရိုက်တာ နိုင်မျိုးထွန်း(ရန်ကုန်တက္ကသိုလ်) ရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ်၊ အေးချမ်းမောင်၊ သားညီ၊ ခင်စန်းဝင်း၊ စင်ဒီမြတ်၊ ဩဇာ၊ အုံ့မင်းညို၊ ဒေါင်းဝေ၊ လီလီကျော်ခိုင်နှင့် Stars & Models မှ မော်ဒယ်များ ပါဝင်သရုပ်ဆောင်ထားပြီး ဆဋ္ဌမ အာရုံ ဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးထားကြောင်း သိရသည်။

**ဒါရိုက်တာ နိုင်မျိုးထွန်း (ရန်ကုန်တက္ကသိုလ်)**

ဒီဇာတ်ကားရဲ့ အဓိက ဖန်တီးသူကတော့ ခင်စန်းဝင်းပါပဲ၊ သူ့ရဲ့ အိုင်ဒီယာလေးတွေကို ကျွန်တော်တို့ကို ပြောပြတယ်၊ ကျွန်တော်တို့က ပြန်ပြီး လိုအပ်တဲ့ အရာလေးတွေပဲ ထည့်ပေးခဲ့တယ်၊ ဇာတ်လမ်းအဖြစ် ရုပ်လုံးပေါ်အောင်ပေါ့နော်၊ ဒီကားလေးထဲမှာ မကြီးစန်းရဲ့ အကြောင်းလေးတွေတော့ သူ့နေရာနဲ့သူရှိပြီးသားလေ၊ ကျွန်တော်တို့က အေးချမ်းမောင်ရဲ့ဘက်ကနေ ပြန်ဖန်တီးပေးရတာပေါ့၊ အမှန်အတိုင်းပြောရင် အေးချမ်းမောင် ဇာတ်လို့တောင် ပြောလို့ရတယ်၊ သူ့အခန်းတွေက များနေတယ်၊ ဒါပေမယ့် ဒီဇာတ်ကားလေးက မကြီးစန်းအတွက်လည်း သူလုပ်ချင်တဲ့ ပုံစံလေး လုပ်လိုက်ရသလို၊ ဇာတ်ကားထဲမှာပါဝင်တဲ့ သူတွေအားလုံးလည်း သူ့နေရာနဲ့သူ အားလုံးကောင်းကြတယ်ဆိုတော့ ပရိသတ်အနေနဲ့လည်း မကြီးစန်းဆိုတာထက် အနုပညာကို ပရိသတ်က အပြည့်အဝနဲ့ အမြင်တစ်မျိုး၊ ရသတစ်မျိုး ခံစားမှုတစ်ခု ရစေမှာပါ။

**မိတ်ကပ်ပညာရှင် ခင်စန်းဝင်း**

"မကြီးစန်းနှင့်သူ၏ ချစ်သူများ" ဇာတ်ကားလေးတုန်းက ဦးမြတ်ခိုင်က ရိုက်မယ်ပြောတော့ ကိုယ်ကြောက်ရတဲ့သူဆိုတော့ မငြင်းရဲတော့ ရိုက်ဖြစ်ခဲ့တယ်၊ အဲဒီ ဇာတ်ကားလေးက ရောင်းအားလည်းကောင်းခဲ့တော့ ဒါရိုက်တာနိုင်မျိုးထွန်းက ရိုက်ကြမယ်ဆိုတော့ ထပ်ရိုက်ဖြစ်တာပါ၊ ပရိသတ်တွေလဲ အသစ်အဆန်းလေး မြင်တွေ့ရဦးမယ့် အချစ်ကားလေးပါပဲ၊ မကြီးရဲ့အကြောင်းကို ရိုက်ထား တယ်လို့ ထင်နေကြတာပေါ့နော်၊ တကယ်တော့ မဟုတ်ပါဘူး၊ မကြီးတို့ လောကမှာ ဖြစ်ပျက်နေတာမျိုးလေးတွေကို အခြေခံပြီး ဇာတ်လမ်းလေးတွေ ဖန်တီးထားတာပါ။

**အေးချမ်းမောင်**

ဒီကားလေးမှာ ကျွန်တော် သရုပ်ဆောင်ဖြစ်ခဲ့တာကတော့ ဆရာဂျွန်လွင်ရဲ့ ကျေးဇူးကြောင့်ပါ၊ နောက်ပြီး မကြီးစန်းပေါ့နော်၊ ကျွန်တော့်အနေနဲ့ဆို ပထမဆုံးဇာတ်ကားပါ၊ ကျွန်တော့်အတွက်တော့ သရုပ်ဆောင်အသစ်တစ်ယောက်မို့ အခက်အခဲတွေကတော့ အများကြီးပါဘဲ၊ ဒီကားမှာ ပထမဆုံး ကျွန်တော်က ဆင်းရဲတဲ့ လူငယ်လေး တစ်ယောက်အဖြစ်နဲ့ လုပ်ရတာပေါ့နော်၊ နောက်ပိုင်း မကြီးစန်းကြောင့် ကျွန်တော် နေရာတစ်နေရာရခဲ့တယ်၊ ဒီအပေါ်မှာ ကျွန်တော့်အနေနဲ့ စိတ်ကိုအမျိုးမျိုးထားပြီး လုပ်ရတာပေါ့၊ အခက်အခဲဖြစ်ရတဲ့ နေရာလေးကတော့ ခြံဝမှာ မကြီးစန်းကို တောင်းပန်ရတဲ့ အခန်းလေးပါ၊ ကျွန်တော် စိတ်ကို တော်တော်နှစ်ပြီးလုပ်ရတဲ့ အခန်း ပေါ့နော်၊ ခေါင်းတွေဆို ကိုက်ခဲနေတာပဲ၊ ခဏခဏပြန်လုပ်ရတယ်၊ အဲဒီ့ အခန်းရိုက်တာ ည ၁၂ နာရီ ကျော်သွားတယ်၊ မကြီးနဲ့ ပန်းခြံထဲမှာ နှစ်ယောက်သား လျှောက်သွားရတဲ့ ဇာတ်ဝင်ခန်းလေးကို သဘောကျ ပါတယ်၊ သဘာဝကျလို့ပါ၊ ဒီကားလေးက ပညာရ စေတဲ့ ဇာတ်မျိုးတော့မဟုတ်ပါဘူး၊ Entertainment အနေနဲ့တော့ ပရိသတ် ကြိုက်မယ့်ကားမျိုး ဖြစ်နိုင်ပါတယ်။

**စင်ဒီမြတ်**

ဒီကားထဲမှာ ပါဝင်ဖြစ်ခဲ့တာက Stars & Models က သင်တန်းသားတွေကိုရော မော်ဒယ်တွေအကုန်လုံးကိုပါ အနုပညာလောကထဲမှာ ဝင်ရောက်နိုင်ဖို့ မြေတောင်မြှောက် ပေးတာကြောင့်ပါ၊ အဲဒါကြောင့်လည်း ပထမဆုံးအနေနဲ့ ပါဝင်သရုပ်ဆောင်ဖြစ်ပါတယ်၊ အတွေ့အကြုံနည်းသေးတော့ အခက်အခဲတွေလည်း ရှိပါတယ်၊ ဒါပေမယ့် ဒါရိုက်တာတွေရော အားလုံးကပါ သေသေချာချာ သင်ပေးကြပါတယ်၊ ရိုက်ရတဲ့ ဇာတ်ရုပ်ကလည်း ဗီလိန်ဇာတ်ရုပ်ပါ၊ ကျွန်မက မကြီးစန်းရဲ့ကောင်လေးကို လုယူတဲ့ နေရာက သရုပ်ဆောင်ရပါတယ်၊ ဖန်စီအနေနဲ့တော့ ကြည့်လို့ကောင်းမယ့် ဇာတ်ကားလို့ ပြောချင်ပါတယ်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### သမီးလေးရဲ့ ပထမဦးဆုံးဗီဒီယိုကို ပရိသတ်ကိုပြသလိုက်တဲ့ ခိုင်လီဂျန်နာ

ခိုင်လီဂျန်နာဟာ သူ့ရဲ့သမီးလေး စတော်မီကို ရိုက်ကူးထားတဲ့ ဗီဒီယိုလေးကို ပရိသတ်ကို ပြသခဲ့ပါတယ်။ သူတို့သားအမိနှစ်ယောက် ဆော့ကစားနေတဲ့ပုံတွေ ရိုက်ကူးထားတာဖြစ်ပြီး မေမေ့ရဲ့ချစ်စရာကောင်းတဲ့ ခြေချောင်းလေးတွေလို့လည်း ပြောခဲ့ပါသေးတယ်။ တွစ်တာမှာလည်း ခိုင်လီဂျန်နာက သူဟာသမီးလေးကို တစ်နေ့လုံး ထိုင်ကြည့်နေမိတယ်လို့ ပြောထားပါသေးတယ်။ သူ့သမီးလေးဟာ သူငယ်ငယ်တုန်းကနဲ့လည်း တော်တော်တူတယ်လို့ ဆိုပါတယ်။ ကလေးငယ်ရဲ့ဖခင်ဖြစ်သူ ထရာဗစ်စကောက်ကလည်း သူ့သမီးကို သမီးချောလေးလို့ ပြောပါတယ်။ ဒီသမီးလေးကို လော့အိန်ဂျလိစ်မြို့ကဆေးရုံမှာ ဖေဖော်ဝါရီ ၁ ရက်က မွေးဖွားခဲ့တာပဲ ဖြစ်ပါတယ်။

ကလေးမွေးဖွားပြီးတဲ့နောက် ခိုင်လီဂျန်နာဟာ လူမှုကွန်ရက်မှာ သမီးလေးမွေးကြောင်း ကြေညာခဲ့ပြီး ပရိသတ်ကို ကြိုတင်အသိပေးမထားမိတဲ့အတွက်လည်း တောင်းပန်စကားဆိုခဲ့ပါသေးတယ်။ ခိုင်လီဂျန်နာနဲ့ စကောက်တို့စုံတွဲဟာ ကလေးမွေးပြီး နောက်ပိုင်းအပြင်ကို အတူတူထွက်ခဲ့ကြပါတယ်။ သူတို့အပြင်ထွက်တဲ့ အချိန် လုံခြုံရေးတွေကို ချထားတော့ ဘယ်သူမှအနီးကပ်ခွင့် မရခဲ့ပါဘူး။ ခိုင်လီဂျန်နာကတော့ ချစ်သူနဲ့အတူ အပြင်ထွက်ရတာ ပျော်နေတဲ့ပုံပေါက်ပါတယ်။ ကိုယ်ဝန်ဆောင်တဲ့ အချိန်ကာလအတွင်း အပြင်ကိုမထွက်ခဲ့တာကြောင့်လည်း ပါမှာပါ။ အခုအချိန်မှာတော့ ခိုင်လီဟာ သမီးတစ်ယောက်နဲ့အလုပ်ရှုပ်နေမှာ အမှန်ပါပဲ။ **ဟယ်လို**



အမေ့လက်ကိုတင်းတင်းဆုပ်ကိုင်ထားတဲ့သမီးလေး စတော်မီ

### ရိုလင်းစတုန်းအဖွဲ့ ၂၀၁၈ ခုနှစ်အတွင်း ယူကေနိုင်ငံတစ်ဝန်း ဖျော်ဖြေပွဲများ ပြုလုပ်မည်

၂၀၀၆ ခုနှစ်ကတည်းက နယ်လှည့်ဖျော်ဖြေပွဲတွေ မလုပ်ဘဲရပ်နားထားတဲ့ ရိုးလင်းစတုန်းအဖွဲ့ဟာ ၂၀၁၈ခုနှစ်အတွင်းမှာတော့ ဖျော်ဖြေပွဲတွေ ပြန်လည်စတင်တော့မယ်လို့ သိရပါတယ်။ အားကစားရုံကြီးငါးရုံမှာပွဲကျင်းပဖို့ရာ ရက်သတ်မှတ်ထားပြီး ကိတ်ရစ်ချက်နဲ့ မိုက်တို့အပါအဝင် ဒီအဖွဲ့ဟာ ဖျော်ဖြေမှုတကယ်ပြန်လုပ်တော့မှာပဲ ဖြစ်တယ်။ ဒီအဖွဲ့အနေနဲ့ ယူကေမှာနောက်ဆုံးဖျော်ဖြေခဲ့တာ လွန်ခဲ့တဲ့ ငါးနှစ်က ဖြစ်ပြီး ယူကေနိုင်ငံအတွင်း လှည့်လည်ဖျော်ဖြေပွဲ မလုပ်တာတော့ ၁၂နှစ်နီးပါးရှိပါပြီ။ မေ ၁၇ ရက်မှာတော့ အိုင်ယာလန်က ဒတ်ဗလင်ကွင်းမှာ ပွဲလုပ်မှာဖြစ်ပြီး လန်ဒန်ကအားကစားကွင်းမှာတော့ မေ ၂၂ ရက်မှာ ပြုလုပ်မှာ ဖြစ်ပါတယ်။ မန်ချက်စတာမှာတော့ အိုးထရက်ဖို့ကွင်းမှာပြုလုပ်မှာဖြစ်ပြီး အီဒင်ဘာဂ့်မှာလည်း ပြုလုပ်ဖို့အစီအစဉ်ရှိပါတယ်။ နွေရာသီမှာစင်ပေါ်ပြန်တက်ပြီး ပရိသတ်နဲ့ ပြန်လည်ဆုံတွေ့ဖို့မျှော်လင့်ထားပါတယ်လို့ အဖွဲ့သားတစ်ဦးဖြစ်သူ မစ်ဂျက်ဂါက ပြောပါတယ်။ ၁၉၆၂ ခုနှစ်ကတည်းက ဖွဲ့စည်းထားတဲ့ ဒီရော့ခ်အဖွဲ့ရဲ့ ပရိသတ်ဟာလည်း မနည်းပါဘူး။

ဒီအဖွဲ့ဟာ ၂၀၁၇ ခုနှစ်အတွင်း ဥရောပမှာဖျော်ဖြေရာမှာတော့ ဝင်ငွေစံချိန်ချိုးနိုင်ခဲ့ပါတယ်။ ဂျာမနီ၊ ဆွီဒင်နဲ့ နယ်သာလန်တို့မှာ ပွဲကျင်းပခဲ့ရာမှာတော့ နိုင်ငံရဲ့သမိုင်းမှာ ဝင်ငွေအများဆုံးပွဲဖြစ်လာခဲ့ပါတယ်။ ၂၀၁၈ ပွဲလက်မှတ်ခတွေကိုတော့ ဈေးဘယ်လောက်သတ်မှတ်မယ်ဆိုတာကိုတော့ မကြေညာသေးပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ပွဲတွေမှာတော့ အနိမ့်ဆုံးပွဲလက်မှတ်တောင် ၉၉ ပေါင်ရှိပါတယ်။ လက်မှတ်တွေကိုလည်း မကြာခင်မှာပဲရောင်းချတော့မယ်လို့ သိရပါတယ်။ **ဘီဘီစီ**



## တပေါင်းလပြည့် အကြိုကုသိုလ်အဖြစ် ဆီမီး ၃၀၀၀၊ ပန်း ၃၀၀၀ ဆက်ကပ်ပူဇော်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ သိမ်ကျောင်းတိုက် ရှေးဟောင်းစေတီတော်များတွင် တပေါင်းလပြည့် အကြိုကုသိုလ်အဖြစ် ဆီမီး ၃၀၀၀၊ ပန်း ၃၀၀၀ ဆက်ကပ်ပူဇော်ခြင်းကို ဖေဖော် ဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တက်ရောက်လာသည့် ဧည့်ပရိသတ်အပေါင်းက ညောင်ပင်ကြီးစု သိမ်ကျောင်းဆရာတော်ထံမှ သီလခံယူပြီး ညနေ ၆ နာရီတွင် စေတီတော်များအား ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် ပန်း ၃၀၀၀ ဆက်ကပ်ပူဇော်ခြင်းများ ဆောင်ရွက်ကာ နေပြည်တော်ဝန်းကျင်မှ ဧည့်ပရိသတ်များအား အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့သည်။

အဆိုပါ ရှေးဟောင်းစေတီတော်များအား ဆီမီး၊ ပန်းဆက်ကပ်ခြင်းကို Social Network တစ်ခုဖြစ်သော နေပြည်တော်အသိုင်းအဝိုင်း Group Member များက စုပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ "ကျွန်တော်တို့ နေပြည်တော်အသိုင်းအဝိုင်း Group အနေနဲ့ တစ်လကို နှစ်ကြိမ်၊ ရုံးပိတ်ရက် တနင်္ဂနွေနေ့တွေမှာ Group Member တွေ စုပေါင်းပြီး နေပြည်တော်အတွင်းမှာရှိတဲ့ ဘုရားတွေကို သန့်ရှင်းရေးပြုလုပ်ပေးလျက်ရှိပါတယ်၊ ရာသီအလိုက် အထိမ်းအမှတ်ကုသိုလ်တွေလည်း ပြုလုပ်ကြသလို ရှေ့ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု နေပြည်တော်အသိုင်းအဝိုင်း Social Network တည်ထောင်သူ Admin ကိုသားကြီးက ပြောကြားသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများ ရေပေးဝေရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်းနှင့် တာဝန်ရှိသူများသည် တာချီလိတ်မြို့နယ် စည်ပင်သာယာရေး ဌာနနှင့် တာချီလိတ်မြို့ ရှမ်းအရှေ့ရေပေးဝေရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူပေါင်းဆောင်ရွက်လျက်ရှိသည့် မြို့ရေပေးဝေလုပ်ငန်းကို ဖေဖော်ဝါရီ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ပုန်းထွန် ရပ်ကွက် DMA-2 ဆောင်ရွက်ထားရှိမှု၊ ဗိုလ်ချုပ်လမ်းတစ်လျှောက် သွယ်တန်း နေသည့် အိမ်သွယ်ရေတိုင် ရေမီတာ ယာယီတပ်ဆင်မှု၊ အနည်အနှစ်နှင့် ပိုးမွှား များပါဝင်သည့်အနေအထား၊ ရေသန့်ဝင်ရောက်ရန်အတွက် ဆေးကြောသန့်ရှင်း ဆောင်ရွက်နေသည့် အခြေအနေ၊ အနည်အနှစ်များဆေးကြောရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးကြည့်ရှုရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းပြသသည်။

ထို့မှတစ်ဆင့် စည်ပင်သာယာရေး ဝန်ကြီးနှင့်အဖွဲ့သည် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် မလိပါကော်ကျေးရွာ လမ်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း (ပြန်/ဆက်)**



**မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဘိုဘိုဦး၏ ညွှန်ကြားမှု၊ သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း ကြီးကြပ်မှုဖြင့် ဖေဖော်ဝါရီ ၂၆ ရက်က သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာအုပ်စု၊ သင်းထော်ဘုန်းတော်ကြီးကျောင်းရှေ့၌ ဒေသခံများအား မူခင်းအသိပညာပေးယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် မြို့မစခန်းမှူး ဒုရဲမှူးမောင်မောင်တို့ ဟောပြောစဉ်။** ၁၃၈

## တံတားခင်းရန် ကျေးရွာစီမံကိန်းကော်မတီ ရန်ပုံငွေ ပေးအပ်

**သီပေါ ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဆောင်ကြဲကျေးရွာအုပ်စု ပန်မြိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်ရန် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် ကျေးရွာဒေသခံများ တက်ရောက်ကြပြီး ပန်မြိုင်းကျေးရွာစီမံကိန်းကော်မတီဥက္ကဋ္ဌထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ဝက်မွေးမြူထုတ်လုပ်မှုဆိုင်ရာ သင်တန်းဖွင့်

**ရေတာရှည် ဖေဖော်ဝါရီ ၂၇**

စားသုံးသူပြည်သူများ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း မျိုးကောင်းမျိုးသန့် ဝက်မျိုးများပြန့်ပွားစေရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရေတာရှည်မြို့ စံပြဝက်မွေးမြူရေးခြံ၌ ဝက်မွေးမြူရေးထုတ်လုပ်မှုဆိုင်ရာ သင်တန်းအမှတ် (၄) ကို ဖေဖော်ဝါရီလ တတိယပတ်က ဖွင့်လှစ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၊ ရှမ်းပြည်နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဥက္ကဋ္ဌ) ဒေါက်တာ စိုင်းစံဝမ်း၊ တောင်ငူခရိုင် မွေး/ကုဦးစီးဌာနမှူး ဒေါက်တာ အက်စတာနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

သင်တန်းသို့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယ၊ ဘော်ဆိုင်း၊ ကလော၊ တောင်ကြီးမြို့နယ်များနှင့် မိတ္ထီလာမြို့နယ်များမှ သင်တန်းသားများ တက်ရောက်ကြပြီး ငါးရက်ကြာဖွင့်လှစ်သင်ကြားပေးခဲ့သည်။ သင်တန်းတွင် ဝက်မျိုးများ၊ မြေနေရာရွေးချယ်ခြင်း၊ ဝက်သိုးထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဝက်မတမ်းနှင့် ဗီးဝက်မပြုစုစောင့်ရှောက်ခြင်း၊ ဝက်မေထုန်မှဲ့သားစပ်ခြင်းနှင့် မေထုန်မှဲ့သားစပ်လုပ်ငန်းများ ကိုင်တွယ်အသုံးပြုခြင်းတို့ကို စာတွေ့ လက်တွေ့ပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**



**ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း သာယာဝတီခရိုင် သာရဝေါမြို့ လျှပ်စစ်မှူးရုံးအုပ်ချုပ်မှုနယ်မြေအတွင်းရှိ ဗီးဖြူကုန်းစည်ပင်ဈေးအား လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် ဖေဖော်ဝါရီလ တတိယပတ်က မြို့လျှပ်စစ်မှူး ဦးမျိုးသိန်းဌေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက သွားရောက်စစ်ဆေးပြီး ဈေးသူ ဈေးသားများ လျှပ်စစ်ဓာတ်အားသုံးစွဲသည့်အခါ လျှပ်စစ်အန္တရာယ်ကင်းရှင်းအောင် မည်သို့ သုံးစွဲရမည်ကို အသိပညာပေးဟောပြောစဉ်။** မြင့်နိုင် (ပြည်)


UPG PREMIER
♦ အရောင်ထောင်ပေါင်းများစွာကို အချိန်တိုအတွင်း Computerized Tinting System ဖြင့် အရောင်စုံထုတ်လုပ်ပေးနေပါပြီ။
♦ နမူနာအရောင်များကို Computer Color Planner Software တွင်ထည့်သွင်း ကြည့်ရှုနိုင်ပါပြီ။
♦ ၁လီတာတိုင်းအတွက် လူမှုရေးရံပုံငွေ (CSR) တွင် ၁၀၀ကျပ် ထည့်ဝင်လှူဒါန်းပါမည်။
Weathershield (Gloss)
High Performance Exterior Gloss Emulsion Paint
အထူးပြောင်လက်တောက်ပခြင်း
ပြင်ပရာသီဥတုဒဏ်ကြာရှည်ခံခြင်း
ဖုံးအုပ်နိုင်မှုကောင်းမွန်ခြင်း
ခဲနှင့် ပြဒါးပါဝင်မှုမရှိခြင်း
Weathershield
High performance exterior paint
ပြင်ပရာသီဥတုဒဏ်ကြာရှည်ခံခြင်း
မှိုနှင့်ရေညှိတက်ခြင်းကိုကာကွယ်နိုင်ခြင်း
အရောင်တောက်ပမှုကြာရှည်ခံခြင်း
ခဲနှင့် ပြဒါးပါဝင်မှုမရှိခြင်း
၆နှစ် အာမခံ
6 YEARS PROTECTION
SUPER GLOSS
WEATHER RESISTANCE
GOOD COVERAGE
EXTERIOR DURABLE
LONG LASTING COLORS
FUNGUS RESISTANT TO ALGAE
NO LEAD & MERCURY
THOUSANDS of designing colors
Through Tinting System
COMPUTERIZED TINTING SYSTEM MAKES IT POSSIBLE!
SAY yes UPG
TO THE BEST ...
UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II), Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint

# ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ် (Recruitment Point System) ဖြင့် တတိယအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ် (EPS-TOPIK,Computer Based Test) စာမေးပွဲ၊ အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း(Skills Test)နှင့် လုပ်ကိုင်နိုင်မှုအရည်အသွေးစစ်ဆေးခြင်း(Competency Test)များ ကျင်းပပြုလုပ်ရန် ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် အမှတ်ပေးစနစ်ဖြင့် နိုင်ငံခြားသားအလုပ်သမားများခန့်ထားမှုစနစ် (Point System for recruitment of foreign workers) ကို ၂၀၁၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ စတင်ဆောင်ရွက်ရန် နှစ်ဖက်ညှိနှိုင်းသတ်မှတ်ပြီးဖြစ်ပါသည်။

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ နယ်မြေ(၆)နေ မိခင် ဒေါ်ဘောဂီမြင့် ၉/တကန(နိုင်)၁၄၀၁၀၃ ၏သားလတ် မောင်ဟန်နီဘိုသည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူလုပ်ဆောင်၍ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**မိခင် ဒေါ်ဘောဂီမြင့် ၉/တကန(နိုင်)၁၄၀၁၀၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/9495 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ပါသိန်း (မုဒုံ)
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၃၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ [ဦးချစ်လှိုင်(ဦးဩဘာသ)-ဒေါ်မာတီ]တို့၏သား၊ (ဒေါ်ယဉ်ယဉ်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမြင့်ထိန်-ဒေါ်အေးအေးသိန်း၊ ဦးငွေသိန်း၊ ဒေါက်တာ Michael Gillan - ဒေါက်တာထွေးထွေးသိန်း၊ ဒေါက်တာကျော်ဝင်းသိန်း-ဒေါက်တာဇင်ဇင်၊ ဦးအောင်ဇော်သိန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ပါသိန်း (မုဒုံ)
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (ဆည်မြောင်းဦးစီးဌာန)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ပါသိန်း(မုဒုံ) အသက်(၈၄)နှစ်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (ဆည်မြောင်းဦးစီးဌာန)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၉)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ပါသိန်း(မုဒုံ) အသက်(၈၄)နှစ်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (ဆည်မြောင်းဦးစီးဌာန)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၂)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ပါသိန်း(မုဒုံ) အသက်(၈၄)နှစ်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (ဆည်မြောင်းဦးစီးဌာန)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၇)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ပါသိန်း(မုဒုံ) အသက်(၈၄)နှစ်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (ဆည်မြောင်းဦးစီးဌာန)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ပါသိန်း (မုဒုံ) အသက်(၈၄)နှစ်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (ဆည်မြောင်းဦးစီးဌာန)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ဖြည့်တင်းရေးဌာနခွဲ(၁)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ပါသိန်း (မုဒုံ) အသက်(၈၄)နှစ်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)(ဆည်မြောင်းဦးစီးဌာန)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၆)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးခင်မောင်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**စက်မှု၊ စိုက်ပျိုးနှင့်သက်မွေးပညာဦးစီးဌာန**
**အသက်(၉၃)နှစ်**

မြန်မာနိုင်ငံ ဗိသုကာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်လှစုမြတ်၏ မွေးသဖခင်ကျေးဇူးရှင် ဦးခင်မောင်သည် ၂၃-၂-၂၀၁၈ရက် (သောကြာနေ့) ည ၈း၃၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဗိသုကာအသင်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်သိန်း (ဝေါ)
**အသက်(၈၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ မင်းလမ်း၊ အမှတ် ၁၁နေ (ဦးရှောင်ကိန်း-ဒေါ်ငွေကိုင်)တို့၏သမီး၊ (ဦးယုဟော့)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးစောသန့်)-ဒေါ်ခင်ဆွေဦး(တွဲဖက်ပါမောက္ခ၊ ငြိမ်း)၊ ဒေါ်ခင်ဆွေမြင့်(အထက-ဝေါ၊ ငြိမ်း)၊ ဦးကြီးဘင်-ဒေါ်ခင်ထွေးမြင့်၊ ဒေါက်တာသက်လွင်-ဒေါ်မျိုးမျိုးသန်း၊ ဦးလှသက်မော်-ဒေါ်ခင်သက်မော်၊ ဦးသက်လွင်-ဒေါ်မိုးမိုးယု၊ ဒေါ်ခင်သက်မာ၊ ဒေါ်ငွေငွေဝင်းတို့၏ချစ်လှစွာသောမိခင်၊ မြေး/မြစ် ၁၇ယောက်တို့၏အဘွားသည် ၂၆-၂-၂၀၁၈ရက် နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၈ရက် ၂၈-၂-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ဝေါမြို့ ကွင်းချောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ဝေ(ခ)ဒေါ်ညို (သရက်မြို့)
**အသက်(၈၇)နှစ်**

သရက်မြို့၊ မြောက်မင်းတည်ရပ်၊ အုတ်ဖိုကျောင်းလမ်း၊ အမှတ် ၃၉၀နေ ဦးခင်မောင်သန်း(မြို့နယ်ပညာရေးမှူး၊ငြိမ်း)၏ဇနီး၊ ဒေါက်တာတင်သန်းစိုး (မိုး-သွားနှင့်ခံတွင်းဆေးခန်း)၊ ဒေါက်တာတင်ဝါဝါလတ်(ရှီရှင်းကုမ္ပဏီ)၊ ဦးတင်သန်းမျိုး(ခရိုင်ဦးစီးဌာနမှူး၊ သစ်တောဦးစီးဌာန၊ မော်လိုက်)၊ ဒေါ်ဝင်းမာသိန်း၊ ဒေါ်ခင်သန္တာဝင့်(အထက-၁၊ သရက်)၊ ဦးတင်သန်းမိုးတို့၏မိခင်၊ မြေးလေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၇း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃း၃၀နာရီတွင် အထက်ပါနေအိမ်မှ သရက်မြို့ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ရဲမှူးအောင်ထွဋ်
**စစ်ဆေးရေးဌာနခွဲ၊ မှူခင်းဌာန၊ ရဲဦးစီးဌာနကြီး**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**
**အသက်(၅၄)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီဒ္ဓိရပ်ကွက်၊ တိုက်အမှတ် ၃၃၂၈၊ အခန်း ၀၂နေ ဒေါ်တင်တင်ငွေး၏ခင်ပွန်း၊မောင်အောင်မျိုးသူ(ဒုဦးစီးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)-မဝါဝါ(အလယ်တန်းပြ၊ အထက-၈)တို့၏ဖခင်၊ မမေရှင်းသန့်ဖြူ(ခ)ပူတူးလေး၏အဘိုးသည် ၂၆-၂-၂၀၁၈ရက် မွန်းလွဲ ၂း၁၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် (ခုတင်-၁၀၀၀)ဆေးရုံမှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
## ရဲ ၃၁၁၂ ရဲမှူးအောင်ထွဋ်
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**
**အသက်(၅၄)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ မှူခင်းဌာန၊ စစ်ဆေးရေးဌာနခွဲမှ ရဲ ၃၁၁၂ ရဲမှူးအောင်ထွဋ်သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၁၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်၊ ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှူခင်းဌာန၊ ရဲဦးစီးဌာနကြီး စစ်ဆေးရေးဌာနခွဲတွင်တာဝန်ထမ်းဆောင်လျက်ရှိသော ရဲ ၃၁၁၂ ရဲမှူးအောင်ထွဋ် အသက်(၅၄)နှစ်သည် ၂၆-၂-၂၀၁၈ရက် မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်ပြီး ၂၈-၂-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်တွင်းဒုရဲအုပ်လောင်းသင်တန်း**
**အမှတ်စဉ်(၁၆/၁၉၉၁)မှ သူငယ်ချင်းများ**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## စောနယ်လ်ဆင်မြ(ခ)စောစေးဖော
**မြို့မကရင်နှစ်ခြင်းအသင်းတော် (ဓမ္မနွေလ)**
**အသက်(၆၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဘိုကုန်း၊ ဦးဖိုးထွန်းလမ်း၊ အမှတ် ၁၂၂၉နေ (ကပ္ပတိန် စောဖိုးမြ-သူနာပြုအုပ် နော်နယ်လီဘွင့်)တို့၏သား၊ ဆရာမနော်မိုရင်းမြ-စောခရစ္စတိုဖာ၊ စောနပိုလီယံမြ-နော်နှင်းထွေးအေး၊ စောမြအောင်၊ စောပေါလ်မြ-ဆရာမနော်မူကွီးဒင်တို့၏အစ်ကို၊ စောဆင်မြူရယ်မြဖေ၊ စောနဲဒါ၊ နော်ရှီးသ၊ စောထူးသော၊ နော်စေးသောတို့၏ ဘကြီးသည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၅း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် အင်းစိန်မြို့နယ်၊တောင်သူကုန်းရပ်ကွက် ဂေသရေမန် ကရင်နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင် ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဒေါ်မာဂရက်(ခ)
## သူရကားဒေဝီ
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ဗိုလ်တေဇလမ်း၊ အမှတ် (၁၆/၂၄)နေ (ဒုအရာခံဗိုလ်-ငြိမ်း) ဦးအေးအောင်နီ၏ချစ်လှစွာသောဇနီး၊ သား/သမီးရှစ်ယောက်တို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁း၀၅နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေး ဟိန္ဒူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဦးစိုးငယ် အသက်(၈၀)
**(ပုလောကုန်း/ကျောက္ကာ)**
**အသင်းဝင်အမှတ် ၁၀၅၂**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာကျေးရွာနေ(ဒေါ်အေးနွယ်)၏ခင်ပွန်း၊ ဦးမျိုးအောင် (တွဲဖက်အတွင်းရေးမှူး၊ မြိတ်၊ အဝေးရောက်အမှုဆောင်အဖွဲ့) - ဒေါ်ခင်မြတ်မြတ်မိုးတို့၏ဖခင်သည် ၂၄-၂-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ကျောက္ကာကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

## ဒေါ်သိန်းသိန်းဟန်(တွံတေး)
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၅)လမ်း၊ အမှတ် ၁၇၂ (မြေညီထပ်)နေ ဦးထွန်းရှိန်-ဒေါ်အုန်းကြည်တို့၏သမီး၊ ဦးထွန်းစိန်၏ဇနီး၊ ဒေါ်တင်နု၊ ဒေါ်အေးရီ၊ ဦးညွှန့်သိန်း၊ ဒေါ်မြရွှေ၊ ဒေါ်ခင်ခင်ဝင်းတို့၏အစ်မ၊ ဦးအောင်သန်းမြင့်-ဒေါ်သီတာသိန်း၊ ဦးခင်မောင်လင်း-ဒေါ်ခင်ပြုံးချို၊ ဦးမင်းမင်းစိန်-ဒေါ်မြမြလှိုင်၊ ဦးလှဝင်းထွန်းတို့၏မိခင်၊ မောင်ကောင်းထက်၊ မောင်တင်အောင်လင်း၊ မသဉ္ဇာမြင့်တို့၏ အဘွားသည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအေးကို (ချောက်မြို့)
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အပိုင်း(၄)၊ ကံ့ကော်ရိပ်သာလမ်း၊ အမှတ် ၆၂၁နေ (ဦးဘစိန်အေး-ဒေါ်လှဝိုင်း)တို့၏သား၊ဦးအေးညို-ဒေါ်တိုးတိုး၊ ဦးအေးချို၊ ဦးတင်ဆောင်-(ဒေါ်တင်တင်ဝင်း)၊ ဦးအောင်သန်းငွေ-ဒေါ်မြစန္ဒာမင်း၊ ဦးကျော်စွာညို-ဒေါ်ခင်ဆန်းလွင်တို့၏အစ်ကို၊(ဒေါ်ကြည်ကြည်ငွေး)၏ခင်ပွန်း၊ ကိုအေးမင်းထွန်း၊ (ကိုအောင်သူရိန်)၊ ကိုချမ်းမြအေးတို့၏ဖခင်သည် ၂၆-၂-၂၀၁၈ရက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ကြည်ထွန်း(ညီပြုံး)
**(သံတွဲ)**
**အသက်(၄၇)နှစ်**

သံတွဲမြို့၊ရွှေဘုံသာလမ်းနေ ဆရာကြီး (ဦးကျော်သိန်း)-ဆရာမကြီးဒေါ်ခင်ကြီးတို့၏မြေးလတ်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ ခုနစ်လွှာ၊ အမှတ် ၉၆နေ(ဦးတင်ထွန်း) - ဒေါ်သိန်းသိန်းမြတို့၏သား၊ သံတွဲမြို့၊ ဘုရင့်နောင်လမ်းနေ ဦးအုန်းသာ-ဒေါ်အေးသိန်းတို့၏ သားသမက်၊ ဒေါ်သန္တာစိုး၏ခင်ပွန်း၊ ဦးအောင်ဝင်းထွန်း-ဒေါ်လှလှကြည်တို့၏ညီ၊ ဦးအောင်မြင့်ထွန်း-ဒေါ်ခင်ခင်မြင့်တို့၏ အစ်ကို၊ မရွှေရည်ကြည်ထွန်း(ရွှေရုပ်)၏ ဖခင်သည် ၂၄-၂-၂၀၁၈ရက်(စနေနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကျောက်စိန် (ရမည်းသင်း)
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၃(က)ရပ်ကွက်၊ ၁၂လမ်း၊ အမှတ် ၂၄၂နေ ဒေါ်တင်တင်(ခ)ဒေါ်ဖုန်စဉ်း၏ခင်ပွန်း၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်း၊ ဦးစိုးမြင့်-ဒေါ်ကျင်စိန်၊ ဒေါ်ကျင်ပြုံး၊ ဦးသူရ(ခ)မော်စီတုန်း-ဒေါ်ခင်ရီ၊ (ဦးတင်ညို)-ဒေါ်ကျင်ထွေး၊ ဦးမျိုးလွင်(ခ)ဦးပေါကြီး-ဒေါ်အိသန်း၊ (ဦးမောင်မောင်ဝင်း)-ဒေါ်တင့်တင့်၊ ဦးတင်ဝင်း-ဒေါ်စိုးစိုး၊ ဒေါက်တာဇော်မင်းစိန်-ဒေါ်ဖြူဖြူလွင်တို့၏ဖခင်၊ မြေး ၃၄ယောက်၊ မြစ် ၄၉ယောက်၊ တီ သုံးယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်သောင်း
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ကြာဖြူလမ်း၊ အမှတ် ၂၇၆နေ (ဦးတိုက်ကြီး-ဒေါ်နှင်းရီ)တို့၏သား၊ (ဦးတင်)-ဒေါ်ညွှန့်တင်တို့၏အစ်ကို၊ ဦးကြည်လင်-ဒေါ်မြင့်မြင့်သန်း၊ အရာခံဗိုလ်ဝင်းမောင်-ဒေါ်ငွေငွေဝင်း၊ ဦးလှဝင်း၊ ဦးထိန်ဝင်း-ဒေါ်သိန်းသိန်းအေး၊ ဦးကျော်လွင်-ဒေါ်သန်းသန်းငွေ၊ တပ်ကြပ်ကြီးစိုးသိန်း-ဒေါ်ခင်မြင့်ငွေတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ ဒေါ်စောကြည်၏ခင်ပွန်းသည် ၂၇-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၈ရက်(တနင်္လာနေ့)နံနက်တွင် အထက်ပါ မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းရင်(ခ)ဒေါ်ခါးခါး (နမ္မတီး)
**အသက်(၈၃)နှစ်**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့နေ (ဦးနေစိုး)၏ဇနီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ် ၇၈နေ ဦးခင်အောင်မြင့်(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်အေးအေးသန့်ထင်(ကျောင်းအုပ်၊ အလက-၆၊ သင်္ဃန်းကျွန်း)၊ ဒေါ်ခင်မိုးမြင့်(အထပြ၊ ထ/၄၊ မ/ဥက္ကလာပ)၊ဦးမြင့်လွင်-ဒေါ်ခင်တိုးတိုး(ပုဂံ သံတဲဟိုတယ်ကုမ္ပဏီ)၊ ဦးမင်းစောထွန်း-ဒေါ်ခင်စိုးစိုး(အလပြ၊ အလက-၄၊ မ/ဥက္ကလာပ)၊ ဦးဝင်းနိုင်-ဒေါ်ခင်မျိုးမျိုး၊ ဒုတိယဗိုလ်မှူးကြီးရန်နိုင်ကျော်(တပ်ရင်းမှူး)-ဒေါ်ခင်မီမီရှိန်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၇-၂-၂၀၁၈ရက် (အင်္ဂါနေ့)ညနေ ၄း၅၀နာရီကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Pi Ciang Cin
**အသက်(၈၀)**

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မြို့မရပ်ကွက်နေ [U Lam Zam (မြို့နယ်လျှပ်စစ်မှူး၊ ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ (Thang Khan Khual), Daw Khoi Sian Dim-(Lian Za Pau), Daw Awi Man Cing-ဦးမြင့်ဦး(ရှားဖို)၊ Daw Cing Theih Huai-U Thang Suan Tuang (Mel/Aus), U Thang Khen Pau (Mel/Aus), U Thawng Za Mung-Daw Mang Khan Cing (USA), Daw Niang Khan Man-U Lun Za Pau(Ygn), Lia Cing Luan Nem, Lia Neem Khan Vung, Syama Ciin Man Lun (FGA) တို့၏ချစ်လှစွာသောမိခင်၊ မြေး Tg That Suan Kim, Tg Zam Zo Tuang (မျိုးထွန်းဦး)၊ Tg Khual Khan Thawn (မျိုးသူကျော်)၊ Lia Zo Sian Nuam, Lia Cin Huai Kim, Lia Hau Lam Lun, Tg Tuan En Pau, Lia Ester Cin Sian Hoih, Tg Joshep Zam Khan Thang, Lia Mary Dim Khan Kim, Lia Cing Deih Lun, Lia Cin Muan Kim, Lia Hung Sian Sung, Lia Thawng San Cing, Lia Samuel Zam Sian Lian Suum တို့၏အဘွားသည် ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၃၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် တီးတိန်မြို့နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစောမောင် (စစ်တွေ)
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**ဘ·ခ·ရ၊ သတ္တုတွင်းဝန်ကြီးဌာန**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ် ၂၅နေ (ဦးဦးသာ-ဒေါ်သန်းစိန်)တို့၏သား၊ (ဦးစောလှဦး-ဒေါ်စိန်သာ)တို့၏သားသမက်၊ ဦးစောဝင်း-ဒေါ်စောရွှေတို့၏အစ်ကို၊ ကိုကျော်မင်းဦး၊ မမီမီစောမောင်၊ မောင်ကောင်းမြတ်ကျော်၊ မတင်နွယ်အေးတို့၏ဖခင်၊ ဒေါ်မေမေယဉ်၏ခင်ပွန်းသည် ၂၆-၂-၂၀၁၈ရက် ညနေ ၄း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၈ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းနိုင်(၈) အသက်(၆၃)နှစ်
**ကိုယ်ပိုင်အမှတ်(၇၉၂၁)၊အကောက်ခွန်ထိန်း(ငြိမ်း)၊အကောက်ခွန်ဦးစီးဌာန**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ် ၂၃၂(ခ)နေ (ဦးအုန်းငွေ၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)-ဒေါ်ခင်ငြိမ်းတို့၏သား၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၂၂၊ အခန်း ၁၃နေ (ဦးလှမြင့်၊ အိုးအိမ်ဦးစီးဌာန)-ဒေါ်ခင်အေးချိုတို့၏သားသမက်၊ ဒေါ်ငွေငွေမြင့်၏ချစ်လှစွာသောခင်ပွန်း၊ (မောင်အောင်မိုးသူ)၏ ချစ်လှစွာသောဖခင်၊ ဦးကြည်လင်(LIZ STAR, Shipping Co.,LTd)-ဒေါ်သန်းသန်းအေး(အထက-၂၊ သင်္ဃန်းကျွန်း)၊ ဦးသန့်ဇင်-ဒေါ်မိမိချို၊ ဦးအောင်ငွေဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်)-ဒေါ်ခင်လေး၊ ဦးအောင်မြင့်(မော်တော်ယာဉ်ဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)-ဒေါ်ခင်နှင်း(ဦးစီးအရာရှိ၊ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန)၊ ဦးမြထွန်း-ဒေါ်ခင်သက်တို့၏အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ဘကြီးသည် ၂၆-၂-၂၀၁၈ရက် ည ၉း၁၅နာရီတွင် တောင်ဥက္ကလာပနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။(တောင်ဥက္ကလာပမြို့နယ်နေအိမ်နှင့် ရန်ကင်းနေအိမ်တို့မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရေး တိုးမြှင့်ဆောင်ရွက်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရမည်းသင်းမြို့နယ် ဆည်ထိပ်ကျေးရွာရှိ ရတနာစပျစ်စိုက်ပျိုးရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရှမ်းရိုးမ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ စိမ်းလဲ့တောင်ကြား ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းနှင့် မန္တလေးတိုင်းဒေသကြီးရှိ ရတနာစပျစ်စိုက်ပျိုးရေးခြံ၊ တပ်ကုန်း စိုက်ပျိုးရေးသုတေသနခြံတို့အား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်နှင့် ဦးရည်မွန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ် နန့်ပန်တက် ကျေးရွာအနီးရှိ ရှမ်းရိုးမ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသို့ ရောက်ရှိကြရာ ရှမ်းပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

# (၁၄)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

(၁၄)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ- (UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက "ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်နိုင်ဖို့အတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး

*စာမျက်နှာ ၈ ကော်လံ ၁* ✪



# AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း နှစ်ပွဲဆက် အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**


၂၀၁၈ AFC Cup ပြိုင်ပွဲအုပ်စု (G) တွင် ဒုတိယနေ့အဖြစ် ရန်ကုန်(မြန်မာ)နှင့် ထန်ဟွာ(ဗီယက်နမ်)တို့ ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**အနိုင်ဂိုးပြန်လည်သွင်းယူ**

ရန်ကုန်အသင်းအတွက် ခက်ခဲသည့် ပွဲတစ်ပွဲဖြစ်ခဲ့သော်လည်း ဒုတိယပိုင်းတွင် သွင်းဂိုးများဖြင့် နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည်။ ပွဲအစတွင် ပေးလိုက်ရသည့် ဂိုးကြောင့် ရန်ကုန်အသင်း ရှုံးကန်ခဲ့ရပြီးနောက်မှ လိုက်ကစားကာ ချေပဂိုးနှင့် အနိုင်ဂိုးပြန်လည်သွင်း ယူနိုင်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၃* ◆





# ရန်ကုန်မြို့တစ်ခွင်မှာ Smart Parking ပေါ်လာတော့မှာလား

သတင်း - ဝေယံဦး



ဓာတ်ပုံ - ကေဇင်

**Smart Parking စနစ်နဲ့ ဆောင်ရွက်မှုကို PPP System နဲ့ သွားတဲ့အခါ ပုဂ္ဂလိကကို လုပ်ကိုင်ခွင့်ပေးမှာဖြစ်ပြီး နိုင်ငံတော်က ဘတ်ဂျက် ကုန်ကျမှုလည်း သက်သာ၊ ဝင်ငွေရရှိမှာဖြစ်**

ပန်းဆိုးတန်းလမ်းအထက်ဘလောက် လမ်းဘေးဝဲယာတစ်လျှောက်မှာ ကားတွေ စီတန်းရပ်ထားတာကို လှမ်းကြည့်ရင်း ကျွန်တော်စီးလာတဲ့ သူငယ်ချင်းရဲ့ကားကို လိုက်ရှာမိပါတယ်။ လမ်းတစ်ဖက်ခြမ်း ခပ်လှမ်းလှမ်းမှာ ရပ်ထားတဲ့ သူငယ်ချင်းရဲ့ကားကိုတွေ့ရလို့ ခပ်သွက်သွက် လမ်းဖြတ်ကူးရင်း ကားအနီးရောက်သွားတဲ့အခါ အသင့်စက်နိုးပြီးစောင့်နေတဲ့ သူ့ကားပေါ် တက်လိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကားအနီးကို လူတစ်ဦးကပ်ပြီး ရပ်နေတာကို သတိထားမိလိုက်ပါတယ်။ သူငယ်ချင်းက အဲဒီလူကို "ခင်ဗျားက ဘာတာဝန်လဲ" လို့မေးတော့ "ဘာမှမဟုတ်ပါဘူး၊ ကူညီတာပါ"ဘုဆတ်ဆတ် မာကျောကျော ထွက်ခိုင်းတာမို့ ကျွန်တော်တို့ကားလည်း မောင်းထွက်ခဲ့ပါတယ်။

ကားမောင်းနေတဲ့ သူငယ်ချင်း ကိုအောင်မော်က "အဲဒီလူက ကားပါကင်ထိုးခ တောင်းဖို့ပြင်နေတာ" လို့ ပြောတော့မှ အံ့သြသွားမိပါတယ်၊ ဒီလူ့ပုံစံက ရှုတည်တည်နဲ့ လူမိုက်လိုလို၊ ဘာလိုလို။ သြော်.. ဒါကြောင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက " မြို့တော်ဝန်ကားတောင် ကားပါကင်ခ မိုက်ကြေးခွဲတောင်းတာ မလွတ်ဘူး" လို့ ပြောတာကိုး ... လို့ သတိရသွားမိပါတယ်။

တကယ်တော့ ရန်ကုန်မြို့ဟာ မော်တော်ယာဉ်တွေ များပြားလွန်းတာကြောင့် ကားပါကင်အတွက် အခက်အခဲတစ်ရပ်အဖြစ်၊ စိန်ခေါ်မှုတစ်ရပ်အဖြစ် ကြုံတွေ့နေရခြင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ကလည်း ကားပါကင်တွေ စနစ်တကျထွက်ပေါ်လာစေဖို့ စီစဉ်ဆောင်ရွက်နေတာ မကြာခင် ရန်ကုန်မြို့တစ်ခွင်မှာ Smart Parking တွေ ထွက်ပေါ်လာဖို့ ရှိနေပြီ ဖြစ်ပါတယ်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကားပါကင်ပြဿနာ ဖြေရှင်းနိုင်ဖို့ Smart Parking တွေ တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်နေပါတယ်"လို့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၅ ရက်က ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)မှာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားခဲ့တယ်။

ရန်ကုန်မြို့ရဲ့မြို့တွင်းလမ်းတွေပေါ်မှာသာမကတော့ဘဲ အခြားမြို့နယ်တွေရဲ့လမ်းမကြီးတွေ၊ ရပ်ကွက်လမ်းတွေပေါ်မှာလည်း ကားတွေ ရပ်နားထားတာတွေက တစ်မျှော်တစ်ခေါ် မြင်တွေ့နေရတာမို့ ကားပါကင်ပြဿနာတွေလည်း နေ့စဉ်နေ့တိုင်း ဖြစ်ပေါ်နေတာကို ကြားသိနေရပါတယ်။ အရင်က လမ်းတွေပေါ်မှာ ကားပါကင်ဦးထားတဲ့ တိုင်တွေ၊ ကြိုးတန်းတွေ၊ သတိပေးဆိုင်းဘုတ်တွေထားရှိရင် ဖယ်ရှားဖို့ သတိပေးချက်တွေ၊ စည်းကမ်းချက်တွေ ထုတ်ပြန်ခဲ့ပေမယ့် ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့လို့ အဲဒီကားပါကင်ဦးမှုတွေရဲ့ အမှတ်အသားတွေကို တွေ့မြင်နေရဆဲ ဖြစ်ပါတယ်။

ဒါကြောင့် ကားပါကင်ကို Smart Parking အဖြစ် ပြောင်းလဲဆောင်ရွက်ဖို့ စီစဉ်နေတာဖြစ်ပြီး ပုဂ္ဂလိကကုမ္ပဏီတစ်ခုနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းပြီး လုပ်ကိုင်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါ ကားပါကင်ကို Horizontal area အတိုင်းမသွားဘဲ Vertical Extension area နဲ့ ကားထားဖို့ စီစဉ်သွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

"ကားပါကင်ကို Vertical Extension area နဲ့ဆိုရင် ကားတင်ကားချက အမြင့်ပေ ၂၀ နဲ့ ကားရှစ်စီးလောက်ကို ထားနိုင်တဲ့ ဧရိယာမျိုး၊ ကားရှစ်စီးလောက်ထားနိုင်တဲ့ အကျယ်အဝန်းအတိုင်း အထပ်လိုက်ထားသွားမယ်"ဟု မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားပါတယ်၊ လျှပ်စစ်နဲ့ အတင်အချပြုလုပ်ပြီး ကားများကို ပါကင်ဆောင်ရွက်သွားမှာဖြစ်ပေမယ့် လျှပ်စစ်မရခဲ့ရင်လည်း အတင်အချဆောင်ရွက်လို့ရအောင် Manual စနစ်နဲ့ ဆောင်ရွက်နိုင်တဲ့ ကားတွေရှိတာမို့ အဲဒီစနစ်ကို လောလောဆယ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ လွှတ်တော်ကို တင်ပြအဆုံးအဖြတ်ရယူပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

***အချပ်ပို(ခ)သို့***

# ရန်ကုန်မြို့ပြ ခေတ်မီလှပဖို့ စည်းကမ်းလိုက်နာ ထိန်းသိမ်းစို့

● သန်းထိုက်(လှိုင်သာယာ)




ဓာတ်ပုံ - သန်းစိုး

ရန်ကုန်မြို့ပြ၏ မြို့လယ်ဖြစ်သော ဆူးလေ ခုံးကျော်တံတားပေါ် တွင် ရုံးပိတ်ရက်ဖြစ်၍ ပြည်သူများ ရုံးဖွင့် ရက်ထက် စည်ကားလျက်ရှိသည်။ ထိုခုံးကျော်တံတားကြီးကို စတုရန်းပုံ တည်ဆောက်ပြီးနောက်ပိုင်း လမ်းလေးဖက်သို့ ဖြတ်သန်းသွားလာကြသော အများပြည်သူ စိတ်အေးချမ်းသာစွာဖြင့် သွားလာကြလျက်ရှိသည်။ အချို့မှာ ခုံးကျော်တံတားကြီးပေါ်မှ ရွှေရောင်လွှမ်းလျက်ရှိသည့် ဆူးလေစေတီတော်ကို ဖူးမြော်နေကြသည့်နည်းတူ အချို့မှာ သိမ်ကြီးဈေးဘက်သို့ တရွေ့ရွေ့ဖြင့် မောင်းနှင်နေကြသော လိုင်းကားများနှင့် ယာဉ်များ စီစီရီရီ သွားလာနေမှုကို ဖုန်းကင်မရာဖြင့် မိမိကိုယ်တိုင်ပုံဖြင့် လည်းကောင်း၊ သူငယ်ချင်းများဖြင့် လည်းကောင်း၊ ကင်မရာဖြင့်လည်းကောင်း မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြလျက်ရှိသည်။ အချို့က မိုးမျှော်တိုက်တယ်ကြီးများနှင့် မြို့လယ်ရုပ်ရှင်ရုံများကို ခုံးတံတားပေါ်မှ မြို့ပြ၏အလှကို ခံစားကြလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံခြားသားများလည်း အဆိုပါဆူးလေခုံးကျော်တံတားပေါ်မှ ရန်ကုန်မြို့ပြ၏ အလှကို မှတ်တမ်းတင် ကြည့်ရှုခံစားကြလျက်ရှိသည်။

ရန်ကုန်မြို့လယ်ဖြစ်၍ နေ့စဉ်လူစည်ကားရာ နေရာဖြစ်သည့်အပြင် ယာဉ်မပြတ်သွားလာသော နေရာဖြစ်သောကြောင့် ကိုယ်စီကိုယ်စီ မြို့ပြစည်းကမ်းနှင့် မိမိအသိစိတ်ကို ရင်ဝယ်ပိုက်လျက် သွားလာကြလျက်ရှိသည်။ အများပြည်သူသွားလာသည့် ပလက်ဖောင်းပျောက်နေသော ရန်ကုန်မြို့လယ်နှင့် ကားလမ်းပခုံးများတွင် ငွေပေး၍ ရပ်နားထားသော မြို့လယ်လမ်းများကြောင့် ယာဉ်များသွားလာရေး အခက်အခဲကြုံနေရသည့်တိုင် ကိုယ်စီကိုယ်စီအသိစိတ်ဖြင့် အဆင်ပြေစွာဖြင့် သွားလာမောင်းနှင်ကြလျက်ရှိသည်။ ရန်ကုန်မြို့လယ် ပြည်သူလျှောက်သော ပလက်ဖောင်းလမ်းများ ယခင်လို လွတ်လပ်စွာ သွားလာလိုကြသည်မှာ ရန်ကုန်မြို့နေပြည်သူတို့ အသီးသီးဆန္ဒရှိကြမည်သာ ဖြစ်သည်။ ထိုနည်းတူ ရာသီဥတုပူပြင်းလာသော ရန်ကုန်မြို့ကားလမ်းပေါ်တွင် မီးပွိုင့်အားလုံးတွင်သာမက မောင်းနှင်ရာ ကားလမ်းပေါ်တွင် တလှုပ်လှုပ်ဖြင့် သွားလာနေရသော စိတ်ဒုက္ခခံစားနေရသော လိုင်းကားစီး ခရီးသည်များ နေ့စဉ်ဆုတောင်းနေတတ်သည်မှာ ရန်ကုန်မြို့ယာဉ်ကြောရှင်းလင်းပြီး လိုရာခရီး မြန်မြန်ရောက်ပါစေဟူသော ဆုမှလွဲ၍ အခြားမရှိနိုင်ပေ။ ကောင်းမွန်သောစနစ်တစ်ခုသို့ ပြောင်းလဲရာတွင် အစိုးရတစ်ရပ်တည်း ဖော်ဆောင်၍ မရနိုင်ဘဲ ပြည်သူအပေါင်း ပူးပေါင်းပါဝင်မှုသာ အောင်မြင်မှုရရှိမည်သာ ဖြစ်သည်။

မြို့တော်ခန်းမရှေ့မဟာဗန္ဓုလပန်းခြံ၊ ဆူးလေစေတီတော်နှင့် ဆူးလေခုံးကျော်တံတားပေါ်တို့တွင် နံနက်ပိုင်းနှင့် ညနေပိုင်းတို့၌ လာရောက်အပန်းဖြေသူတို့ဖြင့် ရန်ကုန်မြို့လယ်သည် စည်ကားမြဲဖြစ်သည်။ အထူးသဖြင့် ဖြူဖွေးလှပစွာ ခြယ်သထားသော ဆူးလေခုံးကျော်တံတားကြီးမှာ မြို့ပြ၏ကျက်သရေကို ဆောင်လျက်ရှိသည်။ ထိုတံတားကို အောက်ဘက် ယာဉ်ကြောရှုပ်ထွေးမှုကြောင့် အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ခုံးကျော်တံတားပေါ်မှ သွားလာနိုင်ရန် တည်ဆောက်ထားခြင်းပင် ဖြစ်သည်။ သို့သော် တံတားအောက်မှ ပြည်သူအချို့မှာ လမ်းပေါ်မှ ယာဉ်များကြားတွင် တိုးဝှေ့သွားလာနေကြသည့်နည်းတူ ဆူးလေခုံးတံတား၏ လူသွားစင်္ကြံပေါ်တွင်လည်း ကွမ်းတံတွေးများ စွန့်ပစ်ထားသည်ကို တွေ့မြင်ရလျက်ရှိသည်။ နိုင်ငံခြားသားခရီးသွားတို့ ထိုတံတားပေါ်မှ လာရောက်လေ့လာကြလျက်ရှိရာ ခုံးတံတားပေါ်မှ ကွမ်းတံတွေးတို့ကြောင့် ရန်ကုန်မြို့ပြအလှကို ထိခိုက်စေမည်မှာ အမှန်ပင်ဖြစ်သည်။ အမှိုက်စွန့်ပစ်ရန် အမှိုက်ပုံးများ လူသွားလမ်း လေးဖက်လေးတန်တွင် ထားရှိရန်လည်း လိုပါသည်။ တံတားပေါ် အမှိုက်စွန့်ပစ်ရန် လှေကားအတက်၊ အဆင်းတို့တွင် ထားရှိရန်လိုအပ်မည်ဖြစ်သည်။ အမှိုက်ပုံး နည်းသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အများပြည်သူသွားလာသော လူကူးခုံးကျော် တံတားပေါ်တွင် ကွမ်းတံတွေးမထွေးသင့်သည်မှာ အမှန်ပင်ဖြစ်သည်။ မိမိမြို့ပြကို မိမိကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်မှုမရှိလျှင် အခြားသူများလည်း တန်ဖိုးထားမည် မဟုတ်သည်ကို သတိပြုသင့်ပေသည်။

ဆူးလေခုံးကျော်တံတားပေါ်မှဆင်း၍ ၃၃ လမ်းသို့ သွားလာရာတွင် ပလက်ဖောင်းပေါ်မှ ဈေးသည်များကို တွေ့မြင်ရသည့်အပြင် ရန်ကုန်မြို့လယ်တွင် ဆိတ်များထားရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မြို့ပြ၏ဂုဏ်ကို ထိန်းသိမ်းရန် အလေးမမူခြင်းထက် လျစ်လျူရှုထားခြင်းသည် ရန်ကုန်မြို့လယ်၏အလှကို အရောင်ဆိုးစေလျက်ရှိသည်။ ၃၃ လမ်းထိပ်၊ ၃၄ လမ်းထိပ်တို့တွင် **အချပ်ပို(ဃ) သို့**

*အချပ်ပို(က)မှ*

အဲဒီစနစ်ကို လွှတ်တော်က အတည်ပြုပြီးရင်တော့ တင်ဒါကျယ်ကျယ်ပြန့်ပြန့်ခေါ်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီ Smart Parking စနစ်နဲ့ ဆောင်ရွက်မှုကို ပီပီစနစ် (PPP System)နဲ့ သွားတဲ့အခါ ပုဂ္ဂလိကကို လုပ်ကိုင်ခွင့်ပေးမှာဖြစ်ပြီး နိုင်ငံတော်က ဘတ်ဂျက်ကုန်ကျမှုလည်း သက်သာ၊ ဝင်ငွေရရှိမှာဖြစ်တယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် အဓိကပြဿနာဖြစ်တဲ့ ကားပါကင်ကိစ္စလည်း ဖြေရှင်းပြီးသွားမှာဖြစ်တာမို့ အဲဒီ Smart Parking စနစ်ကို အကောင်အထည်ဖော်နိုင်ရေး စီစဉ်နေတာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တရားဝင်မှတ်ပုံထင်တားတဲ့ မော်တော်ယာဉ်အစီးရေဟာ စုစုပေါင်း ၆၀၀၀၀၀ လောက်ရှိနေတာမို့ ကားပါကင်ကိစ္စကို အရေးတယူဖြေရှင်းပေးဖို့ စီစဉ်နေခြင်းဖြစ်ပါတယ်။ အရင်ခေတ်တွေကတော့ ရန်ကုန်ကားပါကင်စနစ်ကို ပုဂ္ဂလိကတွေကို ကန်ထရိုက်သဘောမျိုးပေးခဲ့တာမို့ အခက်အခဲတွေ ရှိခဲ့ဖူးပါတယ်။ ကားပါကင်တွေကို အရင်က ကောက်ခံခဲ့ပေမယ့် စနစ်တကျမရှိခဲ့တာမို့ လမ်းအလိုက် ကားပါကင်ခ ကောက်ယူမှုတွေ ရှိခဲ့တာကြောင့် ရှုပ်ထွေးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် အခုလို အထပ်လိုက်ထားမယ့် ကားပါကင်စနစ်ကို စီစဉ်နေခြင်းပါပဲ။

တကယ်တော့ ရန်ကုန်မြို့မှာရှိတဲ့ ရန်ကုန်လိုင်စင် ကားစီးရေဟာ တစ်နိုင်ငံလုံး ကားအစီးရေရဲ့ ၅၅ ရာခိုင်နှုန်းခန့်ရှိနေပြီး မြန်မာနိုင်ငံမှာ ၂၀၁၁ ကားတင်သွင်းခွင့် မူဝါဒမပြောင်းခင်က ဒီလောက်အထိ ကားအစီးရေ မရှိသေးပါဘူး။ ခေတ်စနစ် ပြောင်းလဲလာတဲ့ အခြေအနေအရ ကားအစီးရေ တိုးပွားလာခြင်းနဲ့အတူ ကားလမ်းတွေအပေါ်မှာ ကားတွေပြည့်ကျပ်လာသလို ကားပါကင်အတွက်လည်း အခက်အခဲတစ်ရပ်လို ဖြစ်လာပါတယ်။

လက်ရှိအနေအထားမှာလည်း မြို့နယ် ခြောက်မြို့နယ်မှာလည်း ကားပါကင်နဲ့ ပတ်သက်ပြီး ဝန်ဆောင်ခမယူတဲ့အတွက် နီးစပ်ရာမှာ ဥပဒေမဲ့၊ စည်းကမ်းမဲ့ ယာဉ်ရပ်နားထားတာတွေ ရှိနေတဲ့အပြင် ရန်ကုန်တိုင်းဒေသကြီးရဲ့ အခြားမြို့နယ်တွေမှာလည်း ဘတ်စကားမှတ်တိုင် ဇရိယာအတွင်းမှာတောင် တက္ကစီနဲ့ ကိုယ်ပိုင်ကားတွေ အချိန်ကြာမြင့်စွာ ရပ်နားထားတာကြောင့် ယာဉ်ကြောပိတ်ဆို့မှုနဲ့ မတော်တဆဘေးအန္တရာယ်ဖြစ်မှုတွေ ဖြစ်ပေါ်နေတာမို့ စနစ်တကျ စိစစ်ကြီးကြပ်ဖို့တော့ လိုနေပြီဖြစ်ပါတယ်။



ဒ့ါကြောင့် အကောင်အထည်ဖော်ဖို့စီစဉ်နေတဲ့ Smart Parking တွေ ရန်ကုန်မြို့တစ်ခွင်မှာ အကောင်အထည်ဖော်လာနိုင်မယ်ဆိုရင် ရန်ကုန်မြို့မှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေဟာ အထိုက်အလျောက် လျော့ကျသွားနိုင်မလားဆိုတာတော့ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။

# မြစ်ကူးတံတားတစ်စင်းသာ အမြန်လိုချင်ပါသည်



ကမ်းနားလမ်း ကျောက်တံတားဆိပ်

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

လှိုင်မြစ်အတွင်း---။

အချိန်အားဖြင့် နံနက် ၂ နာရီခန့်။

ရှေ့တူရှု ဆယ်ပေကျော်သည်နှင့် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။ အအေးဓာတ်နှင့်အတူ ဖြူလွှလွှနှင်းမှုန်တို့က ပတ်ဝန်းကျင်ကို လွှမ်းခြုံထားသည်။ မြစ်လယ်ဟိုအဝေးဆီတွင် ရပ်နားနေသော သင်္ဘောဆီက မီးရောင်တို့က မှုန်ပျပျ။

**ဗဟိုစံပြငါးဈေးကြီး**

သို့သော် စက်တပ်သမ္ဗန်ငယ်များဆီမှ တရုတ်နီအင်ဂျင်စက်သံနှင့်အတူ လက်နှိပ်ဓာတ်မီးသဖွယ် စူးရှရှည်လျားသော အလင်းတန်းတို့က မြစ်ပြင်တစ်လျှောက် ဟိုမှ သည်မှ ကြားနေရ၊



ဓာတ်ပုံ-ဘော်ဂါသွေး



မြင်နေရသည်။ သူတို့အားလုံး ဦးတည်ရာမှာ ဗဟိုစံပြငါးဈေးကြီး ရှိရာ ကမ်းနားဈေး ကျောက်တံတားဆိပ်ဆီသို့ ဖြစ်သည်။

ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးမှာ ၂၄ နာရီပတ်လုံး အရောင်းအဝယ်ရှိသည်ဆိုသော်လည်း နံနက် ၂ နာရီနှင့် နံနက် ၆ နာရီအတွင်းသာ အရောင်းအဝယ်အစည်ကားဆုံးအချိန် ဖြစ်သည်။

ထို့အတွက် တစ်ဖက်ကမ်းရှိ မြို့နယ်၊ ရပ်ကွက်ဈေး အသီးသီးဆီသို့ ငါးရောင်းသူများ၊ ဈေးကြီးအတွင်း ငါးတောင်းထမ်းသူ၊ ငါးလှည်းဆွဲသူ၊ ဒိုင်လုပ်သား၊ ငါးခြစ်သူများနှင့် စက်တပ်သမ္ဗန်မောင်းသူတို့က စက်သံနှင့် အလင်းတန်းတို့ကို အားပြု၍ အရဲကိုး သွားနေကြခြင်းဖြစ်သည်။ အမှောင်ကိုလည်း မကြောက်၊ သမ္ဗန်မှောက်မှာကိုလည်း မကြောက်၊ သူတို့အတွက် ဝမ်းစာအရေးကလွဲ၍ ဘာမှအရေးမကြီး၊ အရေးကြီးသည်က ဈေးကြီးအတွင်းဆီသို့ အချိန်မီရောက်ဖို့အရေးသာ ဖြစ်သည်။

**လှိုင်မြစ်ဖြတ်တံတား**

ဤသည်က တစ်နေ့ အလုပ်မဟုတ် နိစ္စဓူဝဖြစ်သည်။ ထို့အတွက် သူတို့အားလုံး မျှော်လင့်နေသည်က အိပ်မက်သဖွယ် ပေါ်လာလိုက်၊ ပျောက်သွားလိုက်ဖြစ်နေသော မြို့သစ်စီမံကိန်းကြီးမဟုတ်၊ ကြည့်မြင်တိုင်မြို့နယ်အတွင်း လှိုင်မြစ်ကို ဖြတ်သန်းတည်ဆောက်ပေးမည့် တံတားကြီးတစ်စင်းမျှသာ ဖြစ်သည်။

ဈေးကြီးအတွင်း ငါးတောင်းထမ်းသူ ငါးရုံဆိပ်မှ ဦးကုလားက "အလွန်ခမ်းနားတဲ့ မြို့သစ်စီမံကိန်းကြီးဆိုတဲ့ အိပ်မက်ထက် မြစ်ဟိုဘက် ဒီဘက်ကို အန္တရာယ်မရှိဘဲ၊ အသက်အန္တရာယ်လုံခြုံစိတ်ချရတဲ့ တံတားကြီးတစ်စင်းပဲ အမြန်လိုချင်ပါတယ်၊ ဒါက ကျွန်တော်တစ်ယောက်တည်းရဲ့ဆန္ဒမဟုတ်ပါဘူး၊ ဒီဘက်ကမ်းမှာ နေသူတွေရဲ့အများဆန္ဒပါ" ဟု ရင်တွင်းစကားကို လှစ်ဟဖွင့်ဆိုခဲ့သည်။

**ရပ်ကွက်ကြီးလေးရပ်ကွက်**

ကြည့်မြင်တိုင်မြို့နယ်အတွင်း လှိုင်မြစ်တစ်ဖက်ကမ်းတွင် ကျေးရွာပေါင်း ၁၁ ရွာရှိသည်။ ၎င်းတို့ကို ပေါင်းစု၍ ရပ်ကွက်ကြီးလေးရပ်ကွက်အဖြစ် ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ ဦးမြ - ဆိပ်ကြီး - ငါးစင်ရပ်ကွက် ၊ စက်ဆန်း - အောက်ရုံ - အလတ် - ချောင်းရပ်ကွက် ၊ စက်ကလေး- အေးရွာ (အရှေ့) - ဘလုတ်ညွှန့်ရပ်ကွက်နှင့် ဝါးရုံဆိပ် -အေးရွာ(အနောက်) ရပ်ကွက်တို့ဖြစ်သည်။ အိမ်ခြေအားဖြင့် ၈၀၀၀ ခန့်၊ လူဦးရေအားဖြင့် ၄၀၀၀၀ ခန့် စုစည်းနေထိုင်ရာ ရပ်ဝန်းဖြစ်သည်။

သူတို့အားလုံး၏ ဝမ်းစာရေးနှင့် စီးပွားရေးမှာ ကြည့်မြင်တိုင် မြို့ပြတစ်ဖက်ကမ်းဆီမှ အခြား အခြားသော နေရာများဆီသို့သာ ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးက အမြင်နီးလျက် မြစ်ခရီးက ခြားနေခဲ့သည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် ည ၇ နာရီခွဲခန့်---။ တစ်ယောက်သောသူ၏။ "မီး-မီး-မီး"ဆိုသော အသံက ဘလုတ်ညွှန့်ရွာအတွင်းမှ ထွက်ပေါ်လာခဲ့သည်။ အသံ၏ အဆုံးဝယ် မီးရှိန်၊ မီးညွှန့်တို့က တစ်ရှိန်ထိုး ထိုးတက်လာခဲ့သည်။ ရွာအတွင်း ကိုယ်လွတ်ရုန်း ပြေးထွက်လာသူ၊ မြင်ရာကို တစ်ပိုင်တစ်နိုင် သယ်ပိုးလာသူတို့ဖြင့် ရုတ်ရုတ်သဲသဲဖြစ်သွားခဲ့သည်။

သတင်းရသည်နှင့် မြို့နယ်စုံမှ မီးငြိမ်းသတ်ရေးယာဉ်များက သတိပေးသံနှင့်အတူ ရောက်ရှိလာကြသည်။ သို့သော် သူတို့အားလုံး ရှေ့ဆက်မတိုးသာ၊ ကမ်းနားဈေးရှေ့ကျောက်တံတားဆိပ်အနီးတွင်သာ ရပ်တန့်နေရသည့် လှိုင်မြစ်ကြီးက အဆီးအတား ဖြစ်နေသည်။

ဟိုဘက်ကမ်းဆီမှ မီးတောက် မီးညွှန့်များကို သည်ဘက်ကမ်းဆီမှ အထင်းသားမြင်တွေ့နေရပြီး မီးညွှန့်မှ မီးပွားများက လေအဟုန်ဝယ် ခုန်ခုန်ကူးနေကြသည်။

**အချိန်များအလဟဿဖြစ်**

မီးသတ်တပ်ဖွဲ့ဝင်များ မှောင်နှင့်မည်းမည်း အရဲစွန့်ကြရပြီး မီးသတ်ရန် အပေါ့စား မီးသတ်စက်များ၊ ပိုက်လိပ်များကို ကိုယ်စီသယ်ဆောင်၍ သမ္ဗန်ငယ်များဖြင့် မြစ်ပြင်ကို ဖြတ်သန်းကြပြီး စက္ကန့်နှင့်အမျှ အရေးကြီးသော အချိန်ဝယ် နှောင့်နှေးခဲ့ကြရသည်။ အချိန်များအလဟဿ ဖြစ်ခဲ့ရသည်။

ဝါးအိမ်၊ သစ်သားအိမ်များ အများစုဖြစ်သည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်သည့်အချိန်၌ အတော်များများကို "အဂ္ဂိတော်ဝါ" ဆိုသော မီးဘေးက အနိုင်ယူထားပြီး ဖြစ်သည်။ ထို့ထက် ပိုဆိုးသည်က "မီးလောင်ရာလေပင့်" ဆိုသကဲ့သို့ လောင်အားကောင်းနေသောမီးကို လေက မြှောက်ထိုးပင့်ကော် အားပေးနေခဲ့သည်။ တိုက်သည့်လေမှာ ကမ်းနားမြစ်ဘက်ခြမ်းဆီသို့မဟုတ်ပေ။ ရွာအတွင်းဘက်ဆီသို့ ဖြစ်သည်။

အချို့သော မီးငြိမ်းသတ်ရေးယာဉ်များက လှိုင်သာယာဘက်ဆီမှ ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြသည်။ ခရီးကဝေးသည့်အပြင် လမ်းခရီးတစ်နေရာ၌ မီးသတ်ယာဉ်၏ ဝန်ကိုမခံနိုင်၍ တံတားတစ်စင်းကျိုးသွားခဲ့သည်ဟု လူမှုကွန်ရက်စာမျက်နှာ၌ တစ်ချိန်တည်း သတင်းတက်လာခဲ့သည်။

ထိုစဉ်က မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ ပြောစကားသံက ယနေ့ထက်တိုင် နားထဲဝယ် ကြားယောင်နေဆဲဖြစ်သည်။

"အကယ်၍သာ ဒီလိုနေရာမျိုးမှာ မြစ်ကူးတံတားသာရှိခဲ့ရင် အခုလို ဆုံးရှုံးမှုတွေ များပြားမှာ မဟုတ်ဘူး" ဟု ---။

မြစ်ကူးတံတားကြီး ငါးစင်းပါဝင်သော မြို့သစ်စီမံကိန်းကြီးကို ယခင်အစိုးရလက်ထက် စီစဉ်မှုများရှိခဲ့ဖူးသည်။ ယနေ့ကာလတွင် စီစဉ်မှုများကိုလည်း မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များဆီက ထပ်မံကြားသိနေရသည်။

ဤသို့ ပြောနေကြဆဲ၊ ကြားနေရဆဲမှာပင် ၂၀၁၈ ခုနှစ် အစ ဇန်နဝါရီ ၂၄ ရက် ည ၁၀ နာရီခန့်တွင် စက်ဆန်း - အောက်ရုံ - အလတ်ချောင်းရပ်ကွက် - အောက်ရုံအပိုင်တွင် မီးလောင်မှု ထပ်မံဖြစ်ပွားခဲ့ရပြန်သည်။

**ကံတရားက ဖေးကူ**


မီးသတ်တပ်ဖွဲ့ဝင်များက အပေါ့စားမီးသတ်စက်ငယ်များ၊ မီးသတ်ပိုက်လိပ်ကိုယ်စီ သယ်ဆောင်၍ မှောင်နှင့်မည်းမည်းမှာပင် စက်တပ်သမ္ဗန်ငယ်များဖြင့် မြစ်ပြင်ကို ဖြတ်သန်း၍ ငြိမ်းသတ်မှုပြုပေးခဲ့ရပြန်ပါသည်။ ဤအကြိမ်တွင် ကံတရားက မိမိဘက်က ဖေးကူပေးသည့်အတွက် ဂိုဒေါင်တစ်လုံးနှင့် အိမ်လေးလုံးသာ ဆုံးရှုံးမှုဖြစ်ခဲ့ရသည်။

ဘလုတ်ညွှန့်မှ ဦးစန်းလွင်က "တကယ်လို့သာ တစ်ဆုတည်းသော ဆုကိုတောင်းပါဆိုရင် မြို့နယ်အတွင်း လှိုင်မြစ်ကူးတံတားတစ်စင်းပဲ အမြန်ဆုံးလိုချင်ပါတယ်၊ ဒါမှ နေ့စဉ် သမ္ဗန်နဲ့ ကူးနေရတဲ့ဘဝ၊ မီးလောင်လို့မှ ကူမယ့်သူရှိပြီး အမြန်ဆုံးရောက်မလာနိုင်တဲ့ ဘဝတွေက အမြန်ဆုံးလွတ်မြောက်ချင်ပါပြီ၊ နောက် တံတားကြီးရှိလာမယ်ဆိုရင် ဒီဘက်ကမ်းမှာနေရတဲ့ ပြည်သူတွေရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အဖြာဖြာကလည်း အများကြီးပြောင်းလဲလာနိုင်ပြီး တစ်မြို့တည်းနေပြီး တစ်မြစ်ခြားလို့ မတူညီတဲ့ လူမှုဘဝတွေ ပိုပြီး မြင့်မားလာနိုင်မယ်လို့လည်း ယုံကြည်မိပါတယ်"--- ဟု ပြောပြလေသည်။

> **「တစ်ဆုတည်းသောဆုကို တောင်းပါဆိုရင် မြို့နယ်အတွင်း လှိုင်မြစ်ကူး တံတားတစ်စင်းပဲ အမြန်ဆုံးလိုချင်ပါတယ်၊ ဒါမှ နေ့စဉ် သမ္ဗန်နဲ့ ကူးနေရတဲ့ဘဝ၊ မီးလောင်လို့မှ ကူမယ့်သူရှိပြီး အမြန်ဆုံးရောက်မလာနိုင်တဲ့ ဘဝတွေက အမြန်ဆုံးလွတ်မြောက် ချင်ပါပြီ၊ နောက် တံတားကြီးရှိလာမယ်ဆိုရင် ဒီဘက်ကမ်းမှာ နေရတဲ့ ပြည်သူတွေရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအဖြာဖြာကလည်း အများကြီးပြောင်းလဲလာနိုင်」**

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

# စောင့်ကြည့် ပြန်ထားနဲ့ ရန်ကုန်ကားဈေးကွက်



**မင်းသော်**

**ရန်ကုန်** ကားအရောင်းအဝယ် ဈေးကွက်အတွင်း ပုံမှန်အရောင်းအဝယ် အနည်းငယ်သာရှိနေပြီး အများစုမှာ စောင့်ကြည့်နေဆဲ အနေအထားပင်ဖြစ်ကြောင်း သိရှိရသည်။ လက်ရှိဈေးကွက်အတွင်း ဝယ်ရောင်းအများစုမှာ မော်တော်ကား လက်ဝယ်ထားရှိမှုတွင် အမြတ်အစွန်း နည်းပါးဆုံးသော ကားများကို ထုတ်ရောင်းလာကြပြီး ဈေးလျှော့ရောင်းသဖြင့် အရောင်းအဝယ်ပြန်ဖြစ်လာနေသည်ကို တွေ့ရသည်။ ဈေးနှုန်းမြင့်မားခြင်းကြောင့် မော်တော်ကား လက်ဝယ်ကိုင်ဆောင် ထားလိုကြသော်လည်း အဝယ်မလိုက်မှု ကြာရှည်လာသဖြင့် ငွေလည်ပတ်ရန်အတွက် ယခုကဲ့သို့ ရောင်းချနေကြခြင်း ဖြစ်သည်။

**ညာမောင်းများအတွက် အခွင့်သာနေချိန်**

မော်တော်ယာဉ်တင်သွင်းခွင့်ကို ဇန်နဝါရီ ၂ ရက်ကစတင်ခွင့်ပြုပေးခဲ့သော်လည်း ဘယ်မောင်းနှင့် အသားမကျသူများအတွက် တင်သွင်းရန် အားယူနေကြရမည့် ကာလဖြစ်ခြင်းကြောင့် ညာမောင်းများ

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၈၅ |
| CRV RD5 | 2001 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၅၀ |
| Kluger | 2001 | ရန်ကုန် | 2400cc | အပြင်ဈေး | ၂၈၀ |
| Fit Gp1 | 2012 | နယ် | 1300cc | အပြင်ဈေး | ၁၉၅ |
| Latio | 2007 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၄၀ |
| Parado | 1997 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၄၀ |
| Vitz | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၀ |
| Belta | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၀ |
| Mark II | 2003 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၆၅ |
| Cedric | 2000 | ရန်ကုန် | 2500cc | အပြင်ဈေး | ၁၃၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

**လက်ရှိတွင် ဈေးမှာ အတက်ဈေးဖြင့် ငြိမ်သက်နေပြီး ပွင့်လင်းရာသီ အရောင်းအဝယ်ကောင်းချိန်တွင် တက်ဈေးကားများသည် အရောင်းအဝယ် အလွန်အားနည်းနေသည်။ ယခုအချိန်တွင် စတီကားများ၊ နံပါတ်ထွက်ပြီးသား ရန်ကုန်လိုင်စင်ကားများအားလုံး ပုံမှန်ပင် အရောင်းအဝယ်ရှိသော်လည်း ယခင်ကဲ့သို့ ရောင်းအားမြင့်မားလာခြင်းမရှိသည်မှာ ကြာခဲ့ပြီဖြစ်**

အတွက် အခွင့်သာနေချိန် ဖြစ်နိုင်သည်။ သို့သော် လက်ရှိတွင် ဈေးမှာအတက်ဈေးဖြင့် ငြိမ်သက်နေပြီး ပွင့်လင်းရာသီ အရောင်းအဝယ်ကောင်းချိန်တွင် တက်ဈေးကားများသည် အရောင်းအဝယ် အလွန်အားနည်းနေသည်။ ယခုအချိန်တွင် စတီကားများ၊ နံပါတ်ထွက်ပြီးသား ရန်ကုန်လိုင်စင်ကားများအားလုံး ပုံမှန်ပင် အရောင်းအဝယ်ရှိသော်လည်း ယခင်ကဲ့သို့ ရောင်းအားမြင့်မားလာခြင်းမရှိသည်မှာ ကြာခဲ့ပြီဖြစ်သည်။

**ကားဈေးကွက် အရောင်းအဝယ်ပါးနေ**

"အခုကကတော့ ဈေးကွက်အနေအထားပေ့ါ၊ ဘယ်မောင်းကားတွေရဲ့တန်ဖိုးက ဘယ်လိုဖြစ်မလဲဆိုတာမသိဘူး၊ ကိုယ့်အတွက် နည်းနည်းမှကျန်မှာ မဟုတ်ဘူးဆိုရင်တော့ လုပ်ရကိုင်ရတာ ခက်မယ်၊ လက်ရှိ ကားဈေးကွက်ကလည်း အရောင်းအဝယ်ပါးနေတော့ စောင့်ကြည့်နေဆဲပါ"ဟု ကားအရောင်းပြခန်းတစ်ခုမှ ပိုင်ရှင်ဖြစ်သူက ပြောသည်။

**အခွန်စည်းကြပ်ခြင်းများ**

လက်ရှိကားဈေးကွက်အတွင်း လူကြိုက်များ အင်ဂျင်ပါဝါနိမ့် ၁၃၀၀ စီစီ ကားသေးများ၊ အင်ဂျင် ပါဝါ ၆၆၀ စီစီ မီနီထရပ်လေးများ၊ အင်ဂျင်ပါဝါ ၁၅၀၀ စီစီ တက္ကစီများနှင့် အိမ်သုံး အင်ဂျင်ပါဝါ ၁၈၀၀ နှင့် ၂၀၀၀ ကြား မော်တော်ကားများ အရောင်းအဝယ် အနည်းငယ်ရှိနေသော်လည်း ဈေးမှာမူ အမြင့်ပိုင်းတွင်သာရှိကြောင်း သိရသည်။ အခွန်စည်းကြပ်ခြင်းများတွင်လည်း စီအိုင်အက်ဖ် တန်ဖိုးဖြင့် အခွန်စည်းကြပ်မည်မဟုတ်ဘဲ အမှာစာပါ ဈေးနှုန်းအပေါ်တွင်သာ အခွန်စည်းကြပ်မည်ဖြစ်သဖြင့် ပေးဆောင်ရမည့် အခွန်နှုန်းထား မြင့်မားလာနိုင်ခြင်းကြောင့် ၂၀၁၈ ခုနှစ်အတွင်း ဘယ်မောင်းကားများ များများစားစားတင်သွင်းရန် အားမထုတ်ဘဲ လာမည့်ဧပြီတွင် ပြောင်းလဲလာမည့် စီအိုအီးစနစ်ဖြင့် ရန်ကုန်လိုင်စင် ချထားပေးရန် စီစဉ်ဆောင်ရွက်မှုနှင့် နယ်လိုင်စင်ရရှိထားသည့် သက်တမ်း နှစ် ၂၀ ၊ တိုက်ကြေ ယာဉ်အို ယာဉ်ဟောင်း အပ်ကားများအား ရန်ကုန်လိုင်စင်ပြောင်းရန် ခွင့်မပြုတော့သည့် မူဝါဒကိုလည်း စောင့်ကြည့်နေကြဆဲဖြစ်ကြောင်း သိရသည်။

**စတီဈေးနှုန်းများ မြင့်တက်နေ**

ထို့ပြင် လာမည့်ဘဏ္ဍာနှစ်အတွက် အခွန်အခများဆိုင်ရာဥပဒေကို စောင့်ကြည့်နေကြသူ များပြားပြီး ယခုရက်ပိုင်းအတွင်း စတီဈေးနှုန်းများသည်လည်း မြင့်တက်နေပြီး အရောင်းအဝယ်မဖြစ်ကြောင်း သိရသည်။ ။

---

**အချပ်ပို(ခ)မှ**

သူ့ထက်အပြိုင် လမ်းပေါ်ဈေးသည်များ ဖွင့်လှစ်ထားခြင်းကြောင့် လမ်းအတွင်း ဝင်၊ ထွက်သွားလာကြသည့် အများပြည်သူ အခက်အခဲရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် မည်သူမျှ ထိရောက်စွာ ယနေ့တိုင် ရှင်းလင်းဆောင်ရွက်နိုင်မှု မရှိသည့်အတွက် ရန်ကုန်မြို့လယ် လမ်းထိပ်တို့တွင် ဈေးသည်မျိုးစုံ အခြေချရောင်းချနေခြင်းပင် ဖြစ်မည်။

၃၄ လမ်းကျော်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိပြီး ထိုလမ်းထိပ်တွင် ဈေးတန်းပမာ ဖွင့်လှစ်ထားသော ထမင်းဆိုင်တို့ကြောင့် ချောင်ချိစွာ သွားလာနိုင်သော မူရင်းကားလမ်းမှာ ယာဉ်တစ်စီးသွားလာရန်အတွက်ပင် အခက်တွေ့နေရလျက်ရှိသည်။ ထိုလမ်းနှစ်ဖက်ရှိ ကားလမ်းအစပ်တို့တွင် ထမင်းဆိုင်များ စီစီရီရီ ဖွင့်လှစ်ထားလျက်ရှိပြီး လူသွားလမ်းပလက်ဖောင်းပေါ်တွင်လည်း ပလက်ဖောင်းဘေးဈေးဆိုင်များမှ ပလက်ဖောင်းပေါ်ထိ ခုံများချ၍ ဖွင့်လှစ်ထားကြသည့်အတွက် လူတစ်ယောက်စာပင် သွားလာမရအောင် အခက်ကြုံတွေ့နေရလျက်ရှိသည်။ နိုင်ငံခြားသားများလည်း ထိုလမ်းကျဉ်းကျဉ်းပေါ်တွင် မိမိတို့ခန္ဓာကိုယ်ကို ကျုံ့၍ သွားလာနေကြရလျက်ရှိသည်။ ကားလမ်းပေါ် ထမင်းဆိုင်၊ ကွမ်းယာဆိုင်တို့ကြောင့် ပလက်ဖောင်းပေါ်မှ သွားမည်ဆိုသော်လည်း ပလက်ဖောင်းပေါ်တွင်လည်း ဈေးဆိုင်များ တိုးချဲ့ဖွင့်လှစ်ထားသောကြောင့် ရန်ကုန်မြို့တွင်း သွားလာနေကြသော ပြည်သူများတို့မှာ ထိုပလက်ဖောင်းပေါ်တွင်လည်း လမ်းသွားရင်း အသက်ရှူမဝ ဖြစ်နေကြလျက်ရှိသည်။

ရန်ကုန်မြို့လယ်သည် အများပြည်သူသွားလာရာ၊ လေ့လာအပန်းဖြေရာနေရာ အဖြစ် ယနေ့တိုင် စည်ကားနေဆဲဖြစ်သည်။ ဆူးလေလူကူးခုံးကျော်တံတားပေါ်တွင် ကွမ်းတံတွေးများ စွန့်ပစ်ခြင်း၊ မြို့လယ်တွင် တိရစ္ဆာန်များထားရှိခြင်းနှင့် လူသွားလမ်းနှင့်လမ်းထိပ်တို့တွင် ထမင်းဆိုင်၊ ကွမ်းယာဆိုင်၊ မုန့်ဟင်းခါးဆိုင်နှင့် အခြားဈေးဆိုင်များ ဖွင့်လှစ်ခြင်းကြောင့် မြို့ပြအလှကို ထိခိုက်စေလျက်ရှိပြီး အများပြည်သူသွားလာရေး အခက်အခဲ ဖြစ်ပေါ်စေလျက် ရန်ကုန်မြို့၏ အလှကိုလည်း ထိခိုက်စေလျက်ရှိသည်။

ကိုယ်စီကိုယ်စီ စည်းကမ်းလိုက်နာမှု အားနည်းလာခြင်းသည် မိမိမြို့၏ဂုဏ်ကို ထိခိုက်စေခြင်းပင်ဖြစ်သည်။ လွန်ခဲ့သော အတိတ်ကာလ ရန်ကုန်မြို့လယ်ကဲ့သို့ မြို့တွင်း သန့်ရှင်းသာယာလှပလျက် ယာဉ်သွားလာမှုချောမွေ့ကာ အများပြည်သူ သွားလာသော ပလက်ဖောင်းများ စိတ်အေးချမ်းသာစွာ သွားလာနိုင်မှုကို ရန်ကုန်မြို့နေပြည်သူတို့ ပြန်လည်တောင့်တနေကြမည်မှာ အမှန်ပင်ဖြစ်သည်။

သို့ဖြစ်၍ ရန်ကုန်မြို့ပြ ခေတ်မီလှပမှုကို ဆက်လက် ထိန်းသိမ်းသွားနိုင်ရန် ကိုယ်စီကိုယ်စီ စည်းကမ်းလိုက်နာခြင်းဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြပါစို့ဟု ရေးသားလိုက်ရပါသည်။ ။